
www.burmeseclassic.com

NOBEL-MYANMAR
LITERARY FESTIVAL
( Literature for Children ) 2016




# အကြံပိုင်သော ယုန်

## မြန်မာ့ရိုးရာ ပုံပြင်များ

လင်းစန်

သားနဲ့သမီး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

သားနဲ့သမီး စာအုပ်တိုက်

# စာအုပ်အမှတ် (၄၂)

ဤစာအုပ်ကို သားနဲ့သမီး စာအုပ်တိုက်က စီစဉ်ထုတ်ဝေ၍
ဓူဝံစာအုပ်တိုက်မှ တစ်[illegible] တာဝန်ယူ ဖြန့်ချိပါသည်။

BURMESE CLASSIC

ဓူဝံစာအုပ်တိုက်


ဖြန့်ချိရေး — ဓူဝံစာအုပ်တိုက်
အမှတ် ၂၁၂၊ ၃၁ လမ်း (အထက်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၈၅ ၆၉၇၊ ၀၉ ၇၃ ၂၀၃ ၀၃၂။
Email : duwunsarpay31upperst@gmail.com

www.burmeseclassic.com

www.burmeseclassic.com

သားနဲ့သမီး စာအုပ်တိုက်

စာအုပ်အမှတ် - ၄၇



# အကြံပိုင်သော ယုန်

## မြန်မာ့ရိုးရာ ပုံပြင်များ

လင်းစန်

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်**
ဘဌေးကြည်

**မျက်နှာဖုံးနှင့် အတွင်းအပြင်အဆင်**
ကျော်မျိုးသိန်း

**ထုတ်ဝေသူ**
ဦးဝင်းချို (မှုဝ်စာအုပ်တိုက်)
အမှတ် ၂၁၂၊ ၃၁ လမ်း (အထက်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့် အဖုံးပုံနှိပ်**
ဒေါ်ချိုချိုအေး (မှုဝ်ပုံနှိပ်တိုက်)
အမှတ် ၃၃၀-၃၃၁၊ အောက်ပုဇွန်တောင်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၆၊ ဇန်နဝါရီ။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၀၀၀ ကျပ်

လင်းစန် ၃၉၈.၂
အကြိုပိုင်စေသာ ယှက်နှင့် မြန်မာ့ရိုးရာ ပုံပြင်များ / လင်းစန် - ရန်ကုန်။
မှုဝ်စာပေ၊ ပထမအကြိမ်၊ ၂၀၀၆။
၉၈ - စာ၊ ၁၄.၅ စင်တီ x ၂၁ စင်တီ။
(၁) မြန်မာ့ရိုးရာ ပုံပြင်များ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


စာရေးသူ၏ အမှာစာ • ၇
၁။ မှန်လိုက်သည့် ဗေဒင် • ၉
၂။ ခရုနှင့် မြင်း • ၁၃
၃။ နှံ့ပြည့်စုတ်အကြောင်း • ၁၇
၄။ ဘုရင်မင်းနှင့် ကျီးကလေး • ၂၃
၅။ ယုန်နှာခေါင်း ရှုံ့ချည်နှပ်ချည် • ၂၉
၆။ မြင်းခိုးသူနှင့် လူရွှယ်တစ်ဦး • ၃၃
၇။ လင်းတ ဘာကြောင့် ထိပ်ပြောင် • ၃၇
၈။ အကြံပိုင်သော ယုန် • ၄၁
၉။ မင်းကြီး ဖွဲစားသည် • ၄၅
၁၀။ ငမူးနှင့် နပန်းတစ္ဆေ • ၅၁
၁၁။ ညီနောင် နှစ်ဦး • ၅၅
၁၂။ ကျီးနှင့် ခင်ပုတ် • ၅၉
၁၃။ လူသန်ကြီးများ • ၆၃
၁၄။ ကြွက်မလေးအတွက် သတို့သား • ၆၆
၁၅။ သံတူကြီးများ • ၇၁
၁၆။ အုန်းပင်အစ မည်သူက • ၇၇
၁၇။ အဆွေခင်ပွန်း • ၈၃
၁၈။ သမင် ဘာလို့ဟောက် • ၈၇
၁၉။ သူခိုးများနှင့် ရွှေအိုး • ၉၁
၂၀။ လင်းနို့ ဘာကြောင့် ညမှာထွက် • ၉၄


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ

ဤစာအုပ်သည် ဟိုပဝေ ရှေးကတည်းကပင် မြန်မာတို့ အစဉ်အဆက် ပြောဆိုလာခဲ့ကြသည့် ရိုးရာပုံပြင်များစွာထဲမှ သင့်နိုးရာရာ ပုံပမာအချို့ကို ကျွန်ုပ်တို့ ရွေးချယ်စီစဉ်ထားခြင်း ဖြစ်ပါသည်။

ရိုးရာပုံပြင်ဟူသည် တစ်စုံတစ်ဦး တစ်ယောက်ယောက်က သူ၏စိတ်ကူးဖြင့် ဖန်တီးရေးသား၍ ပေါ်ပေါက်လာခဲ့ခြင်းမျိုး မဟုတ်ဘဲ နိစ္စဓူဝ ရပ်ထဲရွာထဲမှာ ဖြစ်လေ့ ဓမ္မတာ ကိစ္စများစွာထဲမှ ထူးခြားသည့် မှတ်သားစရာ အကြောင်းဖြစ်ရပ်အချို့ကို အများသူငါတို့ ပုံပမာ ပြောဆိုလာခဲ့ကြရင်းက စတင်ပေါ်ပေါက်လာသည်ဟု ဆိုနိုင်ခဲ့လိမ့်မည်။ ထိုပုံပမာ ဖြစ်ရပ်တစ်ခုကိုပင် တစ်ဆင့်စကား၊ တစ်ဆင့်နား ဆိုသလို ရှေးမြန်မာတို့ လက်ဆင့်ကမ်း ပြောပြကြရင်း ပုံပြင်တစ်ပုဒ်သည် ပီပြင်ခိုင်မာ လာခဲ့မည်။ ထိုသို့ ပုံပြင်တစ်ပုဒ် ဖြစ်တည်ခိုင်မာလာဖို့ နှစ်သက်စရာ၊ စိတ်ဝင်စားစရာ 'ဇာတ်လမ်း' ရှိရမည်။ ပုံပြင်တစ်ပုဒ်၏ 'ဆိုလိုချက်သည်' ထိုပုံပြင်တွင် အဓိကအားဖြင့် အချက်တစ်ချက်တည်းသာ ရှိတတ်ကြသည်။ ပုံပြင်တစ်ပုဒ်ကို ပြောပြသူက ပြောပြ၍ နားထောင်သူအတွက် လွမ်းစရာဖြင့် လွမ်းစရာ၊ သနားစရာဖြင့် သနားစရာ၊ ရယ်စရာဖြင့် ရယ်စရာ၊ သို့မဟုတ် သင်ခန်းစာယူစရာဖြင့် သင်ခန်းစာယူစရာ စသည်ဖြင့် ခံစားမှု၊ အသိ၊ သံဝေဂ 'တစ်ခုခု'ကို ပေးနိုင်စွမ်းရမည် ဖြစ်ပေသည်။

ရိုးရာပုံပြင်တစ်ပုဒ်တွင် အဓိကက ဇာတ်လမ်း'ကျောရိုး'ရှိ၍ ၎င်းဇာတ်လမ်းတွင် ပါဝင်သည့် ဇာတ်ဆောင်များ၏ အကောင်း၊ အဆိုး 'စရိုက်လက္ခဏာ'ကိုလည်း ဖော်ညွှန်းလေ့ ရှိကြသည်။ ရိုးရာပုံပြင်တစ်ပုဒ်တည်းကိုပင် ပြန်ပြောကြသူတွေကလည်း အများကြီးပဲဖြစ်ကာ ထိုအထဲတွင် သားသား၊ မီးမီးတို့၏ ညအိပ်ရာဝင် ပုံပြောပြသည့် မိခင်တို့လည်း အပါအဝင် ဖြစ်လေသည်။

ရှေးရိုးရာပုံပြင်များကို ထိုသို့ နှုတ်အားဖြင့် ပြန်ပြောင်း ပြောပြကြသူများသာမက စာနှင့် ပေနှင့် ပြန်လည်ရေးသား ပြုစုကြသူများလည်း ခေတ်အဆက်ဆက်

www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိခဲ့ကြရာ ပုံပြင်တစ်ပုဒ်ကို မည်သူက မည်သည့်ပုံစံဖြင့် ပြန်ပြောကြသည် ဖြစ်စေ ...

၁။ အဓိက ဇာတ်လမ်းကျောရိုး

၂။ ပါဝင်သည့် ဇာတ်ဆောင်များ၏ အဓိက စရိုက်လက္ခဏာ

ငင်းအချက် နှစ်ချက်ကိုမူ ပြုပြင်ပြောင်းလဲလိုက်၍ မဖြစ်ပေ။

ဥပမာ – မြန်မာ့ရိုးရာပုံပြင်များထဲတွင် လူသိအများဆုံးထဲမှ တစ်ပုဒ်ဟု ဆိုနိုင်မည့် 'ရွှေယုန်နှင့် ရွှေကျား' ပုံပြင်တွင် သူတို့နှစ်ဦး သက်ငယ်ရိတ်သွားကြပုံ၊ ရွှေယုန်၏ ကောက်ကျစ်စဉ်းလဲမှုကို ခပ်ရိုးရိုးနေတတ်သည့် ရွှေကျားခမျာ ခံရရှာပုံ၊ သို့ရာတွင် ရွှေယုန် ဒုက္ခနှင့်ကြုံရသည့်အခါ ရွှေကျားသည် မိတ်ဆွေပီသစွာဖြင့် ရွှေယုန်အား ကယ်တင်ပေးပုံ စသည်ဖြင့် ပုံပမာ ငင်းဇာတ်လမ်းကို ဆင်ယင်ထားလေသည်။ ထိုပုံပြင်ကို ပြန်ပြောင်းပြောပြသူ မည်သူပင်ဖြစ်စေ ပုံပြင်တင်ဆက်မှု၊ စကားပြောခန်း၊ ရှုခင်းမြင်ကွင်းများအား လိုသလို တန်ဆာဆင် တင်ဆက်နိုင်သည့်တိုင် ငင်း 'ရွှေယုန်နှင့် ရွှေကျား'ရှိ ဖော်ပြပါ ဇာတ်လမ်းကျောရိုးနှင့် ဇာတ်ဆောင်တို့၏ အကောင်းအဆိုး စရိုက်လက္ခဏာနှင့် မကွဲလွဲစေဘဲ ပြောပြရမည့် ဝတ္တရား ရှိပေသည်။

ကျွန်ုပ်တို့ စီစဉ်တင်ဆက်သည့် ဤပုံပြင်စာအုပ်သည် မြန်မာ့ရိုးရာပုံပြင်များကို ချဉ်းကပ်ပုံအသစ်တစ်ခုဖြင့် ရေးသားထားသည့်တိုင် အထက်ဖော်ပြပါ ပုံပြင်ပြောသူတို့ လိုက်နာအပ်သည့် 'မူ နှစ်ချက်'ကို အခြေခံလျက် ဖန်တီးထားသည့် လက်ရာ ပုံပမာဇာတ်လမ်းလေးများသာ ဖြစ်ပါသည်။

ဤပုံပြင်တို့သည် အခြေခံပညာ အလယ်တန်းနှင့်အထက် အသက်အရွယ်အားဖြင့် ဆယ်ကျော်သက်ဝန်းကျင် လူရွယ်လေးတို့အတွက် ရည်ရွယ်ကာ ရိုးရှင်းပြေပြစ်သည့် ဇာတ်လမ်းဆင်မှု၊ တည်ငြိမ်သည့်စကားကျ၊ အနည်းငယ်ရင့်ကျက်သည့် စာပေဟန်ပန်တို့ဖြင့် ရေးသားထားခြင်း ဖြစ်ပါသည်။ ထို့ပြင် ဤစာအုပ်ပါ ပုံပြင်တိုင်းတွင် ဆေးရောင်စုံ သရုပ်ဖော်ပုံလေးများကိုယ်စီ ဝေဝေဆာဆာ ရိုက်နှိပ်ဖော်ပြထားသဖြင့် ငယ်ရွယ်သော စာဖတ်သူလေးများ ကျေနပ်နှစ်သက်ကြမည်ဟု ကျွန်ုပ်တို့ ထင်မြင်ယူဆမိပေသည်။

လင်းစန်

ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



မှန်လိုက်သည့် ဗေဒင်

www.burmeseclassic.com

www.burmeseclassic.com

# မှန်လိုက်သည့် ဗေဒင်

တစ်ခါက အညာဒေသရှိ ကျေးရွာတစ်ရွာတွင် နွေဦးပေါက်ပြီဆိုသည်နှင့် နေက လောင်၊ ရေက ရှား ပူပြင်းခြောက်သွေ့နေသည်မှာ လွန်ပါရော။

အခုဆိုလျှင် တစ်ရွာလုံးက အားထားကြရသော ရွာထိပ်က ရေကန်ကြီးမှာ ရေတွေခန်းခြောက်ပြီး ပပ်ကြားအက်တွေ ဗရပွနှင့် ဖြစ်နေလေပြီ။ ရွာအနီးက ဖြတ်သွားသော ချောင်းရိုးကလေးသည်လည်း ရေမစီးနိုင်တော့ဘဲ တုန့်ခနဲ ရပ်သွားလေပြီ။

ရေကန်ကြီးအနီးက သောက်ရေတွင်းတစ်တွင်းမှာ မဆိုစလောက် စိမ့်ထွက်နေသည့် ရေကလေးရှိနေသေး၍ တော်ပေသေးသည်။

လုံမလေးတစ်ဦးက 'ဟူး ... ရေတစ်အိုးရဖို့ စောင့်ခပ်လိုက်ရတာ အချိန် အကြာကြီးမှ အကြာကြီးပါတော် ...'ဟု ပြောသည်။

'ညနေစောင်းကတည်းက ကျွန်မ ရေခပ်ထွက်သွားတာ မိုးချုပ်သန်းခေါင်ကျမှ အိမ်ပြန်ရောက်တာလေ။ အဲ ... အမေက ကျွန်မကို ခိုးရာလိုက်ပြေးသွားပြီ ထင်နေတာတဲ့ ... တော်ရေ'

လူတွေအတွက် သောက်သုံးရေ အနည်းငယ်ရှိသော်လည်း အိမ်မှာ မွေးမြူထားသည့် နွား၊ သိုးနှင့် ဆိတ်လိုမျိုး သတ္တဝါလေးတွေအတွက် တိုက်ကျွေးစရာ ရေလက်ကျန် မရှိတော့ပေ။

ရွာသားတစ်ဦးက 'သိပ်ပြီးတော့လည်း စိတ်မပူကြပါနဲ့ဗျို့ ...'ဟု ဆိုသည်။

'ဒီနှစ် သင်္ကြန်စာထဲမှာ သင်္ကြန်မိုးကြီး တဖြုန်းဖြုန်း ရွာချမယ်လို့ ဟောထားတယ် ဆိုပဲ။ အဲ ... ကျုပ်လည်း နားစွန်နားဖျား ကြားခဲ့ရတာပါ'

အခုဆိုလျှင် နှစ်ကူး တန်ခူးလဆန်းသို့ ရောက်လာပြီ။

အတာပွဲတော် ကျင်းပရာ သင်္ကြန်ချိန်သို့ နီးကပ်လာချေပြီ။

ရွာသူရွာသားအချို့သည် မိုးပေါ်သို့ တမော့မော့ လှမ်းကြည့်ကြပြီး 'ဟို ... မိုးပေါ်မှာ ဘယ်ကိုလှမ်းကြည့်ကြည့် ဘာမိုး၊ ဘာတိမ်မှ မမြင်ရသေးပါဘူးဟေ့'ဟု ညည်းကြလေသည်။

'မိုးတွေ တဖြုန်းဖြုန်းရွာချမယ်ဆိုတာ မဖြစ်နိုင်ဘူးကွ။ အဲဒီသင်္ကြန်စာက စာကလေးဗေဒင်လောက်တောင် မမှန်ပါဘူးကွာ'

www.burmeseclassic.com

www.burmeseclassic.com



မိုးကို မျှော်သူများထဲတွင် ရွာထဲက ဘုစုခရု ကလေးများလည်း အပါအဝင် ဖြစ်ကြသည်။ သူတို့သည် 'မိုးရယ် ... ရွာပါတော့ ... ကျီးကန်းတမော့မော့ ...' ဟု သီချင်းသံပြိုင် အော်ဆိုနေကြလေသည်။

ရှေ့မီနောက်မီ အဘိုးအိုတစ်ဦးက 'မိုးရွာစေချင်ရင် လွန်ဆွဲကြရတယ်ကွဲ့။ မင်းတို့ပြောသလို တဖြုန်းဖြုန်းမကပါဘူး၊ မိုးတွေ တဝုန်းဝုန်းနဲ့ကို ရွာချပါလိမ့်မယ်'

ရွာသူရွာသားများသည် ထိုအဘိုးအို မိန့်သည့်အတိုင်း လွန်ဆွဲပွဲကို တပျော်တပါး ကျင်းပကြသည်။ ထိုပွဲတွင် ပါဝင်ဆင်နွှဲကြသူများမှာ ရွာထဲက လူတွေ ပျိုပျိုအိုအို ...၊ နောက်ပြီးတော့ ကလေးတွေရော စုံလို့ပါပဲ။

သူတို့သည် တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် အနိုင် လွန်ဆွဲကြရင်း မိုးခေါ်ကြလေသည်။ လူရွယ်တစ်ဦးက 'ကျုပ်တော့ လွန်ဆွဲရင်း အရှိန်လွန်ပြီး ဒူးပြဲသွားပြီဗျို့'ဟု ပြောသလို လုံမလေးတစ်ဦးကလည်း 'ကျွန်မတို့လည်း လွန်ပွဲနွှဲရင်း လက်မောင်းတွေ ပြုတ်ထွက်မတတ်ပါပဲ'ဟု ဆိုလေသည်။

ပင်ထက်ယံမှ ငှက်ဝါနှင့် ပိတောက်ဖူးကလေးများကလည်း 'မနက်ဖြန်၊ သဘက်ဆိုရင် သင်္ကြန်ကျတော့မှာလေ။ ကျွန်မတို့လည်း ကိုရွှေမိုးကို မျှော်နေကြပါတယ်ရှင်'ဟု ပြောကြလေသည်။ သင်္ကြန်မိုးကလေး တစ်ပြိုက်၊ နှစ်ပြိုက်ပင် ရွာကျမလာသဖြင့် ရွာသူရွာသားတွေခမျာ မျှော်တော်ဇောနှင့် မောနေကြလေပြီ။

ထိုအချိန်တွင် ရွာထိပ်က ဇရပ်ကြီးဆီသို့ ဦးတည်၍ ပိုးပဝါခေါင်းပေါင်းနှင့် လူတစ်ယောက် လျှောက်လာလေသည်။ သူသည် ဗေဒင်ဆရာတစ်ဦးဖြစ်၍ ရွာစဉ်လှည့်လည် ဟောပြောရင်း ဤရွာကလေးသို့ ရောက်လာခြင်း ဖြစ်လေသည်။

နေပူထဲက လာခဲ့သည့် သူ့ခမျာ ချွေးတပြိုက်ပြိုက် ကျနေပြီး တော်တော်လေး ပူအိုက်နေပုံရသည်။ သူသည် ဇရပ်ကြီးပေါ်တွင် ထိုင်ချလိုက်ပြီး အခုလို ညည်းသည်။

'ဟူး ... မိုးပေါ်မှာ နေတစ်လုံးတည်းရှိလို့ တော်ပါသေးရဲ့ဟေ့။ ဒါတောင် ဒီနေလေး တစ်လုံးတည်းနဲ့ လူတိုင်းစေ့အောင် ပူနိုင်၊ အိုက်နိုင်ပါလားကွယ်ရို့ ...'

သူသည် ပိုးပဝါကို ပြင်၍ပေါင်းလိုက်ပြီး ဗေဒင်လာမေးမည့်သူကို စောင့်မျှော်နေရှာသည်။ သို့ရာတွင် သူ မျှော်နေသည့် ဗေဒင်မေးသူ တစ်ဦးတလေမျှ ပေါ်မလာဘဲ ရေအရှာထွက်သူ ရှဉ့်ညိုလေးတစ်ကောင်သာ သူ့အနားမှာ ပေါက်ချလာသည်။

သူက 'ဟေ့ ... ရှဉ့် ...၊ မောင်ရှဉ့်ညိုရေ ...၊ ငါ့ဆီမှာ မင်းတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com


ဗေဒင်လာကြည့်တာလားကွ’ဟု ခပ်ပြုံးပြုံး ပြောသည်။

‘ငါက မဟောဘူးဆိုရင် လုံးဝမဟောဘူး။ အေး ... ဟောပြီဆိုရင်တော့ ဒိုးဒိုးဒေါက်ဒေါက်နဲ့ ဒက်ခနဲ ဟောတတ်တယ်ဟေ့’

ထိုရှဉ့်ညိုလေးသည် ဗေဒင်ဆရာတစ်ယောက် ဘာတွေလျှောက်ပြောပြီး နေပါလိမ့်ဟု တွေးလေသည်။ သူသည် ဗေဒင်ဆရာအား ကြောင်တောင်တောင် ကြည့်၍ အနီးအနားက သစ်ပင်တစ်ပင်ပေါ်သို့ ပြေးတက်သွားလေသည်။

ပျင်းနေသော ဗေဒင်ဆရာသည် သူ့မှာ လုပ်စရာ မည်မည်ရရမရှိသဖြင့် သူ့ခေါင်းမှာပတ်ထားသည့် ပဝါစကို ဖြည်လိုက်၊ ပြီးတော့ ပြန်ပေါင်းလိုက် လုပ်နေလေသည်။ ရွာထဲမှာတော့ သကြံန်မိုး ခေါ်နေကြသည့် ရွာသူရွာသားများသည် လွန်ဆွဲပွဲကို ရပ်လိုက်ကြလေပြီ။ ထို့နောက် သူတို့ ဘာဆက်လုပ်ရမည်ကို ခေါင်းတကုပ်ကုပ်နှင့် စဉ်းစားနေကြလေသည်။

ထိုစဉ် သျှောင်ပေစူးနှင့် ကောင်လေးတစ်ယောက် အပြေးကလေး ရောက်လာပြီး ‘ဟို ... ဟို ... ရွာထိပ်က ဇရပ်ကြီးပေါ်မှာ ...’ဟု အမောတကော ပြောသည်။

‘အဲဒီ ဇရပ်ကြီးပေါ်မှာ ဗေဒင်ဆရာတစ်ယောက် ငုတ်စူစူလေး ထိုင်နေတာ တွေ့ခဲ့တယ်ဗျို့ ...’

ထိုအခါ ရွာသားတစ်ဦးက ‘အဲဒါဆို ဟန်ကျပြီဟေ့’ဟု အော်ပြောသည်။

‘သကြံန်မိုးလေး တစ်ပြိုက်၊ နှစ်ပြိုက် ရွာနိုင်မလားလို့ သူ့ဆီ ဗေဒင်သွားမေးကြရင် ကောင်းမယ်ထင်တယ်ကွ’

သို့နှင့် သူတို့သည် ဇရပ်ကြီးပေါ်တွင် ငုတ်စူစူလေး ထိုင်နေသည်ဆိုသော ဗေဒင်ဆရာထံသို့ သွားမေးကြမည်ဟု သဘောတူကြလေသည်။

အခုဆိုလျှင် ထိုဗေဒင်ဆရာ၏အနီးမှာ ဝိုင်းအုံနေကြသည့် လူတွေ ကြက်ပျံမကျ ဖြစ်နေပြီး တကယ့်ကို များဆိုမှ များပါပဲ။

ရွာလူကြီးက ‘အဲ ... လာရင်းကိစ္စက ဒီလိုပါဗျို့’ဟု စပြောသည်။

‘ကျုပ်တို့ရွာမှာ ပူလိုက်တဲ့နေ ဆိုတာကလည်း မပြောပါနဲ့တော့ဗျာ။ အဲ ... နေပူတော့ ရွာထိပ်က ရေကန်ကြီးမှာ ရေတွေ ခန်းသွားတယ်ဗျာ။ ရွာနားလေးက ချောင်းရိုးထဲမှာလည်း ရေတွေ မရှိတော့ပါဘူးဗျို့’

ဗေဒင်ဆရာက ‘အဲ ... လိုရင်းကိုသာ ပြောပါဗျာ’ဟု ပြောသည်။

ထိုအခါ ရွာလူကြီးက ‘ဟုတ်ပါရဲ့။ လိုရင်းက ဒီလိုဗျို့ ...’ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရေကန်ကြီးနားက သောက်ရေတွင်းထဲမှာ မဆိုစလောက် ရေကလေးစိမ့်ပြီး ထွက်နေသေးလို့ တော်သေးတာပေါ့ဗျာ။ ရေခပ်ဆင်းတဲ့ ကလေးမလေးတွေဆိုရင် သနားစရာပါဗျာ။ ရေလေးတစ်အိုးရဖို့ ဟို . . . ညသန်းခေါင်လောက်အထိ စောင့်ခပ်ကြရပါတယ်'

ထိုအခါ ဗေဒင်ဆရာက 'အဲ . . . လိုရင်းသာ ပြောပါဗျို့'ဟု ပြောသည်။

ရွာလူကြီးဖြစ်သူက 'အင်းလေ၊ တိုရှင်းက ဒီလိုပါဗျ'ဟု ပြောသည်။

'အဲဒီလိုမျိုး ကလေးတွေကအစ မိုးရယ် ရွာပါတော့ သီချင်းတကြော်ကြော် အော်ဆိုနေကြပြီပေါ့။ အဘိုးအိုတစ်ယောက်က လွန်ဆွဲရင် မိုးတွေ တဝုန်းဝုန်းရွာမယ် ပြောနေပြန်ရော။ ဒါပေမဲ့ မိုးကတော့ တစ်ပေါက်မှ ကျမလာပါဘူးဗျို့'

ထို့နောက် သူက အခုလို ဆက်၍ပြောလေသည်။

'ဒီတော့ ဆရာရယ် . . . ကနေ့ မနက်ဖြန်ဆိုသလို သကြိန်မိုးကလေးများ ရွာနိုင်၊ မရွာနိုင် သိချင်လို့ ဗေဒင်လာမေးကြတာပါပဲဗျို့'

ဗေဒင်ဆရာက 'ကျုပ်ဆီကို ဗေဒင်လာမေးရင် လိုရင်းနဲ့ တိုရှင်း မေးတာကိုပဲ ကြိုက်ပါတယ်ခင်ဗျ'ဟု ဆိုသည်။

'ကျုပ်က ဟောပြီဆိုရင်လည်း ဒိုးဒိုးဒေါက်ဒေါက်နဲ့ ဒက်ခနဲ ဟောတတ်တယ်ဗျ'

သို့နှင့် ဗေဒင်ဆရာသည် သူ၏ ကျောက်သင်ပုန်းပေါ်တွင် တဂျစ်ဂျစ်နှင့် ရေးခြစ်နေရင်း ပါးစပ်မှလည်း တတွတ်တွတ် ရွတ်ဆိုလေသည်။

မကြာမီ သူသည် ခေါင်းမော့လာပြီး 'အဟမ်း . . . မှ'ဆိုကာ သူ့ဗေဒင်ကို စ၍ဟောသည်။

'အဲ . . . ကနေ့ မနက်ဖြန်ဆိုသလို မိုးအခြေအနေက သဲသဲသော် လည်းကောင်း၊ ဖွဲဖွဲသော်လည်းကောင်း၊ မ . . . မ . . . မရွာဘဲသော်လည်းကောင်း နေပါလိမ့်မယ်ဗျို့'

ထိုအခါ ရွာသူရွာသားများခမျာ ပါးစပ်အဟောင်းသား ဖြစ်သွားကြပြီး နောက်တော့ သူတို့ ပြုံးလာကြသည်။

ရွာလူကြီးက မချိုမချဉ်မျက်နှာဖြင့် 'ဆရာ ဟောချလိုက်တာကတော့ ဒိုးဒိုးဒေါက်ဒေါက်နဲ့ ဒက်ခနဲ တဲ့တိုးကြီးပါပဲဗျို့'ဟု ပြောသည်။ ထိုစဉ် အနားမှာရှိနေသည့် ရှဉ့်ညိုလေးသည် ခစ်ခနဲ ရယ်ရင်း ပြေးထွက်သွားလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ခရုနှင့် မြင်း

www.burmeseclassic.com

www.burmeseclassic.com

# ခရုနှင့် မြင်း

စားကျက်ကောင်းသော မြေရှိ တောလမ်းတစ်နေရာတွင် ခရုနှင့် မြင်းတို့ တွေ့ဆုံမိကြလေသည်။ မြင်းသည် သူ့ရှေ့မှ တရွေ့ရွေ့နှင့်သွားနေသော ခရုအား 'ဒီမှာ မောင်ရင်ရေ ...'ဟု ခပ်ပြုံးပြုံးလေး လှမ်းခေါ်သည်။

'ငါ့ရှေ့က မင်းနေချင်သပဆိုရင် သုတ်သုတ်လေး သွားပေးပါဟ့။ နှေးတုံ့နှေးတုံ့ လုပ်နေရင်တော့ အမြန်သမားသွားဖို့ လမ်းဖယ်ပေးရမယ် ခရုရေ ...'

ခရုသည် စိတ်တိုတတ်သူလေးတစ်ဦးဖြစ်သည်။

အကောင် ခပ်သေးသေး၊ ခပ်ညှက်ညှက်ကလေးတွေ ဘာဖြစ်လို့ လူပု စိတ်တိုသူတွေ ဖြစ်နေတတ်ကြသလဲ။ အခုပဲ ကြည့်ပါဦး။ သူ့ကို မြင်းက ပမာမခန့်နှင့် မလေးမစား ပြောလာပြီ မဟုတ်လား။ အဲဒီလို မကြာခဏ အပြောခံရတာများလာ၍ သူတို့တစ်တွေ စိတ်တိုတတ်လာကြခြင်း ဖြစ်မည်။

ထိုအခါ ခရုက 'အောင်မာ ...၊ ငါတို့ကို အနှေးသမားတွေလို့ မင်း ထင်မိရင် မှားမှာပေါ့'ဟု တုံ့ပြန်ပြောသည်။

'ငါတို့ ခရုတွေဟာ တကယ်တမ်းမှာ အမြန်သမားတွေပါဟ့ ...။ ဒါပေမဲ့ အလကားနေရင်းတော့ မင်းတို့လို ပြေးလိုက်လွှားလိုက်နဲ့ ဟောဟဲ ... ဟောဟဲ ဖြစ်မနေနိုင်ဘူးဟေ့ ...'

လေကြီးမိုးကြီးပြောနေသည့် ခရု၏စကားကို မြင်းက ကြားပြီးနောက် တဟီးဟီးနှင့် ရယ်လေသည်။ အခုလို မြင်းက ရယ်လျှင် ခရုလေးတစ်ကောင် ပို၍ စိတ်တိုသွားတော့သည်။

'ငါပြောတာကို မင်းက မယုံဘူးပေါ့လေ'ဟု အော်ပြောသည်။

'ဒါဆိုရင် မနက်ဖြန်မနက်မှာ မင်းနဲ့ ငါ အပြေးပြိုင်ကြမလားဟေ့။ ဒီနေရာ တောလမ်းမှာ တစ်ပွဲတစ်လမ်း အကဲစမ်းကြမယ် မြင်းရေ ...'

ဘာမဟုတ်သည့် ခရုပိစိကွေးလေးက စိန်ခေါ်လာသဖြင့် မြင်းသည် မဆိုင်းမတွပင် 'အင်းပါ ... အင်းပါ ... ကွာ'ဟု ပြော၍ ခေါင်းညိတ်ပြလေသည်။

'ဒါပေမဲ့ ရယ်ချင်လွန်းလို့ တစ်ခါလောက် ငါ့ကို အားရပါးရလေး ရယ်ခွင့် ပေးပါဦး ခရုရေ ...။ ကိုယ့်ကိုယ်ကိုယ် ကလိထိုးပြီး ရယ်ချင်လို့ပါဟ ...'

အခုလိုပြောပြီးနောက် မြင်းသည် ဟီးဟီးဟားဟားနှင့် အူတက်မတတ် ရယ်

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ပြီးတော့ သူက 'မနက်ဖြန်မှာ ပြေးပွဲရှိတာကို မင်း မမေ့ပါနဲ့။ *ပြောပြီး စလစ်ပဲ*။ စကားကိုပြောပြီးရင် မင်း ပြင်လို့မရတော့ပါဘူး'ဟု ဆိုကာ တောလမ်းတစ်လျှောက် ပြေးသွားလေတော့သည်။

ခရုသည် လှောင်ပြောင်တတ်သူ မြင်း၏ရယ်သံကို မကြားချင်ယောင်ဆောင်ကာ ထိုနေရာမှ လှည့်ပြန်လာလေသည်။ သူသည် အိမ်သို့အပြန် လမ်းတစ်လျှောက်တွင် မြင်းကို မည်သို့အနိုင်ယူနိုင်မလဲဟု တတွေးတွေးတောတော လုပ်နေလေတော့သည်။ မကြာမီ အကြံကောင်းတစ်ခု သူ ရလာပြီး 'ဟုတ်တယ်။ မနက်ဖြန်လုပ်မယ့် ပြေးပွဲမှာ သူ့ကို သေချာပေါက် အနိုင်ရဖို့ ဒီနည်းလမ်းဟာ အကောင်းဆုံးပဲ'ဟု တစ်ယောက်တည်း ပြောသည်။

နေအိမ်သို့ သူ ပြန်မရောက်မီ လမ်းခုလတ်တွင် ညီအစ်ကို ခရုတစ်ကောင်နှင့် တွေ့မိကြသည်။ သူသည် ညီအစ်ကိုဖြစ်သူအား မနက်ဖြန်မှာ ပြုလုပ်မည့် မြင်းနှင့် ခရု အပြေးပြိုင်ပွဲအကြောင်း ရှင်းပြသည်။

ခရုက 'ဒါပေမဲ့ ဒီပွဲမှာ ငါတစ်ယောက်တည်းနဲ့တော့ မြင်းကို နိုင်နိုင်မှာ မဟုတ်ဘူးပေါ့'ဟု ဆိုသည်။

'ငါ့ကို တို့ခရုတွေ အများက အကူအညီပေးကြမယ်ဆိုရင် သေချာပေါက် အောင်ပွဲခံမှာပါ။ အဲ ... ငါ့မှာ အကြံကောင်းတစ်ခု ရှိထားလို့ပါဟေ့ ...'

ညီအစ်ကို ခရုသည် ထိုပြောစကားများကို လုံးစေ့ပတ်စေ့ နားထောင်ပြီးနောက် အခုဆိုလျှင် သူတစ်ယောက် စိတ်အားတက်ကြွလာသည်မှာ လွန်ပါရော။

သူက 'ဒီစားကျက်မြက်ခင်းမှာ ငါဟာ ကာလခေါင်းတစ်ယောက်ဆိုတာ မင်းသိပြီးသားဖြစ်မှာပေါ့'ဟု စပြောသည်။

'တို့ ခရုအားလုံးက မင်းလိုသမျှ အကူအညီပေးဖို့ရာ ငါ တာဝန်ယူပါတယ်။ သေးသေးညှက်ညှက် ခရုလေးတွေဆိုပြီး မြင်းက ပမာမခန့်လုပ်တာကိုတော့ ငါတို့တွေ ငြိမ်ငြိမ်လေးနဲ့ ငုံ့ခံနေစရာ မလိုပါဘူး'

ထို့နောက် မြင်းကို စိန်ခေါ်လာသူ ခရုသည် သူ တွေးထားသည့် အကြံနှင့် သူ၏အစီအစဉ်ကို အခုလို ပြောပြသည်။

'... ပြေးပွဲမှာ သူ ဘယ်လောက်ပဲ အပြေးမြန်မြန် သူ့ရဲ့ရှေ့မှာ ခရုတစ်ကောင်ဟာ အမြဲရောက်နေမယ်။ မျိုးတူရိုးတူ၊ ပုံစံတူ ခရုလေးတွေကို သူ ဘယ်လိုမှ ခွဲခြားပြီးမသိနိုင်ဘူး။ တို့ခရုတစ်ကောင်ဟာ သူ့ရှေ့ကနေ ဦးဆောင်ပြေးနေသလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့မှာပေါ့'

ကာလသားခေါင်းဖြစ်သူ ခရုက 'မင်းရဲ့အကြံ ပိုင်ပါပေ့ကွာ'ဟု ခေါင်းတညိတ်ညိတ်နှင့် ဆိုလေသည်။ သို့နှင့် သူတို့နှစ်ဦးသည် ရွာဆော်ကြီးဖြစ်သူ ခရုထံသို့ သွားကြပြီး မနက်ဖြန်မှာ ကျင်းပမည့် ခရုနှင့် မြင်းတို့၏ အပြေးပြိုင်ပွဲအကြောင်း ရှင်းပြသည်။ ရွာဆော်ကြီးသည် ဤကိစ္စတွင် ဘာမဆို အကူအညီပေးမည်ဟု အားတက်သရော ပြောလေသည်။

သူက 'ငါဟာ ဖိုးပြောချင်တစ်ယောက် ဖြစ်တယ်ဆိုတာ မင်းတို့ သိပြီးသားဖြစ်မှာပါကွာ'ဟု စပြောသည်။

'တို့ခရုတွေကြားမှာ ဒီသတင်းပလင်း ပြန့်သွားဖို့ ငါ့တာဝန်ထားပါဟေ့။ နှေးနှေးကွေးကွေး ခရုလေးတွေဆိုပြီး မြင်းက မလေးမစားလုပ်လာတာကို ငါတို့တစ်တွေ ကုပ်ကုပ်လေးနဲ့ ခေါင်းငုံ့နေစရာ မလိုပါဘူး'

ထို့နောက် ရွာဆော်ခရုသည် အိမ်ပေါက်စေ့သို့သွားရောက်ကာ ဤအကြောင်းကို ရှင်းပြလိုက်၊ နှိုးဆော်လိုက် လုပ်နေလေတော့သည်။ အိမ်တိုင်းကပင် ခရုနှင့် မြင်းတို့၏ စိန်ခေါ်ပွဲတွင် စိတ်ရောကိုယ်ပါ ကူညီပေးမည်ဟု ပြောကြလေသည်။

'တို့ခရုလေးတွေဟာ အနုညာတလေးတွေ မဟုတ်ဘူးလို့ မြင်းတစ်ယောက် နားလည်သွားစေရမယ်ဟေ့ ...'

'ကိုယ့်ကိုယ်ကိုယ် ကလိထိုးပြီး ရယ်ချင်တဲ့ မြင်းတော့ ငိုမဲ့မဲ့လေး ဖြစ်သွားစေရမယ်ဟေ့ ...'

'ငါတို့ ခရုတွေဟာ လေကြီးမိုးကြီး ပြောတတ်ကြသလို ပြောသလိုလည်း လုပ်တတ်ကြတယ်ဆိုတာလည်း မှတ်ထားစမ်းပါ မြင်းပေါက်ကလေးရေ ...'

သို့နှင့် ထိုညနေတွင် စိန်ခေါ်သူ ခရု၊ ကာလသားခေါင်း ခရုနှင့် ရွာဆော်ကြီး ခရုတို့သည် မြက်ခင်းစားကျက်မှ ခရုအပေါင်းကို ဦးဆောင်ကာ ပြိုင်ပွဲကျင်းပမည့် တောလမ်းဆီသို့ တရွေ့ရွေ့ ခရီးနှင်ကြလေသည်။

ပြိုင်ပွဲစတင်မည့်နေရာမှသည် ဟို ... ပန်းဝင်မည့်နေရာအထိ ယာမြေ နှစ်ကွက်၊ သုံးကွက်စာ အကွာအဝေးတိုင်းတွင် ခရုတစ်ကောင်၊ တစ်ကောင်စီ နေရာယူထားကြသည်။ သူတို့အားလုံးပင် လမ်းဘေးရှိ သစ်ရွက်သစ်ခက်လေးများနှင့် မြက်ပင်ကလေးများ၏ အောက်တွင် တိတ်တဆိတ် ဝင်ခိုနေကြသည်။

ပြီးတော့ နံနက်မိုးသောက်ချိန်ကို သူတို့တစ်တွေ ရင်တဖိုဖိုနှင့် စောင့်စားနေကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့အရပ်ဆီမှ နေလုံးကြီးလည်း ထွက်လာပါလေရော။ မြင်းသည် တဟီး ဟီး တဟားဟားနှင့် တောလမ်းဆီသို့ အပြေးကလေး ရောက်လာလေပြီ။

တာထွက်မည့်နေရာမှာ ရောက်နှင့်နေသည့် ခရုတစ်ကောင်က 'မင်္ဂလာပါ မြင်းရေ ...'ဟု ပြော၍ သူ့ကို ခပ်ပြုံးပြုံးနှင့် တုံ့ပြန်နှုတ်ဆက်လေသည်။

မြင်းက 'ခရုရေ ... တာထွက်တဲ့နေရာက ဒီနေရာတော့ ဟုတ်ပါပြီ။ တာ အဆုံးကို ပြောစမ်းပါဦးကွ'ဟု ဆိုသည်။ ထိုအခါ ခရုက 'ဒီတောလမ်းတစ်လျှောက် မှာ မင်းနဲ့ တစ်ဦးဦးက မောပြီး အရှုံးပေးလိုက်ရတဲ့နေရာဟာ တာဆုံးပဲပေါ့'ဟု ပြောသည်။

သို့နှင့် ခရုနှင့် မြင်းတို့၏ ပြေးပွဲကြီး စတင်လေပြီ။

ယာကွက်တစ်ကွက်စာ၊ နှစ်ကွက်စာနေရာသို့ ရောက်သောအခါ ပုံစံတူ ခရု လေးက မြင်း၏ရှေ့မှ ပြေးနေရင်း 'မလျှော့တမ်းပဲ ပြေးထားပါ မြင်းရေ ...'ဟု အော်ပြောသည်။ မြင်းက 'မင်းကို ငါမနိုင်ဘူးဆိုရင် မြင်း ရာဇဝင်ရိုင်းသွားမှာပေါ့' ဟု တုံ့ပြန်ပြောသည်။ ထို့နောက် သူသည် ထိုခရုလေးကို ဝုစ်ခနဲ ကျော်တက်သွား လေသည်။ နောက်ထပ် ယာကွင်းတစ်ကွက်စာ၊ နှစ်ကွက်စာ အကွာတွင်လည်း ခရုက နောက်မှပြေးလာနေသူ မြင်းကို လှမ်း၍ နှုတ်ဆက်ပြန်သည်။ မြင်းက 'ဟော့ ... ခရု၊ မင်းတစ်ယောက် ပြေးနေတုန်းပဲလားကွ'ဟု မယုံနိုင်သလို လှမ်းအော်ပြောလေသည်။ ဤတောလမ်းတစ်လျှောက်တွင် မျိုးတူရိုးတူ၊ ပုံစံတူ ဖြစ်သည့် ခရုလေးတစ်ကောင်၊ တစ်ကောင်က မြင်း၏ရှေ့မှ ပြေးနေမြဲပင် ဖြစ် တော့သည်။


နောက်ဆုံးတွင် မြင်းခမျာ ဘယ်လိုမှ ဆက်၍မပြေးနိုင်တော့ဘဲ လမ်းဘေး တစ်နေရာတွင် လဲကျသွားတော့သည်။ ထိုအချိန်တွင် သူ့ရှေ့မှာရောက်နေသည့် ခရုလေးက 'မြင်းရေ ...၊ မင်းတစ်ယောက် ငါ့ကို အရှုံးပေးလိုက်ပြီလားဟေ့ ...' ဟု လှမ်းမေးသည်။ မြင်းသည် ခေါင်းပင် မထောင်နိုင်တော့ဘဲ 'အင်းပါ ... အင်းပါ ... ခရုရာ' ဟု ဆိုသည်။

ထို့နောက် ခရုက 'နောက်တစ်ခါက မင်းနဲ့ ငါ မကျေပွဲ နွှဲကြဦးမလားဟေ့' ဟု မေးသောအခါ မြင်းသည် သူ၏ဦးခေါင်းကို ခါယမ်းရင်း သူ၏နှာခေါင်းမှ လေ တဖူးဖူးနှင့် မှုတ်ထုတ်လေသည်။ ပြီးတော့ သူသည် ခရုအား 'ဟင့်အင်း ... ဟင့် အင်း ...'ဟု ဖြေလိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com




နံပြည့်စုတ်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

# နံပြည်စုတ်အကြောင်း

ခြင်္သေ့သည် တောသုံးထောင်ကို ပိုင်စိုး၍ သူသည် ကျေးငှက်သာရကာများ အပါအဝင် ကုန်းနေသတ္တဝါများ၏ ဘုရင်ဖြစ်သည်။ တစ်ခုသောရက်တွင် ခြင်္သေ့သည် ရောက်တတ်ရာရာ သွားလာနေရင်း ပင်လယ်ကမ်းခြေ တစ်နေရာသို့ ရောက်လာသည်။ ရာသီဥတုက ပူပြင်းသဖြင့် သူသည် အိုက်စပ်စပ်ဖြစ်လာကာ ရေမိုးချိုးရန် အကြံရလာပြီး ရေစပ်သို့ ဆင်းလေတော့သည်။

ထိုစဉ် ရေထဲမှ နဂါးသည် စိတ်ဆိုးမာန်ဆိုးနှင့် ဘွားခနဲ ပေါ်လာလေသည်။

သူက 'ဒီနေရာဟာ ငါ့ရဲ့ရေပိုင်နက် ဖြစ်တယ်ဆိုတာ မသိဘူးလားဟေ့'ဟု လေသံခပ်မာမာနှင့်ပြောသည်။

'ငါ့ပိုင်နက်ကို ထိကပါး ရိကပါးနဲ့ ကျီစားသလိုလို ကျူးကျော်လာတဲ့ မင်း တစ်ယောက် ဘယ်သူလဲ ...။ ရေပြင်မှာ ဘုရင် နဂါးဆိုတာ ငါပဲဟေ့။ နဂါးတို့ အကြောင်း ကောင်းကောင်းကြီး သိကြသေးတာပေါ့ကွာ'

အခုဆိုလျှင် ရေစပ်သို့ဆင်းလာသူ ခြင်္သေ့၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားကြလေပြီ။ အသံလာရာဆီသို့ သူ လှမ်းကြည့်လိုက်သောအခါ ရေပြင်ထက်တွင် အမောက်တထောင်ထောင် လုပ်နေသည့် နဂါးကို ခြင်္သေ့က မြင်တွေ့သွားလေသည်။

သို့ရာတွင် ခြင်္သေ့ဟူသည် မသိနိုးနား သတ္တဝါငယ်တစ်ကောင် မဟုတ်ပေ။

သူက 'ငါဟာလည်း တောရဲ့ဘုရင် ခြင်္သေ့တဲ့ဟေ့ ...'ဟု အော်ပြောသည်။

'တောသုံးထောင်ကို အုပ်စိုးတဲ့ ကေသရာဇာဆိုတာ ငါပဲ။ အေး ... နောက်ပြီး မင်းတစ်ယောက် မှတ်ထားဖို့က ခြင်္သေ့မင်းဆိုတာလည်း ငါပါပဲဟေ့ ...'

ခြင်္သေ့နှင့် နဂါး ... ထိတ်ထိတ်ကြဲဖြစ်သူ ၂ဦးနှစ်ဦးသည် ပင်လယ်ကမ်းစပ် တစ်နေရာတွင် ရင်ဆိုင်တွေ့မိနေကြလေပြီ။

နဂါးက 'ဟေ့ ... ခြင်္သေ့၊ ကေသရာဇာမှန်ရင် ဒီရေပြင်ထဲ ကြွခဲ့စမ်းပါ။ မင်းနဲ့ ငါ အပြိုင်အဆိုင် အနိုင်တိုက်ပွဲတစ်ပွဲလောက် နွှဲကြရအောင်ပါ'ဟု ပြောသည်။

ခြင်္သေ့ကလည်း 'ဒီမှာ ... နဂါးမင်း၊ မင်းတစ်ယောက် သတ္တိရှိရင် သောင်ပြင်ပေါ်ကိုသာ တက်လာစမ်းပါ။ ငါလည်း တစ်ပွဲတစ်လမ်း အကဲစမ်းချင်ပါတယ်'ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤစွမ်းရည်ပြိုင်ပွဲတွင် အောင်နိုင်သူမှာ နဂါးဖြစ်၍ ရှုံးနိမ့်သူမှာ ခြင်္သေ့ ဖြစ်ခဲ့ရလေပြီ။ နဂါးသည် ခြင်္သေ့၏ပိုင်နက်ဖြစ်သည့် တောသုံးထောင်ကို တောင်းယူလေတော့သည်။

ထိုအခါ ခြင်္သေ့က 'အဲ ... ရေပြင်ဘုရင် နဂါးရေ ...'ဟု စပြောသည်။

'ငါ့ပိုင်နက်ကို ငါ့ကတိအတိုင်း မင်းကို ပေးအပ်ပါ့မယ်။ ဒါပေမဲ့ တောသုံးထောင်က ငါ့လက်အောက်ငယ်သားတွေနဲ့ နှုတ်ဆက်ပွဲလေး လုပ်ချင်ပါသေးတယ်။ ဒါကြောင့် ငါ့ကို ခုနစ်ရက်လောက် ဆိုင်းငံ့ပေးပါလားကွာ'

နဂါးသည် ခဏတာ စဉ်းစားပြီးနောက် 'ဒါဆိုရင်လည်း ကောင်းပြီလေ'ဟု ပြောသည်။

'ဒါပေမဲ့ ဒီသီတင်းပတ်အတွင်းမှာမှ တောသုံးထောင်ကို ငါ့ထံ လာပြီးမအပ်ဘူးဆိုရင်တော့ မဖြစ်မနေ မင်းကို စားဝါးပစ်ရလိမ့်မယ်ဟေ့ ...'

ခြင်္သေ့ခမျာ အားအင်ကြီးသူ နဂါးပြောသည့်အတိုင်း လိုက်နာပါမည်ဟု သဘောတူရလေတော့သည်။ ထို့နောက် သူသည် ရေပြင်မှာ ဘုရင် နဂါးအား နှုတ်ဆက်၍ တောအုပ်ထဲသို့ ခပ်မှိုင်မှိုင်လေး ဝင်ရောက်သွားသည်။ သူနေထိုင်ရာ ကျောက်ဂူကြီးကို ပြန်ရောက်သောအခါ ခြင်္သေ့သည် လူယုံတော်ဖြစ်သူ ယုန်နှင့် အထောက်တော်ဖြစ်သူ ထောက်ရှာငှက်တို့အား သူ့အပါးတွင် လာပြီး ခစားကြဖို့ ဆင့်ခေါ်လေသည်။

ခြင်္သေ့သည် သူတို့နှစ်ဦးအား နဂါးနှင့် ရန်ပွဲနွှဲခဲ့ပုံ ဖြစ်ကြောင်းကုန်စင် ပြောပြသည်။

'အဲဒါ ... မောင်မင်းတို့က ပြေရာပြေကြောင်းဖြစ်တဲ့ အကြံကောင်းကလေးများ ငါ့ကို ပေးကြစမ်းပါကွယ်ရို့ ...'

လူယုံတော်ဖြစ်သူ ယုန်က 'ဒီကိစ္စမှာ စိတ်အားလျှော့စရာ မလိုသေးပါဘူး အရှင်ခြင်္သေ့ ...'ဟု ဆိုသည်။

'နဂါးကို နိုင်ဆိုမှ နိုင်တဲ့သူ ဂဠုန်ဆိုတာ ရှိပါရဲ့ အရှင်ခြင်္သေ့ကသာ သူ့ကို ဆင့်ခေါ်လို့ ရနိုင်မယ်ဆိုရင် ဒီကိစ္စ၊ ဒီပြဿနာ အားလုံး ပြေလည်လာနိုင်ပါလိမ့်မယ်'

အထောက်တော်ဖြစ်သူ ထောက်ရှာငှက်က 'အဲ ... ဒါပေမဲ့ ဂဠုန်ဆိုသူဟာ ဟိုး ... တိမ်စွန်မိုးဖျားမှာ တသီးတခြားလေးနေတဲ့ ငှက်ကြီးတစ်ကောင်ပါ'ဟု ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


ခြသေ့်သည် ခွန်အားဗလနှင့် ပြည့်စုံသူဖြစ်သော်လည်း သူ၏လက်ရုံးမှာ ကုန်းပေါ်တွင်သာ ဖြစ်နိုင်လေသည်။ ထို့အတူ နဂါးသည် အားကြီးသူ မှန်သော်လည်း သူ၏အစွမ်းဟူသည် ရေထဲမှာသာ ရှိနိုင်လေသည်။

သို့ဖြစ်၍ တောဘုရင်ဖြစ်သူ ခြသေ့်သည် နဂါးရှိရာ ရေထဲသို့ဆင်းကာ တိုက်ခိုက်မှာ မဟုတ်သလို ရေပြင်၏ဘုရင်ဖြစ်သူ နဂါးသည်လည်း သောင်ပြင်သို့တက်ကာ ခြသေ့်အား ရန်ရှာလိမ့်မည် မဟုတ်ပေ။

ထိုစဉ် နဂါးက 'ဒါဆိုရင် ဒီလိုလုပ်ကြမလားဟေ့ ...'ဟု စပြောသည်။

'ခြသေ့်ရေ ... မင်းလည်း မင်းရဲ့ပိုက်နက်ထဲကနေ အစွမ်းရှိသလောက် ငါ့ကို တိုက်ခိုက်နိုင်တယ်။ အေး ... အဲဒီလိုပဲ ငါလည်း ငါ့ရဲ့နယ်ပယ်ကနေ ငါကြိုက်သလို ထိုးနှက်မယ်။ အဲဒီအခါ ဘယ်သူက အင်အားပိုကြီးတယ်ဆိုတာ အဆုံးအဖြတ် ပေးနိုင်လာပါမယ်ဟေ့ ...'

ခြသေ့်က 'ငါဟာ စိန်ခေါ်ရင် ဘွာမခတ်တတ်သူပါကွ'ဟု ဆိုလေသည်။

ပြီးတော့ သူတို့သည် အနိုင်ရသူက ရှုံးနိမ့်သူ၏နယ်ပယ်ပိုင်နက်ကို သိမ်းယူကြကြေးဟူ၍ နှစ်ဦးသဘောတူ ခေါင်းညိတ်ကြတော့သည်။

သို့နှင့် လောင်းကြေးမြင့်လှသော သူတို့၏ အစွမ်းအစပြိုင်ပွဲကြီးမှာ စတင်နေလေပြီ။

ပထမဦးစွာ ခြသေ့်သည် ကမ်းခြေမှနေ၍ နဂါးရှိရာ ပြင်လယ်ဆီသို့ အသံအကျယ်ကြီး ဟိန်းဟောက်လိုက်လေသည်။

ထိုအသံကြောင့် နဂါး၏နားနှစ်ဖက် အူသွားသော်လည်း သူ့မှာ အခြားဒဏ်ရာတစ်ခုတလေမှ မရပေ။ ခြသေ့်၏ ဟိန်းဟောက်သံကြားပြီး ငါးသေးလေး တစ်ကောင်စ၊ နှစ်ကောင်စသာ နားကွဲပြီး ရေပေါ်မှာ ပက်လက်ကလေးတွေ ပေါ်လာကြသည်။

အခုဆိုလျှင် နဂါးတစ်ယောက် အစွမ်းပြရမည့်အလှည့်သို့ ရောက်လာပြီ။

သူသည် ရေပြင်မှနေ၍ ခြသေ့်ရှိရာ သောင်ကမ်းဆီသို့ အသာအယာ မျက်စောင်းထိုးကာ ကြည့်လိုက်သည်။

သူ၏မျက်စောင်းကြောင့် ခြသေ့်၏ လည်ဆံမွေးပွပွတွေ မီးလောင်မြိုက်သွားကြပြီး ထိုအနီးမှ ဖြတ်သွားကြသည့် သမင်၊ ဒရယ်ကလေးများခမျာ ဟုတ်ခနဲ ခြာကျသွားကြလေပြီ။

ရေပြင်မှာ ဘုရင်ဖြစ်သူ နဂါး၏အားအင်နှင့် အစွမ်းမှာ ကြီးလည်းကြီးပါပေ့။

www.burmeseclassic.com

www.burmeseclassic.com



'သူ့နေရာဆီ အရောက်သွားဖို့ကတော့ မြင့်လွန်း၊ ဝေးလွန်းလှပါတယ်။ နောက်ပြီး သူဟာ ငှက်တစ်ကောင်ဆိုပေမဲ့ အရှင်ခြင်္သေ့ရဲ့ လက်အောက်ငယ်သား တစ်ဦး မဟုတ်ကြောင်းပါ။ ဒါကြောင့် သူ့ကို ဆင့်ခေါ်ဖို့ဆိုတာ ဖြစ်နိုင်မယ် မထင်ပါဘူး'

ထို့နောက် ထောက်ရှာငှက်က အခုလို ဆက်ပြောသည်။

'ဒါပေမဲ့ ဒီတောအုပ်ထဲမှာ ဂဠုန်နဲ့ အသွင်တူ၊ အဆင်တူ ငှက်ကြီးရော တစ်ကောင် ရှိနေပါတယ်။ ခပ်ဝေးဝေးကနေသာ လှမ်းကြည့်ရင် သူဟာ ဂဠုန်မှ ဂဠုန် အစစ်ပါလို့ အများက ထင်မိကြမှာပါ။ အရှင်ခြင်္သေ့ဟာ သူ့ကို အချိန်မရွေး ဆင့်ခေါ်နိုင်ကြောင်းပါ'

ထိုအခါ ခြင်္သေ့၏မျက်နှာသည် ပြုံးလာပြီး ထိုငှက်ကြီးရောကို အလျင်အမြန် ခေါ်ယူရန် ယုန်နှင့် ထောက်ရှာငှက်တို့အား တာဝန်ချထားပေးလေတော့သည်။

ထိုစဉ် ကောင်းကင်ထက်တွင် ငှက်ကြီးတစ်ကောင်သည် ပျံကာဝဲကာနှင့် ဤနေရာသို့ အရောက်လာနေလေပြီ။

ထိုငှက်ကြီးမှာ ယုန်နှင့် ထောက်ရှာငှက်တို့ ခေါ်ယူလာသည့် ငှက်ကြီးရော ဖြစ်သည်ဟု သင် ရိပ်စားမိမှာပေါ့။

နဂါးသည် ထိုငှက်ကြီးကို မြင်သွားပြီး 'အဲ ... ခြင်္သေ့ရေ ...၊ အဲဒါ ဘာ ... ဘာငှက်ကြီးလဲဟေ့'ဟု မေးလေသည်။ ခြင်္သေ့က 'သူဟာ ငါ့ရဲ့လက်အောက် ငယ်သား တစ်ဦးပါပဲကွာ။ အဲ ... သူ့နာမည်ကတော့ ဂဠုန်၊ ဂဠုန်ပါတဲ့ဟေ့ ...' ဟု ခပ်တည်တည်နှင့် ဖြေလေသည်။

နဂါးဟူသည်မှာ ဂဠုန်ကို အရူထဲ၊ အသည်းထဲကပင် ကြောက်ရွံ့သူဖြစ်ပြီး ပျံကာဝဲကာလုပ်နေသည့် ငှက်ကြီးရောကို သူ့ခမျာ ရဲရဲပင် မကြည့်ဝံ့တော့ပေ။ အကြောက်လွန်နေသော နဂါးသည် ရေထဲသို့ သုတ်ခနဲပင် ငုပ်လျှိုးကွယ်ပျောက် သွားလေတော့သည်။

များမကြာမီ ငှက်ကြီးရောသည် လေဟုန်စီးနေရာမှ မြေပြင်ပေါ်သို့ ဆင်းချ လာသည်။ ခြင်္သေ့အပါအဝင် တောသုံးထောင်မှ ကျေးငှက်သာရကာနှင့် တိရစ္ဆာန် အပေါင်းတို့က သူ့ကို သောင်းသောင်းဖြဖြ ကြိုဆိုကြလေသည်။

ပြီးတော့ အားလုံးက ငှက်ကြီးရောအား ဝိုင်းပြီးပွဲ့ကြဖက်ကြ၊ နမ်းကြရှုံ့ ကြနှင့် အားပါးတရ လုပ်ကြလေသည်။ ထိုအနမ်းများလည်း ပြီးပါရော ဘုန်းခမျာ စာကလေးတစ်ကောင်မျှပင် အရွယ်အားဖြင့် မကြီးတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com


ခင်မင်သူအပေါင်းက အရွယ်သေးသေးဖြစ်သွားသည့် သူ့ကို ချစ်စနိုးနှင့် *နမ်းပြီးစုပ်* . . . ဟု အမည်သစ် ပေးလိုက်ကြလေသည်။ သို့ရာတွင် ကာလရွေ့လျော လာပြီးနောက် ယခုအခါ ထိုငှက်ငယ်ကလေး . . . သူ့ကို *နှံပြည်စုတ်* . . . ဟူ၍သာ အများက ခေါ်ဝေါ်နေကြလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်း၏ ကျီးကလေး

www.burmeseclassic.com

www.burmeseclassic.com

# ဘုရင်မင်း၏ ကျီးကလေး

တစ်ခါတုန်းက ကျီးကလေးတစ်ကောင်သည် နန်းမြို့အတွင်းရှိ ဘုရင့်အိမ်တော်အနီးက သစ်ပင်ကြီးတစ်ပင်ပေါ်တွင် နေထိုင်လေသည်။

သူသည် မိုးလင်းပြီဆိုသည်နှင့် ပင်ယံထက်မှနေ၍ 'အ . . . အ . . . အ . . . အ . . .'ဟု သာယာစွာ အော်မြည်တတ်သည်။ သူ့အသံလေးသည် ဤနေရာအနီးတစ်ဝိုက်က ကြားရသူတိုင်း၏ ဘဝင်ကို ကြည်နူးစေနိုင်ပေသည်။

ထိုသို့ ဘဝင်ကြည်နူးကြသူများထဲတွင် ဘုရင်မင်းလည်း တစ်ဦးအပါအဝင် ဖြစ်သည်။

မနက်ခင်း လက်ဖက်ရည်တော်ချိန် ပြီးသည်နှင့် သူသည် အိမ်တော်၏ ပြတင်းမှာ ရပ်ကာ 'မောင်မင်း . . . ကျီးကလေး၊ သာနေပြီလားကွဲ့'ဟု လှမ်းပြောတတ်သည်။

ဘုရင်မင်းက သူ့အား အစာတစ်ခုခုကို ပစ်ချပေးလျှင် ထိုကျီးကလေးသည် ရသာမွန်ဖြစ်သည့် ထိုစားစရာကို ကိုက်ချီယူကာ သူ့အသက်ထဲတွင် ဣန္ဒြေရရ စားလေ့ရှိသည်။

တစ်နေ့တာလုံးပင် သူသည် နန်းတော်အဆောင်ဆောင်ဆီသို့ ပျံလိုက် သန်းလိုက်၊ မလှမ်းမကမ်းမှာရှိသည့် ဥယျာဉ်မြက်ခင်းမှာ နားလိုက်နေလိုက်နှင့် ရှိနေတော့သည်။

နေဝင်ရီတရောအချိန် ရောက်မှသာ ကျီးကလေးသည် သူနေထိုင်ရာ သစ်ပင်ကြီးဆီသို့ ပြန်ရောက်လာမြဲ ဖြစ်လေသည်။ ညအိပ်တန်းမတက်မီ အချိန်ကလေးတွင် သူသည် အိမ်တော်အနီးတစ်ဝိုက်သို့ တစ်ခေါက်ပျံဝဲပြီး ဟိုကြည့်သည်ကြည့် လုပ်နေတတ်သည်။ ပြီးမှ သူသည် အသိုက်သို့ပြန်လာကာ စိတ်ချလက်ချ အိပ်မြဲ ဖြစ်သည်။

တစ်ခုသောညတွင် သူတစ်ယောက် ခါတိုင်းလို ပျံကာဝဲကာရှိနေစဉ် အိမ်တော် အမိုးချွန်ချွန်များကြားမှ မီးလုံးနီနီများ ထွက်လာကြသည်ကို မြင်တွေ့ရလေသည်။

သူသည် 'အင်း . . . အိမ်တော်က သားတော်၊ သမီးတော်လေးတွေ မီးပုံးပျံလွှတ်တမ်း ကစားနေကြတာ ဖြစ်မယ်'ဟု တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com


တကယ်တမ်းတွင် ကျီးကလေး မြင်တွေ့ရသည့် ထူးဆန်းသော ထိုမီးလုံးများသည် သူ ထင်ထားသလို မီးပုံးပျံကလေးများ မဟုတ်ကြပေ။ တစ်လုံးနှင့်တစ်လုံး ပူးလိုက်၊ ခွာလိုက်၊ ကြီးလိုက်၊ သေးလိုက်၊ နိမ့်လိုက်၊ မြင့်လိုက်နှင့် ... နောက်ဆုံးတော့ ထိုမီးလုံးများသည် ဟိုဝေးဆီသို့ တရွေ့ရွေ့ ထွက်သွားကြတော့သည်။

ထိုမီးလုံးတွေ ဘယ်အထိ ဆက်သွားကြမှာပါလဲ။

စပ်စုသော ကျီးကလေးသည် အနီရောင် မီးလုံးများ၏နောက်မှ မသိနိုးနားနှင့် လိုက်ပါသွားသည်။ ထိုမီးလုံးများသည် ပင်လယ်ပြင်ဆီသို့ ဦးတည်၍ သွားနေကြပြီး နောက်ဆုံးတွင် မှောင်နှင့်မည်းမည်းဖြစ်နေသည့် ကျွန်းငယ်တစ်ခု၏ သစ်တောတွေကြားသို့ တစ်လုံးပြီးတစ်လုံး ဝင်ရောက်သွားကြလေသည်။

ဤမြင်ကွင်းကို အစမှအဆုံးအထိ သူ မြင်ခဲ့ရပြီးနောက် ကျီးကလေးသည် လာရာလမ်းသို့ လှည့်ပြန်လာခဲ့တော့သည်။

'ကေန္တတော့ ... ဒီမီးလုံးနီနီတွေဟာ စုန်းတွေရဲ့မီးလုံး၊ စုန်းမီးတွေပဲ ဖြစ်ရမယ်။

သူ၏နေအိမ် အသိုက်ထဲတွင် အခုလို တတွေးတောတောလုပ်နေရင်း မကြာမီမှာပင် ကျီးကလေးသည် တခေါခေါနှင့် အိပ်ပျော်သွားတော့သည်။

နောက်တစ်နေ့ နံနက်တွင် သူသည် ပင်ထက်ယံမှနေ၍ ခါတိုင်းလိုပင် 'အ ... အ ... အ ...' အသံသာသာ အော်မြည်လေသည်။ အိမ်တော်ပြတင်းမှာ ရပ်နေသည့် ဘုရင်မင်းသား သူ လှမ်းမြင်ရပြီး ဤနံနက်တွင် ဘုရင့်မျက်နှာတော် ညှိုးနေသည်ဟု ကျီးကလေးထင်မိလေသည်။

မကြာမီ ဘုရင်မင်းက 'မောင်မင်း ... ကျီးကလေးရေ ...'ဟု လှမ်းခေါ်လေသည်။

'ညတုန်းက ငါကိုယ်တော်မြတ်ရဲ့ ဘဏ္ဍာတိုက်ထဲက နန်းစဉ်ရတနာတွေ အကုန်လုံးပဲ ပျောက်ရှကုန်ပြီကွဲ့ ...'

ပြီးတော့ ဘုရင်မင်းက သူ့အား အခုလို ဆက်၍ပြောလေသည်။

'ငါ့အမှုတော်ထမ်းတွေကလည်း ပျာယာခတ်နေအောင် ရှာကြဖွေကြပါရဲ့။ ဒါပေမဲ့ ရွှေတိုရွှေစလေးတောင် မတွေ့ကြသေးဘူးကွဲ့။ မောင်မင်း ကျီးကလေးဟာ မျက်စိလျင်ပြီး နားပါးလိုက်တာကလည်း လွန်ပါရော။ ဒီအကြောင်း သတင်းပလင်း အစအနကလေးများ မင်း ရခဲ့ရင် ငါ့ဆီကို လာပြောပေးပါကွာ'

ဘုရင်မင်း၏စကားကို ကြားပြီးနောက် ကျီးကလေး၏ မျက်လုံးများ အဝိုင်း

www.burmeseclassic.com

www.burmeseclassic.com


သား ဖြစ်သွားကြတော့သည်။

ထို့နောက် သူသည် မနေ့ညက မြင်တွေ့ခဲ့ရသမျှ နန်းတော်အမိုးချွန်ချွန်များပေါ်မှ စုန်းမီးလုံးများအကြောင်း အားလုံး အကုန်ပင် ဘုရင်မင်းအား လျှောက်ထားလေသည်။

'ကေန္တတော့ ရတနာတွေကို ပင်လယ်ပြင် ရေလယ်ကျွန်းက အဲဒီ စုန်းမီးလုံးတွေ လာပြီး ခိုးယူသွားကြတာလို့ ကျွန်တော် ထင်ပါတယ်'

ထိုအခါ ဘုရင်မင်းက 'ဒါဆိုရင် ဘာဆက်လုပ်ရမလဲ မောင်ကျီးရ။ ငါ့ကို လျှောက်တင်စမ်းပါဦး'ဟု သူ့ကို မိန့်လေသည်။

ကျီးကလေးက 'မှန်လှပါ အရှင်မင်းကြီး ...'ဟု စပြောသည်။

'အရှင်မင်းကြီးဟာ ကျွန်တော့်ရဲ့ကျေးဇူးရှင် ဖြစ်ပါတယ်။ အရှင်မင်းကသာ ကျွန်တော့်ကို စေခိုင်းမယ်ဆိုရင်၊ နောက်ပြီး အဲဒီရတနာတွေကို စုန်းတွေ ခိုးသွားတာ မှန်ခဲ့ရင် သူတို့ဆီကနေ မရအရ ပြန်ယူလာပေးပါ့မယ်'

ဘုရင်မင်း၏ မျက်နှာသည် ပြုံးလာပြီး ဘဏ္ဍာတော်တိုက်မှ နန်းစဉ်ရတနာများ ပြန်ရနိုင်ဖို့ ကျီးကလေးအား တာဝန်တော် ပေးအပ်လိုက်လေသည်။

သို့နှင့် ကျီးကလေးသည် သူ၏ နောက်လိုက်နောက်ပါ ကျီးများနှင့်အတူ ပင်လယ်ပြင်ထဲက ရေလယ်ကျွန်းဆီသို့ မနေမနား ပျံသွားကြသည်။ နေလုံးကြီး ဝင်သွားပြီးနောက် ညအချိန်တွင် စုန်းများနေထိုင်ရာ ကျွန်းပေါ်သို့ သူတို့ ခြေချမိကြလေသည်။

စုန်းများသည် သူတို့၏ကျွန်းပေါ်သို့ မည်သည့်သူစိမ်းကိုမှ လာရောက်ခွင့် မပြုကြပေ။ ဤကျွန်းသို့ မသိနိုးနားနှင့် ဝင်ရောက်လာသူ ရှိခဲ့လျှင်လည်း သူတို့၏ မီးလုံးကြီးများက မရမက ရှာဖွေကာ တွေ့ပြီဆိုသည်နှင့် ထိုသူအား ဝါးမျိုစားသောက်ပစ်ကြမြဲ ဖြစ်လေသည်။

အခုဆိုလျှင် မှောင်နေသော ညထဲက နက်ရှိုင်းသော တောအုပ်၏ သစ်ပင်တွေ ကြားမှာ အရောင်မည်းမည်းဖြစ်သည့် ကျီးကလေးတွေ တိတ်တဆိတ်ရောက်လာနေကြပြီ။ စုန်းများ ... ဟူသည် တော်တော်လေးကို ပါးနပ်သူများ ဖြစ်ကြသော်လည်း ကျီးမည်းကလေးများ အခုလို ရောက်ရှိနေသည်ကိုတော့ မည်သူမျှ သတိမမူမိကြပေ။

သို့ရာတွင် ကျီးကလေးနှင့် အဖွဲ့သည် တောထဲက နေရာအနှံ့မှာ ဘယ်လိုပင်ရှာရှာ နန်းစဉ်ရတနာများကို သူတို့ ရှာဖွေ၍ မတွေ့နိုင်ခဲ့ကြပေ။ မောင်မင်း

www.burmeseclassic.com

# ယုန်နှာခေါင်း ရှုံ့ချည်နပ်ချည်

ဖားသည် ဝန်တိုတတ်သူဖြစ်ပြီး ပညာရှိဟု သတင်းမွှေးနေသည့် ယုန်အပေါ် နည်းနည်းကလေးမှ ကြည့်မရ ဖြစ်နေသည်။ အများသူငါရှေ့မှာ သူ့ကို ဟားစရာ ဖြစ်သွားအောင် လုပ်ပစ်မည်ဟု ဖားက တွေးလေသည်။

တစ်ခုသော အားလပ်ရက်တွင် ဟိုနားသည်နားသို့ ယုန် လျှောက်သွားနေစဉ် ဖားသည် ကျောက်တုံးတစ်တုံး၏အောက်သို့ ဝင်ပုန်းနေလိုက်သည်။ ယုန်လည်း သူ့အနီးမှ ဖြတ်သွားပါရော သူသည် 'အုံး ... အွမ် ...'ဟု အသံအကျယ်ကြီး မန်းမှုတ်လိုက်တော့သည်။

နဂိုကမှ စိုးရိမ်တတ်သူ ယုန်သည် လေထဲသို့ တစ်တောင်လောက် မြောက်တက်သွားပြီး နောက်တော့ ကြောက်အားလန့်အားနှင့် သူ ပြေးထွက်သွားလေသည်။

ဤကဲ့သို့ ကဆုန်ပေါက်ကာ ပြေးလွှားနေရင်း ယုန်သည် ယာခင်းတစ်ခု၏ အနီးမှာ ရွှေဖရုံသီးတစ်လုံးနှင့် တိုးမိတိုက်မိကြတော့သည်။ ရွှေဖရုံသီးသည် ဟိုး ယာမြေအနိမ့်ပိုင်းဆီသို့ တလိမ့်ခေါက်ကွေး ပြေးဆင်းသွားပြီးနောက် သူသည် နှမ်း ခင်းတစ်ခင်းထဲသို့ အရှိန်နှင့် တိုးဝင်သွားလေသည်။

နှမ်းခင်းထဲက ကံမကောင်းသော နှမ်းပင်လေးတစ်ပင်သည် အကြမ်းပတ်မိနေ ပြေးဝင်လာသည့် ရွှေဖရုံသီးနှင့် ဆောင့်မိကြလေပြီ။

ထိုအခါ ရင့်မှည့်ပြီး ခြောက်သွေ့နေသည့် နှမ်းသီးတွေ တစ်ခုပြီးတစ်ခု ကွဲ အက်သွားကာ နှမ်းစေ့များသည် ဖောက်ဖောက် ... ဖောက်ဖောက်နှင့် လေမှာ လွင့်စဉ်သွားကြပါလေရော။

ဤအချိန်တွင်မှ တောငှက်ကလေး တစ်ကောင်သည် လေထဲမှာ ဖွာလန် ကြဲနေကြသည့် နှမ်းစေ့တွေကြားမှာ မသိနိုးနား ဖြတ်ပျံသွားမိလေသည်။

ငှက်ကလေးများ၏ မျက်စိထဲသို့ နှမ်းစေ့တွေ ဝင်သွားခဲ့ကြပြီး လောလော ဆယ် သူ့ခမျာ ဘာဆိုဘာမှ မမြင်နိုင်တော့ပေ။ သနားစဖွယ် ငှက်ကန်းကလေး သည် ဝါးရုံပင် အကိုင်းအခက်တစ်ခုတွင် အရေးပေါ် နားခိုလိုက်ရလေသည်။

သူ ခဏတာနားနေသည့် ဝါးရုံခက်သည် မထင်မှတ်ဘဲ ဆတ်ခနဲ ကျိုးသွား ပြီး ဝါးရုံပင်အောက်မှာ ခွေခွေကလေးအိပ်နေသည့် မြွေတစ်ကောင်ပေါ်သို့ ထို[illegible] ခက်ကလေး ပြုတ်ကျသွားလေပြီ။

 www.burmeseclassic.com

မြွေသည် အိပ်ပျော်နေရာမှ အလန့်တကြားနှင့် နိုးလာပြီးနောက် သူသည် ရောက်ရာပေါက်ရာသို့ ထွက်ပြေးသွားလေသည်။

ထိုအချိန်တွင် ဗိုက်ဆာနေပုံရသော တောဝက်တစ်ကောင်သည် ရေအိုင် တစ်အိုင်အနီးမှာ ထိုင်၍ သခွားသီးတစ်လုံးကို အေးအေးလူလူ စားနေသည်။ ဘေး လွတ်ရာသို့ တိမ်းရှောင်လာသည့် မြွေသည် သူ့ကို မတော်တဆ ဝင်အောင်းမိပြီး တောဝက်သည် သခွားသီးကို ကယောင်ကတမ်း လွှင့်ပစ်လိုက်တော့သည်။

ထိုသခွားသီးသည် အနီးအနားက ရေအိုင်ထဲသို့ 'ပလုံ . . .'မြည်ကာ ပြုတ် ကျသွားသည်။ ရေအိုင်၏ အောက်ခြေမှာတော့ နဂါးတစ်ကောင် အိပ်မောကျနေ ပြီး ရေနစ်လာသူ သခွားသီးက သူ့ခါးကို ဆတ်ခနဲ တို့မိထိမိသွားတော့သည်။

နဂါးသည် အိပ်နေရာမှ ဆတ်ခနဲ နိုးလာပြီး သူ စိတ်ဆိုးဒေါသဖြစ်သည်မှာ အလွန်အမင်းပါပဲ။ သူ အိပ်မောကျနေစဉ် လာပြီး အနှောင့်အယှက်ပေးသူမှာ အခြား မဟုတ်၊ သခွားသီးဖြစ်သည်ဟု နဂါး သိသွားလေပြီ။

သူက 'ဟေ့ . . . သခွားသီး၊ မင်းတစ်ယောက် သေဖို့သာ ပြင်ပေတော့ . . .' ဟု ပြောလေသည်။

သခွားသီးက 'ဒီ . . . ဒီလိုရှိပါတယ် . . . ခင်ဗျာ'ဟု ပြောသည်။

'ကျွန်တော့်ကို အပြစ်မတင်ပါနဲ့။ ဟို . . . တောဝက်ဆိုတဲ့ကောင်က ကယောင် ကတမ်းနဲ့ ကျွန်တော့်ကို ဒီရေအိုင်ထဲ လွှင့်ပစ်လိုက်လို့ပါ'

စိတ်ကြီးသော နဂါးသည် ရေပြင်ပေါ်သို့ ဘွားခနဲတက်လာပြီး တောဝက် ကို ဖမ်းဆုပ်ထားလိုက်သည်။

သူက 'ဟေ့ကောင် . . . တောဝက်။ မင်းကိုအခုပဲ ဝါးစားပစ်တော့မယ်ကွ' ဟု ပြောလေသည်။

တောဝက်က 'ခ . . . ခဏလေး နားထောင်ပေးပါ ခင်ဗျာ'ဟု ပြောသည်။

'ကျွန်တော့်ကို စိတ်မဆိုးပါနဲ့။ ဟို . . . မြွေဆိုတဲ့ကောင်က ဘာမပြော ညာ မပြောနဲ့ ကျွန်တော့်ကို တရကြမ်း ဝင်အောင်းသွားလို့ပါ'

မကြာမီ နဂါးသည် မြွေကို ဖမ်းမိသွားပြီး 'ဟေ့ . . . မြွေ၊ မင်းတစ်ယောက် သေပြီသာ မှတ်ပေတော့'ဟု ပြောလေသည်။

မြွေက တစ်ဆိတ်လောက် ရှင်းပြပါရစေခင်ဗျာ'စု ပြောသည်။

'ကျွန်တော့်ကို နားလည်ပေးပါ။ ဟို . . . ဝါးရုံခက်ဆိုတဲ့ကောင်က အလိုက် ကမ်းဆိုးမသိဘဲ ကျွန်တော့်အပေါ် ကျိုးကျလာလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com


နဂါးသည် ဝါးရုံခက်ဆီသို့ အလောတကြီး အရောက်သွားပြီး 'ဟေ့ . . . ဝါးရုံခက်။ မင်းရဲ့အသက်ကို ဖက်နဲ့သာ ထုပ်ထားလိုက်တော့'ဟု ပြောလေသည်။

ဝါးရုံခက်က 'အ . . . အချိန် နည်းနည်းပေးပါခင်ဗျာ'ဟု ပြောသည်။

'ကျွန်တော် ဘာမှ မလုပ်ရပါဘူး။ ဟို . . . တောင်ကက်ကလေး ဆိုတဲ့ကောင်က မမြင်မကန်းနဲ့ ကျွန်တော့်အပေါ် လာနားလိုက်လို့ပါ'

သို့နှင့် နဂါးသည် တောင်ကက်ကလေးကို မရမက လိုက်ရှာပြီး 'ဟေ့ . . . တောင်ကက်ကလေး၊ ငါ ငှက်ကင်မစားရတာ ကြာနေပြီကွ'ဟု ပြောလေသည်။

တောင်ကက်ကလေးက 'ဒါ . . . ဒါက ဒီလိုပါ ခင်ဗျာ'ဟု ပြောလေသည်။

'ကျွန်တော့်စကားကို ယုံပါ။ ဟို . . . နှမ်းပင်ဆိုတဲ့ကောင်က ရှူးရှူးနှမ်းနှမ်းနဲ့ သူ့နှမ်းစေ့တွေကို ကျွန်တော့်မျက်စိထဲ လှမ်းပက်လိုက်လို့ပါ'

နဂါးသည် အခုဆို အခုပဲ နှမ်းပင်ဆီသို့ ရောက်သွားပြီး 'ဟေ့ . . . နှမ်းပင်၊ မင်းကိုငါ တစ်စစီ ခြေမွပစ်လိုက်တော့မယ်'

နှမ်းပင်က 'အဲ . . . အဲ . . . ခဏလေး စောင့်ပါဦးခင်ဗျာ'ဟု ပြောသည်။

'ကျွန်တော့်ကို စိတ်မရှိပါနဲ့။ ဟို . . . ရွှေဖရုံသီးဆိုတဲ့ကောင်က ပမာမခန့်နဲ့ ကျွန်တော့်ဆီလာပြီး ဝင်တိုးသွားလို့ပါ'

နောက်တော့ နဂါးသည် ရွှေဖရုံသီးကို လက်ပူးလက်ကြပ် မိသွားပြီး 'ဟေ့ . . . ရွှေဖရုံသီး၊ မင်းကို အစဖျောက်ပစ်လိုက်မယ်'ဟု ပြောလေသည်။

ရွှေဖရုံသီးက 'ဒီ . . . ဒီလိုတော့ မလုပ်ပါနဲ့ခင်ဗျာ'ဟု ပြောလေသည်။

'ကျွန်တော့်ကို အပြစ်မဖို့ပါနဲ့။ ဟို . . . ယုန်ဆိုတဲ့ကောင်က ကမူးရှူးထိုးနဲ့ ကျွန်တော့်ကို လာပြီး ခလုတ်တိုက်သွားလို့ပါ'

နဂါးသည် ချုံပုတ်တစ်ခုထဲမှာ ဝပ်နေသည့် ယုန်ကို ရှာတွေ့သွားပြီး 'မင်း တစ်ယောက် အသက်ပျောက်ပြီသာ မှတ်ပေတော့'ဟု ပြောလေသည်။

ယုန်က 'တ . . . တစ်ခဏလောက် ဆိုင်းပါဦးခင်ဗျာ'ဟု ပြောသည်။

'ကျွန်တော့်ကို စိတ်မကွက်ပါနဲ့။ ဟို . . . ကျောက်တုံးအောက်က မှော်ဆရာကြီးက ကြောက်စရာ အသံသြသြကြီးနဲ့ ကျွန်တော့်ကို ခြောက်လှန့်လွှတ်လိုက်လို့ပါ'

ဖားသည် သူတို့နှစ်ယောက် အခုလို အပြန်အလှန် စကားပြောနေကြသည်ကို မယောင်မလည်နှင့် နားထောင်နေသည်။ နောက်တော့ သူ ပုန်းခိုနေရာ ကျောက်တုံးအောက်မှ သုတ်ခနဲ ပြေးထွက်သွားလေပြီ။

www.burmeseclassic.com

 www.burmeseclassic.com

သို့နှင့် နဂါးသည် အသံကြြကြီး ပေါ်ထွက်လာသည်ဆိုသော နေရာဆီသို့ အရောက်သွားပြီး ကျောက်တုံးကို လှန်ကာလှောကာ ရှာဖွေလေသည်။

သို့ရာတွင် ယုန် ပြောပြသည့် ကြောက်စရာ မှော်ဆရာကြီးဆိုသူကို သူ ဘယ်လိုရှာရှာ မတွေ့ရပေ။

အခုဆိုလျှင် စနေသားဖြစ်သူ နဂါးသည် တော်တော်လေးကို စိတ်ဆိုးမာန်ဆိုး ဖြစ်နေလေပြီ။ နောက်ပြီးတော့ ဤသတ္တဝါ အကောင်ငယ်ကလေးက သူ့ကို မလိမ့်တပတ်လုပ်သည်ဟု ထင်သွားလေသည်။

နဂါးက ယုန်အား 'ဒီကို လာခဲ့စမ်းဟေ့ ...'ဟု လှမ်းခေါ်သည်။

'ဒီတစ်ခါမှာတော့ မင်းကို ငါ စိတ်ကွက်သွားပြီဟေ့။ လိမ်တတ်ညာတတ်တဲ့ မင်းတစ်ယောက် သေဖို့သာ ပြင်ပေတော့'

သနားစရာ ယုန်ခမျာ မရဲတရဲနှင့် မတ်တတ်ရပ်လိုက်ပြီး သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေလေပြီ။ သူ့မျက်နှာလေးက ငယ်နေပြီး သူ့မျက်လုံးတွေက ပေကလပ်၊ ပေကလပ် ဖြစ်နေပြီ။ အထူးသဖြင့် သူ့နှာခေါင်းက ပိန်သွားလိုက်၊ ပွလာလိုက်နှင့် ရှုံ့ချည်နှိုပ်ချည် ဖြစ်နေလေပြီ။

ယုန် အခုဖြစ်နေသည့် ပုံစံက တကယ်ပဲ လူရယ်စရာ ဖြစ်နေတော့သည်။


နဂါးကိုယ်တိုင်ပင် သူ့ကိုကြည့်ပြီး ဘယ်လိုမှ မအောင့်နိုင်အောင်ဘဲ တဟားဟားနှင့် ရယ်လေတော့သည်။ နောက်ဆုံးတွင် စိတ်ကြီးသည်ဆိုသော စနေနေ့ဖွား နဂါးတစ်ယောက် စိတ်ဆိုးပြေသွားပြီး ယုန်ကို လွှတ်ပေးလိုက်တော့သည်။

အခုထိပင် ယုန်ကလေး၏နှာခေါင်း ရှုံ့ချည်နှပ်ချည် ဖြစ်နေတတ်သည်ကို သင် မြင်တွေ့ဖူးမှာပေါ့။

❑

www.burmeseclassic.com

www.burmeseclassic.com



မြင်းသူခိုးနှင့် လူရှယ်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

# မြင်းခိုးသူနှင့် လူရွယ်တစ်ဦး

တစ်ခါက လူရွယ်တစ်ဦးသည် တောင်ယာလယ်တောတစ်ခုတွင် နေထိုင်၍ သူ နေထိုင်ရာ ခြံထဲတွင် မြင်းမတစ်ကောင်ကို မွေးမြူထားသည်။ ထိုနေရာနှင့် မလှမ်းမကမ်းရှိ ယာတဲတစ်လုံးတွင် နွားမတစ်ကောင် ပိုင်သည့် ပေပေတေတေ ဦးပေတေဆိုသူ နေထိုင်လေသည်။

တစ်ခုသော ညတွင် လူရွယ်၏ မြင်းမက မြင်းကလေးတစ်ကောင် ပေါက်ဖွားလာသည်။

ဦးပေတေသည် ညညဆိုလျှင် ကြက်အိပ်ကြက်နိုး အိပ်တတ်ပြီး သူသည် အိပ်ရေးဆတ်တတ်သူတစ်ဦး ဖြစ်သည်။ ဤညမှာလည်း အိမ်နီးနားချင်းဖြစ်သူ လူရွယ်၏ခြံဘက်မှ မြင်းပေါက်ကလေး၏ 'ဟီးဟီး . . . ဟဲဟဲ . . .' အော်မြည်သံကို သူ ကြားပြီး အိပ်နေရာမှ နိုးလာလေသည်။

အသံလာရာ မြင်းဇောင်းဆီသို့ လှမ်းကြည့်သောအခါ မှောင်နှင့်မည်းမည်း ဖြစ်နေပြီး မည်သည့်မီးအလင်းကိုမျှ သူ မမြင်ရပေ။

သူက 'ဒီကောင်လေးတစ်ယောက် ဘာမသိ ညာမသိနဲ့ တခေါ်ခေါ် အိပ်နေတုန်းပဲ ဖြစ်မယ်'ဟု တွေးလေသည်။

သို့နှင့် ဦးပေတေသည် အကြံတစ်ခုပေါ်လာပြီး အိပ်ရာမှထ၍ တစ်ဖက်ခြံသို့ ခြေသံဖွဖွနင်းကာ ဝင်ရောက်သွားလေသည်။ ထို့နောက် လူရွယ်၏မြင်းပေါက်ကလေးကို မသိနိုးနားနှင့် ဆွဲခေါ်လာပြီး ထိုမြင်းကလေးကို သူ့နွားခြံထဲသို့ ထည့်ထားလိုက်လေသည်။

နောက်တော့သူသည် သူ့တဲထဲမှာ တစ်ရေးတမော ပြန်အိပ်လေတော့သည်။

မိုးလင်းသောအခါ ဦးပေတေသည် ရွာထဲသို့သွားပြီး 'အံ့သြကုန်နိုင်ဖွယ်၊ ကဲ . . . မယုံချင်နေ ဆိုသလိုပါပဲဗျို့'ဟု တွေ့သမျှလူတွေကို လျှောက်ပြောသည်။

'ညတုန်းက ကျုပ်ရဲ့နွားမက မြင်းကလေးတစ်ကောင် မွေးလာတယ်ဗျ။ ဒီအဖြစ်မျိုးက အနှစ်တစ်ရာမှ တစ်ခါဆိုသလို ဖြစ်တောင့်ဖြစ်ခဲပါ'

အခုဆိုလျှင် ဤသတင်းပလင်းသည် လူတိုင်းပါးစပ်ဖျားတွင် ဟိုလေးတကြော်ဖြစ်နေလေပြီ။ ရွာသူရွာသားများက 'တကယ်ပဲလား ဦးပေတေရေ . . .'ဟု မေးကြမြန်းကြသောအခါ သူက ခပ်ပြုံးပြုံးနှင့် ခေါင်းတညိတ်ညိတ် လုပ်ပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ ညာတတ် လိမ်တတ်သော ဦးပေတေက သူတို့ကို အခုလို ရှင်းပြသည်။

'အဲ ...ကြက်မကနေ ဘဲကလေးတွေပေါက်သလို၊ နောက်ပြီးတော့ ဘဲမကလေ ကြက်ကလေးတွေ ပေါက်သလိုပါပဲဗျို့'

တောင်ယာလယ်တောက သူ့နွားခြံဆီသို့ ရွာထဲကလူတွေ တရုန်းရုန်းနှင့် သွားပြီးကြည့်ကြသည်။ ထိုခြံထဲမှာတော့ နွားမကြီးအနီးတွင် မျက်စိသူငယ်၊ နားသူငယ် ဖြစ်နေသည့် မြင်းကလေးတစ်ကောင်ကို သူတို့ မြင်တွေ့သွားကြသည်။

ပြီးတော့ သူတို့အားလုံးက 'ဦးပေတေရေ ... ခင်ဗျားအဖြစ်က တကယ့်ကို ထူးဆန်းထွေလာပဲဗျို့'ဟု တအံ့တသြ ပြောကြလေသည်။

ထိုစဉ် လူရွယ်၏ မြင်းဇောင်းထဲတွင် မြင်းကြီးခမျာ သူမ၏ပေါက်ခါစ မြင်းကလေးကို တရှာရှာ တဖွေဖွေ လုပ်နေသည်။ လူရွယ်သည် ဂနာမငြိမ်ဖြစ်နေသည့် သူ့မြင်းမကို ကြည့်၍ တစ်ခုခု သံသယဝင်လာလေသည်။

သို့နှင့် သူသည် လူတွေ စုရုံးစုရုံးလုပ်နေကြသည့် ဦးပေတေ၏ နွားခြံဆီသို့ အပြေးကလေး သွားရောက်လေသည်။ ထိုနွားခြံထဲမှာတော့ သနားစရာ မြင်းပေါက်ကလေးသည် သူ့အမေကို လိုက်ရှာနေပြီး မြင်းမကြီးနှင့် တစ်ရောင်တစ်သွေးတည်းဖြစ်သည့် ဤမြင်းကလေးခမျာ အခုကို ငိုတော့မည့်အတိုင်းပါပဲ။

လူရွယ်သည် ဦးပေတေထံသွားပြီး 'ဒီမြင်းကလေးဟာ ကျွန်တော့်ခြံမှာ ကျွန်တော် မွေးထားတဲ့ မြင်းမကြီးက ပေါက်ခဲ့တာပါ'ဟု အော်ပြောသည်။

'မနေ့ညတုန်းက ဒီမြင်းကလေးကို ကျွန်တော် မသိအောင် ခင်ဗျား လာယူသွားတာ မဟုတ်လား'

ပေပေတေတေ ဦးပေတေက သူ၏ခေါင်းကို ခါယမ်းရင်း 'မင်းတစ်ယောက် ထင်ရာမြင်ရာတွေ ရမ်းပြောမနေပါနဲ့ဟေ့'ဟု ငြင်းလေသည်။

'ယုံချင်ယုံ၊ မယုံချင်နေ ...၊ ငါ့နွားမကနေ မြင်းကလေးတစ်ကောင် မွေးလာတာ အခု မင်းမျက်စိနဲ့ မြင်တဲ့အတိုင်းပဲလေကွာ'

လူငယ်က ရွာသူရွာသားများအား အောက်ကျခံ၍ ရှင်းပြသော်လည်း သူတို့ကိုယ်တိုင် ဇဝေဇဝါဖြစ်နေကြပြီး 'အဲ ...ဦးပေတေ ပြောသလို ကြုံခဲပေစွ သဘာဝပဲပေါ့ကွာ။ ဒါ မဖြစ်နိုင်ဘူးလားဟေ့ ...'ဟု ပြန်ပြောကြသည်။

'ဒါပေမဲ့ တကယ်တမ်းတော့ ဒီကိစ္စကို ငါတို့လည်း အဆုံးအဖြတ်မပေးနိုင်ပါဘူး မောင်လူရွယ်ရေ ...'

www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် လူတွေသူတွေကြားထဲမှ မုတ်ဆိတ်ဖြူဖြူ အဘိုးဦးတစ်ဦး တိုးထွက်လာပြီး သူက 'ကျုပ်ဟာ နယ်စားကြီးထံပါးမှာ နှစ်ရှည်လများပဲ ခုံသမာဓိလူကြီးလုပ်ခဲ့သူတစ်ယောက်ပါကွဲ့'ဟု ဆိုလေသည်။

'ဒီက နှစ်ဦးနှစ်ဖက် သဘောတူ ခေါင်းညိတ်ကြမယ်ဆိုရင် ဒီကိစ္စကို ကျုပ်အဆုံးအဖြတ်ပေးနိုင်ပါရဲ့'

အခုလို အဘိုးအို ပြောပြသည့်အခါ မြင်းမွေးသူ လူရွယ်သည် စိတ်အားတက်သွားပြီး မဆိုင်းမတွ ခေါင်းညိတ်ပြသလို နွားပိုင်ရှင် ဦးပေတေကလည်း သဘောတူလေသည်။

ရှေးဦးစွာ ဦးပေတေက 'ဒီ . . . ဒီလိုရှိပါတယ်'ဟု စပြီးပြောသည်။

'ရပ်ထဲရွာထဲမှာ ထူးဆန်းထွေလာအဖြစ်တွေ တစ်ခါတစ်ခါ ပေါ်လာတတ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့နွားမကနေ မြင်းကလေးတစ်ကောင် မွေးလာတာဖြစ်နိုင်ပါတယ်ဗျို့'

ထိုအခါ လူရွယ်က 'ဦးပေတေ ပြောတဲ့ မယုံနိုင်စရာ ဖြစ်ရပ်ဆန်းကြယ်ထက်ကျွန်တော် ကြုံခဲ့ရတာက ပိုပါသေးတယ် အဘိုးရေ . . .'ဟု ဆိုလေသည်။

မုတ်ဆိတ်ဖြူဖြူ အဘိုးအိုက 'အေး . . . ဆက်ပါဦးကွဲ့'ဟု ပြောသည်။

ရွာသူရွာသားများကလည်း 'အဲ . . . ဆိုစမ်းပါဦး မောင်လူရွယ်ရေ . . .'ဟု စိတ်ဝင်တစားနှင့် နားထောင်နေကြရင်း သူ့ကို ပွဲတောင်းကြလေပြီ။

လူရွယ်က 'မနေ့ညနေက ပျင်းနေတဲ့ ကျွန်တော်ဟာ ကောင်းကင်ကို မော့ကြည့်နေတုန်း မိုးပေါက်ပြဲနေတာကို လှမ်းမြင်လိုက်ရပါတယ်'ဟု ပြောသည်။

'ဒီလိုနဲ့ ကျွန်တော်လည်း မိုးပြဲတာကို တက်ပြီးဖာဖို့ အပ်တစ်ချောင်းကိုယူပြီးတော့ ကျွန်တော့်မြင်းမဆီက မြင်းမြီးမွေးတချို့ တောင်းပါတယ်။ မြင်းမက ဒီညမှာ မြင်းပေါက်ကလေး မွေးမှာမို့ စောစောပြန်လာပါ ကိုလူရွယ်ရေ . . . လို့ မှာပါတယ်ခင်ဗျာ'

ထို့နောက် လူရွယ်က သူ့စကားကို အခုလို ဆက်၍ပြောလေသည်။

'အဲဒီလို မိုးပြဲလို့ တက်ပြီးဖာရာကအပြန် ကျီးကန်းတစ်ကောင်နဲ့ လမ်းမှာဆုံမိကြပါတယ်။ သူ့နှုတ်သီးထဲမှာ ဒီက ဦးပေတေရဲ့ တဲတစ်လုံး၊ ယာတစ်ခင်းနဲ့ နွားမတစ်ကောင် ကိုက်ချီလာတာကို တွေ့လိုက်ရပါတယ်'

ထိုအခါ ဦးပေတေက 'ဟ . . . ဟ . . . အဲဒါ မဖြစ်နိုင်ဘူးကွ'ဟု ခါးခါးသီးသီးငြင်းဆန်လေသည်။

www.burmeseclassic.com

 www.burmeseclassic.com

ထိုအခါ ခုံသမာဓိ အဘိုးအိုက 'ကဲ ... မောင်လူရွှယ်၊ ဆက်ပြီးပြောစမ်းပါဦး'ဟု တည်ငြိမ်စွာ ပြောသည်။

ရွာသူရွာသားများကလည်း လူရွှယ် ပြောပြသည်ကို ဆက်၍နားထောင်ပြီးရင်း နားထောင်နေချင်ကြတော့သည်။

လူရွှယ်က 'အဲဒီကျီးကန်းဟာ သူ ကိုက်ချီလာသမျှကို မီးလောင်နေတဲ့ မြစ်ထဲက သဲသောင်တွေပေါ်ကို ပစ်ချလိုက်ပါတယ်'ဟု ဆက်ပြောလေသည်။

'ကျွန်တော်လည်း ခြင်းကြားတောင်းတစ်လုံးနဲ့ ရေတွေသယ်ပြီး လောင်းလိုက်၊ ပက်လိုက်ရတာ တစ်ညနေလုံးပါပဲ။ နောက်တော့ ကျွန်တော်က ကျီးကန်းကို လှမ်းခေါ်လိုက်ပြီး ဦးပေတေရဲ့ တဲတစ်လုံး၊ ယာတစ်ခင်းနဲ့ နွားမတစ်ကောင်ကို သူ့နေရာနဲ့သူ ပြန်ထားပေးဖို့ ကျွန်တော်ကပဲ သူ့ကို ခိုင်းစေခဲ့ရပါတယ်'

ဦးပေတေက 'အဲ ... အဲ ... ခုံသမာဓိကြီးခင်ဗျား'ဟု ခေါ်လိုက်သည်။

'မိုးပြိုလို့ သူက တက်ပြီးဖာတယ် ဆိုတာကို ဘယ်လိုယုံရမလဲဗျို့။ ကျီးကန်းတစ်ကောင်က ကျွန်တော့် ခြံမြေယာခင်းကို ဘယ်လိုချီသွားနိုင်မှာလဲ။ မြစ်ထဲက သဲတွေ မီးလောင်တယ် ဆိုတာလည်း စဉ်းစားကြည့်ပါဦး အရပ်ကတို့။ သူ ပြောတာတွေ တစ်ခုမှ မဖြစ်နိုင်ပါဘူး။

မုတ်ဆိတ်ဖြူဖြူ အဘိုးအိုက 'ကောင်းပါပြီ ဦးပေတေရ ...'ဟု ဆိုလေသည်။

'ဒါဆိုရင် နွားမတစ်ကောင်ကရော သူနဲ့ မျိုးမတူတဲ့ မြင်းပေါက်ကလေးကို ဘယ်လိုလုပ်ပြီး မွေးနိုင်မှာလဲ။ ဒါဟာ သဘာဝမကျဘူး မဟုတ်လား'

နောက်ဆုံးတွင် ပေပေတေတေ ဦးပေတေသည် မသိနိုးနားနှင့် သူ ခိုးယူလာသည့် မြင်းကလေးအား လူရွှယ်သို့ ပြန်ပေးရလေသည်။ စာနာတတ်သော လူရွှယ်ကလည်း သူ့မြင်းဇောင်းထဲက တမျှော်မျှော်ဖြစ်နေသည့် မြင်းမကြီးထံသို့ ဤမြင်းပေါက်ကလေးကို အပ်နှံလိုက်လေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



လင်းတ ဘာကြောင့် ထိပ်ပြောင်

www.burmeseclassic.com

www.burmeseclassic.com

# လင်းတ ဘာကြောင့် ထိပ်ပြောင်

လင်းတဆိုသည်မှာ ခပ်ထုံထုံ ခပ်အအဖြစ်ပြီး တကယ်တမ်း သူသည် ခပ်ပေါပေါ ငှက်အိုတစ်ကောင်ဟုပင် ပြောနိုင်သည်။

သူ၏ အမွေးအတောင်များကို သင် ကြည့်ကြည့်ပါဦး။

အမွေးအတောင် လှလှကလေးတွေပါလားဟု ဘယ်လိုမှ မပြောနိုင်။ အရောင်ခပ်မွဲမွဲနှင့် ညှိုလိုက်တာ လွန်ပါရောပဲ။

တစ်ခုသောရက်တွင် လင်းတသည် သူ့အတောင်နှင့် အမွေးအမှင်တွေ တစ်ချောင်းပြီး တစ်ချောင်း ကျွတ်လာနေသည်ကို သတိထားမိလေသည်။

သူသည် စိတ်ပျက်လက်ပျက်နှင့် 'အာ ... ဟာ ...'ဟု ညည်းညူလေသည်။

'ဒီ ... ဒီလိုမျိုး အမွေးအတောင်တွေ ဆက်ပြီးသာ ကျွတ်နေရင် ငါ ... ငါတော့ ခက်တော့မှာပဲ။ ငါ့ခေါင်းမှာလည်း တဖြည်းဖြည်းနဲ့ အမွေးအမှင်တွေ နည်းလာနေပြီ'

သို့နှင့် လင်းတသည် ခေါင်းတကုပ်ကုပ် လုပ်နေပြီး သူနှင့် ခင်မင်းရင်းနှီးသော အခြားငှက်များနှင့် ဤကိစ္စ တိုင်ပင်ကြည့်မည်ဟု တွေးလေသည်။

သို့နှင့် တစ်နေ့လယ်ခင်းတွင် သူသည် အိမ်နီးချင်းဖြစ်သူ ကျီးကန်းထံသို့ အလည်အပတ် သွားသည်။

သူတို့နှစ်ဦးသည် စပ်မိစပ်ရာ ပြောကြရင်း ကျီးကန်းက သူ့ကို 'ဟုတ်ပါရဲ့ လင်းတရေ ...။ အခုဆိုရင် မင်းမှာ အမွေးအတောင်တွေ သိပ်မရှိတော့ပါလား' စု ပြောလေသည်။

'ငါကတော့ မိုးရွာပြီဆိုတာနဲ့ မိုးတောထဲကို အမြန်ပေးပြီး မိုးရေကို အဝချိုးလိုက်တာပဲ။ အဲဒါကြောင့် ထင်ပါရဲ့။ ငါ့အမွေးအတောင်တွေဆိုရင် မည်းပြောင်ပြီး သန်မာနေလိုက်တာ မင်း မြင်တဲ့အတိုင်းပါပဲဟော့'

သနားစရာ လင်းတသည် မိတ်ဆွေကြီး ကျီးကန်း ပြောသလို မိုးရွာပြီဆိုတိုင်း မိုးရေကို အခါခါ ချိုးသည်။ သို့ရာတွင် သူ တသသလေးဖြစ်နေသည့် အမွေးအတောင်တွေက ကျွတ်မြဲ ကျွတ်နေသဖြင့် သူ့ခမျာ ကြံရာမရ ဖြစ်နေလေပြီ။

သို့နှင့် လင်းတသည် ကစားဖော် ကစားဖက်ဖြစ်သူ ချိုးထံသို့ သွားရောက်ပြီး 'ဒီ ... ဒီမှာ ချိုးရေ ...၊ ငါ့အမွေးအတောင်တွေ ခပ်ပါးပါးလေးပဲ ကျန်တော့

www.burmeseclassic.com

www.burmeseclassic.com


တယ်။ အဲ ... အဲဒါ မင်းဆီမှာ အကြီကောင်းလေးများ ရ ... ရနိုင်မလားလို့ပါ' ဟု ပြောသည်။

ချိုးက 'လင်းတရေ ...၊ မင်း ခပ်ပျော်ပျော်လေး နေပါ။ သီချင်းလေး၊ ဘာလေး ဆိုပါ။ စိတ်ပျိုရင် ကိုယ်နုတယ် မဟုတ်လားကွ' ဟု ခပ်ပြုံးပြုံး ပြောသည်။

'ငါကတော့ ငါ့ကိုယ်ပိုင် 'တကူကူး ... ကူး'ကို အမြဲဆိုတတ်တယ်။ ဒါကြောင့် ငါ့အမွေးအတောင်တွေက မွမွလေးနဲ့ သန်စွမ်းနေတယ် ထင်တာပဲ'

ပြောစကား နားထောင်သော လင်းတသည် သူငယ်ချင်း ချိုး ပြောသလို သီချင်းတစ်ပုဒ်ကိုဆိုဖို့ ကြိုးစားခဲ့သော်လည်း 'ဂီး ... ဟီး ... ဟီး ...'က လွဲ၍ သာယာချိုမြိန်ဖွယ်အသံလေး မဖြစ်နိုင်ခဲ့ချေ။ သို့နှင့် သူသည် သီချင်းလေး တအေးအေး လုပ်နေဖို့ ကိစ္စကို လက်လျှော့လိုက်တော့သည်။

သူသည် စိတ်အားငယ်စွာ 'အာ ... ဟာ ...'ဟု မြည်တမ်းလေသည်။

နောက်များမကြာမီ လင်းတသည် ရောင်းရင်းဖြစ်သူ ရစ်ထံသို့ အလည်အပတ်သွားပြီး သူတို့နှစ်ဦး တိုင်ပင်ကြသောအခါ ရစ်က 'အင်း ... ငါက ပြောင်း၊ လူး၊ ဆတ်လိုမျိုး အစေ့အဆံတွေကို တကြွပ်ကြွပ်နဲ့ ဝါးစားတတ်တယ်ကွ'ဟု ပြောသည်။

'ဒါကြောင့် ငါ့အမွေးအတောင်တွေက ရွှေအိုရောင်တောက်ပြီး ထူမွမွလေးနဲ့ သန်စွမ်းနေတယ် ထင်တာပဲကွာ'

လင်းတက 'အေးပါ ရစ်ရေ။ ဒီ ... ဒီအတွက် ကျေး ... ကျေးဇူးပါပဲကွာ' ဟု ဝမ်းပန်းတသာ ပြောလေသည်။

သူ၏ရောင်းရင်းဖြစ်သူ ရစ် ပြောပြသည့်အတိုင်း အစေ့အဆံများကို မဖြစ်မနေ စားကြည့်သော်လည်း အသားနှင့် ငါးကို အကြိုက်စားသူ လင်းတခမျာ ဘယ်လိုမှ သူ့လည်ချောင်းထဲမှာ မျိုမကျပေ။

သို့နှင့် သူသည် ပြောင်း၊ လူး၊ ဆတ်လိုမျိုး အစေ့အဆံများကို တကြွပ်ကြွပ် မစားနိုင်တော့ဘဲ ရပ်နားထားလိုက်တော့သည်။

အခုဆိုလျှင် သူ့အမွေးအတောင်တွေ အရင်ကထက် ကျွတ်ထွက်လာနေပြီး အထူးသဖြင့် သူ့ဦးခေါင်းမှာ ပို၍ပြောင်လာလေသည်။

မျက်နှာလေးငယ်နေသည့် လင်းတအား အခြားအိမ်နီးနားချင်းများက 'အင်း ... လင်းတရေ၊ စိတ်အင်အားတွေ မလျှော့လိုက်ပါနဲ့။ မင်း အမွေးအမှင်နဲ့ အတောင်တွေ အသစ်ပြန်ပေါက်လာနိုင်ပါသေးတယ်ကွာ'ဟု အားပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင်လည်း လင်းတသည် တကယ်ပဲ အားကိုးရာမဲ့ဖြစ်နေပြီး 'ဟော့ ...ထိပ်ပြောင်ငှက်၊ အဲ ...ငှက်ထိပ်ပြောင်ရေ ...'ဟု အခေါ်ခံရမည်ကို သူ တွေးပူနေလေပြီ။ သူ့ခမျာ စားမဝင်၊ အိပ်မပျော်ဖြစ်နေပြီး တစ်စတစ်စနှင့် ပိန်ချုံးလာနေလေပြီ။

ပေါတောတောဖြစ်သူ ဤလင်းတငှက်တွင် ဘာအမွေးအတောင်မှ မရှိ။ ထို့ကြောင့်ပင် သူသည် စိတ်ဓာတ်ကျနေသော ငှက်အိုကြီးပုံစံမျိုး ဖြစ်နေလေပြီ။ သူ၏ မျက်နှာကလည်း ရှုံ့မဲ့မဲ့နှင့် သူ့ကို တစ်ဦးဦးက လက်လာတို့လျှင် အခုပဲ ငိုတော့မည့်အတိုင်းပါပဲ။

သို့နှင့် အိမ်နီးနားချင်း ငှက်တွေအားလုံးက လင်းတအား ဝိုင်း၍သနားလာကြပြီး 'လင်းတရေ ...မင်းတစ်ယောက် စိတ်အားမငယ်ပါနဲ့ကွာ'ဟု ပြောကြသည်။

'မင်းကို အကူအညီပေးဖို့ ငါတို့ တိုင်ပင်ထားတာတစ်ခု ရှိပါတယ်ဟေ့။ အဲဒါကတော့ တို့အားလုံးက မင်းကို အမွေးအတောင်တစ်ချောင်းစီ နုတ်ပြီးပေးမယ်။ ဒါဆိုရင် မင်းဟာ အမွေးအမှင် ခပ်မွမွ၊ အတောင်အလက် ခပ်ပွပွလေးနဲ့ လှသွားမှာပါဟေ့ ...'

က,နေသော ဒေါင်းက 'ဟုတ်တယ်ကွ။ ငါ့ဆီက အမြီးတစ်ချောင်း ရရပါစေမယ်ဟေ့'ဟု ပြောသလို တွန်နေသော တောကြက်ကလည်း 'ငါ့အတောင် တစ်ချောင်း မင်း လာယူပါဟေ့'ဟု ဆိုသည်။

ထို့အတူ ငှက်ခါးက 'ငါ့ငှက်မွေး အစိမ်းတစ်ချောင်း မင်းကို ပေးမယ်လေ'ဟု ဝမ်းပန်းတသာ ပြောသလို လင်းယုန်ကလည်း 'မင်းကြိုက်ရာ အတောင် တစ်ချောင်း လာယူပါကွာ'ဟု ကျေကျေနပ်နပ် ဆိုလေသည်။

ခပ်ထုံထုံ ခပ်အအ ဤလင်းတသည် ချက်ချင်းပင် ပြုံးလာပြီး 'အဲ ...ဟဲ ...ကျေးဇူး အထူးပါပဲကွာ'ဟု ခွန်းတုံ့ပြန်သည်။

သို့နှင့် အပေါင်းအသင်း ငှက်တွေအားလုံးက သူတို့၏ အမွေးအတောင် တစ်ချောင်းစီကို ထုတ်ပေးကြပြီး လင်းတ၏ကိုယ်မှာ တပ်ဆင်ပေးကြလေသည်။

ထို့နောက်တော့ လင်းတသည် ထူးဆန်းအံ့ဖွယ် အရောင်စုံ ငှက်ကြီးတစ်ကောင် ဖြစ်လာလေသည်။ သူသည် လှပသည့် အတောင်တစ်စုံကို ဖြန့်ကြည့်လိုက်၊ သူ့ကိုယ်သူ သဘောကျပြီး ပြုံးလိုက် လုပ်နေတော့သည်။

အခုဆိုလျှင် ဤငှက်အိုတစ်ကောင်သည် ဘဝင်မြင့်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လင်းတသည် သူများတွေဆီက ရထားသည့် အမွေးအတောင်များကို ဆင်ပြီး ဟိုဟိုသည်သည် လျှောက်သွားလေသည်။

သူ၏အိမ်နီးချင်း ကျီးကန်းနှင့် တွေ့သောအခါ 'ငါ့ကိုကြည့်ပါဦး ကျီးမည်းလေးရေ ...'ဟု ခပ်ပြုံးပြုံး ပြောသည်။

'ငါဟာ ငှက်တွေထဲမှာ အရောင်အစုံဆုံး မဟုတ်လား'

ထို့နောက် လင်းတသည် သူ၏ကစားဖော် ချိုးထံသို့ အိမ်လည်သွားသည်။

'ငါဟာ ငှက်တွေထဲမှာ ရုပ်အဖြောင့်ဆုံး ဖြစ်ပါတယ်ဟေ့'

တစ်ဖန် သူသည် ရောင်းရင်းဖြစ်သူ ရစ်ထံသို့ အရောက်သွားပြီး 'ငါ့ကို ငေးနေပါသလား မောင်ရစ်ရေ ...'ဟု ခပ်ထေ့ထေ့ ပြောသည်။

'ငါက ငှက်တွေထဲမှာ အလှဆုံးပါပဲဟေ့'

မြောက်ကြွမြောက်ကြွ ဖြစ်နေသည့် လင်းတသည် ငှက်အပေါင်း၏ရှေ့မှာ 'အဲ ... တကယ်တမ်း ငါဟာ ဒီတောရဲ့ ငှက်ဘုရင်တစ်ပါးဟေ့'ဟု အော်ပြောလေသည်။

သူ့ပြောစကားတွေက အခုလို ခပ်ရိုင်းရိုင်း ဖြစ်လာသဖြင့် အခြားငှက်တွေ စိတ်ဆိုးသွားကြသည်မှာလွန်ပါရော။

ငှက်အပေါင်းက 'ဒီမှာ လင်းတရေ ...'ဟု လှမ်းပြောလေသည်။

'မင်းကို စာနာလို့ တို့ပေးထားတဲ့ အမွေးအတောင်တွေကို အခုပဲ ပြန်ယူလိုက်ကြတော့မယ်ဟေ့ ...'

ကျီးကန်း၊ ချိုးနှင့် ရစ်အပါအဝင် ငှက်အားလုံးက လင်းတကို ဆွဲဆိတ်လိုက်ကြသည်မှာ သူ့မှာရှိသည့် အမွေးအတောင်များ ပြောင်သလောက် ဖြစ်သွားပါလေရော။


သူ့မှာ နဂိုအတိုင်း ရှိစုမဲ့စု အမွေးအတောင်တချို့သာ ကျန်ပြီး လင်းတ တစ်ကောင် ထိပ်ပြောင်ပြောင်ဘဝသို့ ပြန်ရောက်သွားလေပြီ။

သို့နှင့် လင်းတသည် အားလုံးကို စိတ်နာနေသူ၊ ရုပ်ဆိုးဆိုး ငှက်အိုတစ်ကောင်အဖြစ် အခုအခါ အားလုံး မြင်တွေ့ကြရသည့် သူ့ပုံအတိုင်းပါပဲ။

❑

www.burmeseclassic.com

www.burmeseclassic.com



အကြံပိုင်သော ယုန်

www.burmeseclassic.com

www.burmeseclassic.com

# အကြံပိုင်သော ယုန်

သားရဲတစ်ကောင်ဖြစ်သည့် ခြင်္သေ့ အမဲလိုက်ထွက်ပြီဆိုလျှင် တောနေ တိရစ္ဆာန်အပေါင်းမှာ ရောက်ရာပေါက်ရာသို့ ပြေးကြလွှားကြရတော့သည်။ အခုလို ကြောက်အားလန့်အားနှင့် ဘေးလွတ်ရာသို့ ရှောင်ပုန်းကြရသည့်အထဲတွင် ယုန် တစ်ကောင်လည်း အပါအဝင် ဖြစ်လေသည်။

'ဖြုန်း ... ဖြုန်း ... ဖြုန်း ...'

မျောက်များသည် သစ်ပင်တွေပေါ်သို့ လွှားခုန်သွားကြသည်။

'ဝုန်း ... ဝုန်း ... ဝုန်း ...'

တောင်ဆိတ်များသည် ကျောက်တောင်တွေပေါ်သို့ ပြေးတက်သွားကြသည်။

'အုန်း ... အုန်း ... အုန်း ...'

ကျွဲရိုင်းများသည် ကိုင်းတောတွေထဲသို့ တိုးဝင်သွားကြသည်။

ယုန်ကလေးသည်လည်း ချုံပုတ်တစ်ခုထဲမှာ ကွေးကွေးလေး ပုန်းနေရင်း ရင်တဖိုဖို ဖြစ်နေသည်။ သူတို့အဖို့ အခုလို တွေ့ရကြုံရသည်မှာ နေ့တစ်နေ့တည်း မဟုတ်။ နေ့စဉ်နှင့်အမျှပါပဲ။

ခြင်္သေ့က ဝေါင်းခနဲ ဟိန်းလိုက်ပြီဆိုလျှင် ပုန်းခိုနေကြသည့် တောနေတိရစ္ဆာန် များခမျာ သူတို့ပုန်းခိုရာ ချောင်ကလောင်များထဲမှပင် ရင်မသည်းဖို ဖြစ်နေကြလေ ပြီ။

သို့ရာတွင် ခြင်္သေ့အတွက်လည်း နေ့စဉ်အမြဲ သားကောင်ရနေတတ်သည် မဟုတ်။ တစ်ခါတစ်ရံ သူ့မှာ နေ့လယ်စာ စားစရာမရှိ။ မကြာခဏပင် ညစာ လွတ်နေတတ်လေသည်။ သူက မုဆိုးလုပ်စားရတာ ပြေးလိုက်လွှားလိုက်နဲ့ မလွယ် ကြောပါပဲဟု တွေးလေသည်။

သို့နှင့် တစ်ခုသောရက်တွင် ခြင်္သေ့သည် တောနေအပေါင်းတို့အား 'ကဲ ... ငါတို့ ဒီလိုလုပ်ကြရင် ကောင်းမလားဟေ့'ဟု ပြောသည်။

'ငါ အမဲလိုက်ပြီဆိုရင် မင်းတို့တစ်တွေ အကြောက်လွန်ပြီး ဟိုပြေး သည် လွှားနဲ့ တစ်တောလုံး ဆူညံနေတာပဲ။ တစ်နေ့ကို ငါ့အတွက် သားကောင် တစ် ကောင် လာပေးရင် အမဲလိုက်ထွက်တာကို ငါ ရပ်လိုက်ပါ့မယ်ဟေ့'

ထို့နောက် သူက အခုလို ဆက်၍ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒါဆိုရင် ငါလည်း ဖတ်ဖတ်မောစရာ မလိုတော့ဘူး။ မင်းတို့လည်း နေ့တိုင်း ရင်တထိတ်ထိတ်နဲ့ မပြေးရ မလွှားရတော့ဘူး မဟုတ်လားဟေ့'

အခုလို ခြသေ့ ပြောပြသည်ကို တောနေတိရစ္ဆာန်များက နားထောင်ပြီး သူတို့ခမျာ သက်ပြင်းချလိုက်၊ ခေါင်းကုတ်ရင်း စဉ်းစားလိုက် လုပ်နေကြလေသည်။

မျောက်များက 'ဒါဆိုရင် ငါတို့လည်း သစ်ပင်တွေပေါ် တဖြုန်းဖြုန်းနဲ့ လွှားခုန်သွားဖို့ မလိုတော့ဘူးပေါ့'ဟု ပြောသည်။

တောင်ဆိတ်များက 'ဒါဆိုရင် ငါတို့လည်း ကျောက်တောင်တွေပေါ် တဝုန်းဝုန်းနဲ့ ပြေးတက်သွားဖို့ မလိုတော့ဘူးပေါ့'ဟု ပြောသည်။

ကျွဲရိုင်းများက 'ဒါဆိုရင် ငါတို့လည်း ကိုင်းတောတွေထဲ တအုန်းအုန်းနဲ့ တိုးဝင်သွားဖို့ မလိုတော့ဘူးပေါ့'ဟု ပြောသည်။

ထို့အတူ ယုန်ကလေးတစ်ကောင်သည်လည်း ချုံပုတ်တစ်ခုထဲတွင် ကွေးကွေးလေး ပုန်းနေရင်း ရင်တဖိုဖိုဖြစ်စရာ မလိုတော့ပေ။ နောက်ဆုံးတွင် သူတို့အားလုံးက ခြသေ့ ပြောပြသည်ကို သဘောတူ ခေါင်းညိတ်ကြလေသည်။

ခြသေ့က 'ဒါဆိုရင် မနက်မိုးလင်းပြီဆိုတာနဲ့ ငါ့ဆီကို သားကောင်တစ်ကောင် ပို့ပေးရမယ်။ အဲဒါ မင်းတို့ မမေ့ကြပါနဲ့ဟေ့'ဟု ပြောသည်။

ညနေရောက်ပြီဆိုသည်နှင့် တောနေတိရစ္ဆာန်များခမျာ ကံဆိုးကံကောင်း မဲနှိုက်ကြရပြီး သူတို့ထဲက ကံမကောင်းသူ တစ်ဦးတစ်ယောက်သည် နောက်တစ်နေ့ မနက်တွင် ခြသေ့ထံသို့ မဖြစ်မနေ သွားရောက်ရလေသည်။

မနက်တိုင်း မနက်တိုင်း ခြသေ့သည် သူ့ထံသို့ရောက်လာသည့် သားကောင်အား ဆွဲဖွဲ့ကာ စားဝါးပစ်မြဲ ဖြစ်လေသည်။

တစ်နေ့တာအတွက် အစားအစာ ပြည့်စုံသဖြင့် ခြသေ့သည် သူ၏သားရဲတွင်းမှနေ၍ အပြင်သို့မထွက်။ ဤသားရဲတစ်ကောင် တောထဲသို့မထွက်သဖြင့် တောနေတိရစ္ဆာန်များ စိတ်အေးလက်အေး အစာရှာ၊ စိတ်ချလက်ချ နေထိုင်သွားလာနိုင်ကြလေသည်။

ဤတောအုပ်ထဲတွင် အခုလို ငြိမ်ငြိမ်ဆိမ်ဆိမ်၊ အေးအေးချမ်းချမ်းလေး ရှိနေသည်မှာ သီတင်းပတ်အချို့ ကြာလာခဲ့လေပြီ။

တစ်ခုသောညနေ သူတို့ ခါတိုင်းလို ကံဆိုးကံကောင်း မဲနှိုက်ကြစဉ် နောက်နေ့ မနက် ခြသေ့ထံသို့သွားရန် အလှည့်ကျသူမှာ ယုန်ကလေး ဖြစ်လာခဲ့လေပြီ။

သူတို့အားလုံးက 'ငါတို့လည်း စိတ်မကောင်းပါဘူး ယုန်ကလေးရေ ...'

www.burmeseclassic.com

www.burmeseclassic.com


ဟု ဝမ်းပန်းတနည်း ပြောကြသည်။

'ဒီခြင်္သေ့ဆီကို ဘယ်သူမှ မသွားချင်ကြပါဘူး။ မင်းကို ကိုယ်ချင်းစာနာပေမဲ့ ဒီကိစ္စမှာ တို့လည်း ဘာမှမတတ်နိုင်ကြပါဘူးကွာ'

ထိုအခါ ယုန်ကလေးက 'ဟုတ်ကဲ့ပါ'ဟု တုံ့ပြန်ပြောသည်။

'မနက် မိုးလင်းတာနဲ့ ခြင်္သေ့ရဲ့သားရဲတွင်းဆီကို ကျွန်တော် အရောက်သွားပါ့မယ်။ ဒီအတွက် စိတ်ချပါခင်ဗျား'

အခုလို ယုန်ကလေးက တည်တည်ငြိမ်ငြိမ်နှင့် ပြောပြသော်လည်း သူ့ခမျာ ထိုညတစ်ညလုံး အိပ်မပျော်ပေ။ ခြင်္သေ့ရန်မှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကို သူ တတွေးတောတော ရှိနေတော့သည်။

သို့နှင့် မိုးလင်းခါနီးတွင် ယုန်ကလေးသည် အကြံဉာဏ်ကောင်းတစ်ခု ပေါ်လာပြီး နောက်တော့ သူသည် စိတ်ချလက်ချနှင့် တရေးတမော မှေးအိပ်လေသည်။

အခုဆိုလျှင် နေလုံးကြီးသည် တစ်စတစ်စနှင့် မြင့်တက်လာလေပြီ။

သားရဲတွင်းထဲတွင် ခြင်္သေ့သည် အိပ်ရာမှ နိုးလာပြီး သူ့ရှေ့မှောက်သို့ ရောက်လာမည့် သားကောင်ကို စောင့်နေလေပြီ။ သို့ရာတွင် ဤနေ့အတွက် သူ့ဆီသို့ ရောက်လာသည့် သတ္တဝါဟူ၍ တစ်ကောင်တလေမျှ မရှိ။

သူသည် သားရဲတွင်းမှ ထွက်လာပြီး 'ဟေ့ ... သစ္စာမဲ့တဲ့ ကောင်စုတ်တွေ ...'ဟု အသံအကျယ်ကြီး ဟိန်းဟောက်လိုက်လေသည်။

'ငါ ဗိုက်ဆာနေပြီဟေ့။ ငါ့အတွက် ဘာရိက္ခာမှ မလာဘူးဆိုရင်တော့ မင်းတို့အားလုံး ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်ကွ'

ထိုစဉ် ယုန်ကလေးသည် သူ့အနားသို့ အမောတကောနှင့် ရောက်လာသည်။

ခြင်္သေ့က 'ငါ့အတွက် မနက်စာ ... မင်းဆိုတဲ့ ယုန်ကောင်လေး နောက်ကျလှချည်လားဟေ့'ဟု မေးပြီး သူ စိတ်ဆိုးဒေါသထွက်နေသည်မှာ လွန်ပါရော။

ယုန်ကလေးက 'နည်းနည်းလောက် သည်းခံပေးပါခင်ဗျား'ဟု ပြောသည်။

'ဖြစ်နိုင်ရင် အခုလို ဘာဖြစ်လို့ နောက်ကျနေရတယ်ဆိုတာ ကျွန်တော့်ကို ပြောခွင့်ပြုပါ။ ကျွန်တော် ရှင်းပြပါရစေခင်ဗျာ'

ခြင်္သေ့က 'မင်း ပြောမှာဆိုရင်လည်း မြန်မြန်ပြောစမ်းဟေ့'ဟု ဆိုသည်။

ယုန်ကလေးက 'ဒီ ... ဒီလိုပါ၊ အရှင်ခြင်္သေ့ခင်ဗျာ'ဟု ပြောသည်။

'ကျွန်တော် ဒီသားရဲတွင်းဆီကို လာနေရင်း သူစိမ်းခြင်္သေ့တစ်ကောင်နဲ့ ပက်ပင်းတိုးမိကြပါရော။ သူက ကျွန်တော့်ကို စားမယ်ဝါးမယ်လုပ်လို့ အဲ ... အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com


မလုပ်ပါနဲ့။ ကျွန်တော်က ဒီတောရဲ့ဘုရင် ခြင်္သေ့ကြီးဆီကို မဖြစ်မနေ သွားရမှာပါ'လို့ ပြောပြပါတယ်။

ထို့နောက် သူက အခုလို ဆက်၍ရှင်းပြသည်။

'အဲဒီ သူစိမ်းခြင်္သေ့က ဟော့ ... တောဘုရင် ခြင်္သေ့ဆိုတာ ငါပဲကွ။ အဲဒါ အားလုံးသိအောင် မင်း လိုက်ပြောပေတော့ဆိုပြီး ကျွန်တော့်ကို သူ လွှတ်ပေးလိုက်တာပါ'

ထိုအခါ ဒေါသတကြီးဖြစ်နေသော ခြင်္သေ့က 'အဲဒီ အလိမ်အညာသမား တစ်ယောက်၊ သူ အခု ဘယ်မှာရှိနေသလဲဟေ့'ဟု မေးလေသည်။

'သူ ရှိနေတဲ့နေရာ ငါ့ကို လိုက်ပြပေးစမ်း။ သိကြသေးတာပေါ့ လူကြမ်းမင်းသားရာ။ ဒင်းကို တွေ့တာနဲ့ ဗျင်းခနဲမြည်အောင် ဆွဲဖွဲ့ပစ်ရမယ်ကွ'

ပါးနပ်သော ယုန်ကလေးသည် ခြင်္သေ့အား ရေတွင်းပျက်ကြီးတစ်ခုဆီသို့ ခေါ်သွားပေးပြီး 'ဒါ ... ဒါဟာ သူ့ရဲ့သားရဲတွင်း ဖြစ်ပါတယ်ခင်ဗျာ'ဟု ပြောသည်။

'ဒီအထဲမှာ တောဘုရင် ခြင်္သေ့ကြီးဆိုတဲ့ သူစိမ်းခြင်္သေ့ကြီး နေပါတယ်'

ခြင်္သေ့သည် ရေတွင်းပျက်ကြီးထဲသို့ ငုံ့ကြည့်လိုက်သောအခါ ရေပြင်မှ သူ့ပုံရိပ်ကို လှမ်းမြင်ပြီး အလိမ်အညာသမား ခြင်္သေ့ဟု သူ ထင်မှတ်သွားသည်။ သူသည် စိတ်ဆိုးမာန်ဆိုးနှင့် ဟိန်းဟောက်ရင်း ထိုခြင်္သေ့ကို တိုက်ခိုက်ရန် ရေတွင်းထဲသို့ ခုန်ဆင်းလေတော့သည်။


'ရေတွင်းပျက်ကြီးထဲမှ 'ဗွမ်း ...'ဟု အသံအကျယ်ကြီး ကြားရပြီး နောက်ထပ် ဘာဆိုဘာသံမှ မကြားရတော့ပေ။ သူတို့အားလုံး ရင်တထိတ်ထိတ်နှင့် ကြောက်နေကြရသော ထိုခြင်္သေ့လည်း ရေပေါ်သို့ ပြန်ပေါ်မလာတော့ပေ။

တောနေ တိရစ္ဆာန်အပေါင်းတို့သည် ယုန်ကလေး၏ ရဲစွမ်းသတ္တိနှင့် ဉာဏ်ရည်ထက်မြက်ပုံကို ချီးမွမ်းမဆုံး ရှိကြသည်။ ထိုအချိန်မှစ၍ အားလုံးက သူ့ကို 'ပညာရှိသော ယုန်ကလေး'ဟု ချစ်စနိုး ခေါ်ဝေါ်ကြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီး ဖွဲစားသည်

www.burmeseclassic.com

www.burmeseclassic.com

# ဘုရင်ကြီး ဖွဲစားသည်

ရှေးသရောအခါက ဘုရင်မင်းတစ်ပါးသည် အရပ်သားတစ်ဦးအသွင်ဖြင့် မြို့ထဲရွာထဲသို့ တိုင်းရေးပြည်ရာ စနည်းနာထွက်လေသည်။ သူနှင့်အတူ လူယုံတော်တစ်ဦးကို သူ၏ အနီးကပ် ကိုယ်ရံတော်အဖြစ် ခေါ်လာသည်။

ဘုရင်မင်းသည် ရပ်ထဲရွာထဲမှ လူသူအများအကြောင်း ကိုယ်တိုင်ကိုယ်ကျ သိမြင်လိုသောကြောင့် နန်းမြို့အပြင်သို့ အခုလိုထွက်လာခြင်း ဖြစ်လေသည်။

သူ့ကို ဘုရင်တစ်ပါးဟု မည်သူကမျှ မရိပ်မိစေရန် သူ ရုပ်ဖျက်ထားပုံကို ကြည့်ပါဦး။

သူသည် ညစ်နွမ်းနွမ်း တဘက်တစ်ထည်ကို ခေါင်းမှာပတ်ထားပြီး အပေါ်ဝတ် အင်္ကျီမှာ ကပိုကရိုဖြစ်နေလျက်၊ နောက်ပြီး အကွက်မပေါ်တော့သည့် ပုဆိုးကြမ်း တစ်ထည်ကို ဖိုသီဖတ်သီ ဝတ်ဆင်ထားလေသည်။

သူ၏ကိုယ်ရံတော် လူရွယ်သည်လည်း အရပ်ထဲက မြင်နေကျ ကျေးတောသားလေး တစ်ယောက်နှင့် တစ်ပုံစံတည်း ထူးမခြားနားပါပဲ။

ရွာတစ်ရွာ၏ အစွန်အဖျားရှိ အိမ်ခြံဝင်းတစ်ခုရှေ့သို့ ရောက်သောအခါ ဘုရင်မင်း၏ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားကြလေသည်။ ထိုအိမ်ရှေ့ တလင်းပြင်တွင် အဘွားအိုတစ်ဦး ဆွန်ဖွပ်၊ ဆန်ထောင်း လုပ်နေသည်ကို သူ ငေးကြည့်နေခြင်း ဖြစ်လေသည်။

အဘွားအိုသည် ဤအနီးအနားတွင် လာရပ်သည့် သူလိုငါလို လူနှစ်ယောက်ကို သတိမမူမိပေ။ သူမသည် ဆန်ကောတစ်ချပ်ဖြင့် ဆန်ပျာလိုက်၊ ဆန်ကာတစ်ချပ်ဖြင့် ဖွဲစများကို ခါထုတ်လိုက်နှင့် အလုပ်များနေလေသည်။

အိမ်ရှေ့ တလင်းပြင်မှာတော့ စပါးခွံနှင့် ဖွဲစတွေ ပြန့်ကျဲနေကြလေသည်။

ဘုရင်မင်းက 'ဒီဖွဲလေးတွေရဲ့အနံ့က မွှေးနေတာပါပဲလား'ဟု တွေးမိလေသည်။

'အင်း . . . ငယ်ငယ်တုန်းက ငါ စားခဲ့ဖူးတဲ့ ဖွဲနုမုန့်ဆိုတာကို သတိရမိပါရဲ့'

အခုဆိုလျှင် သူသည် ထိုအတွေးထက်ပို၍ အနံ့မွှေးနေသော ဖွဲစများကို သဘောရှိ စားပစ်ချင်သည့်စိတ် ပေါ်လာလေသည်။

ထိုနေရာမှ သူတို့နှစ်ဦး လှည့်ပြန်လာခဲ့ကြပြီးနောက် များမကြာမီ ဘုရင်မင်း

www.burmeseclassic.com

www.burmeseclassic.com


၏ ခြေလှမ်းများ ရုတ်တရက် ရပ်သွားကြပြန်လေပြီ။

ဘုရင်မင်းသည် 'ဒီဖွဲ့လေးတွေရဲ့ အနံ့က သင်းနေတာပါပဲလား'ဟုလည်း တွေးမိနေပြန်လေသည်။

'အဲ ... ဟိုအရင်တုန်းက ငါ မြည်းခဲ့ဖူးတဲ့ ဖွဲနုမုန့်ဆိုတာကို တမ်းတမိပါရဲ့'

အခုဆိုလျှင် သူသည် ဤမျှ အနံ့သင်းနေသော ဖွဲ့စများကို တကယ်တမ်း အကြိုက်စားပစ်ချင်သည့်စိတ် ပေါ်လာပြန်သည်။

သို့နှင့် ဘုရင်မင်းသည် သူ၏ကိုယ်ရံတော်အား 'မောင်မင်း ... မင်းကို ငါ အမိန့်တော်ပေးမယ်။ အဲဒါကို ရှက်ဆောင်ပေးပါဟေ့'ဟု တီးတိုးပြောသည်။

'အခုန ငါတို့ ရပ်ကြည့်နေခဲ့တဲ့ အိမ်ခြံဝင်းကို မောင်မင်း ပြန်သွားချေပါ။ ပြီးတော့ ဆန်ထောင်းနေတဲ့ အဘွားအိုဆီက ဖွဲတချို့ တောင်းယူလာခဲ့။ အဲဒီဖွဲ့တွေကို ငါ သုံးဆောင်လိုတယ် မောင်မင်း ...'

ဘုရင်မင်းတစ်ပါးက အခုလို အမိန့်တော်ရှိသောအခါ ကိုယ်ရံတော် လူရွှယ်တစ်ယောက် တအံ့တသြဖြစ်ရလေပြီ။ လူရွယ်က 'အရှင်မင်းကြီး ...'ဟု လေသံကြားမျှ လှမ်းခေါ်သည်။

'ဒီလိုမျိုး ဖွဲ့တွေကို အရှင်မင်းကြီး သုံးဆောင်တော်မူမယ်ဆိုတာ မသင့်တော်ပါဘူး။ နောက်ပြီး ဖွဲဆိုတာဟာ အဲ ... နွားတို့၊ ဝက်တို့ရဲ့ အစာမျှသာ ဖြစ်ပါတယ်'

လူယုံတော်ဖြစ်သူ လူရွယ်က အခုလို ခေါင်းခါပြနေသည်ကို ဘုရင်မင်းက လက်မခံနိုင်ပေ။ သူက 'ဒီမှာ ငါ့ရဲ့အမှုတော်ထမ်း မောင်မင်း'ဟု ခပ်တိုးတိုး မိန့်သည်။

'မင်း ငါ့ကို ဘာတစ်ခွန်းတစ်ပါဒမှ ဆက်ပြီး မလျှောက်ထားပါနဲ့။ အခု ငါ စေခိုင်းတဲ့အတိုင်းသာ မင်းတစ်ယောက် လုပ်ဆောင်ပေတော့ဟေ့'

အမှုတော်ထမ်း လူရွယ်သည် ဘုရင်မင်းအား နောက်ထပ် အတွန့်တက်၍ မရနိုင်ဟု နားလည်သွားလေသည်။

သို့နှင့် သူသည် ဘုရင်မင်း အမိန့်တော်ရှိသည့်အတိုင်း အဘွားအို၏ အိမ်ခြံဝင်းသို့ တစ်ခေါက်ပြန်သွားလေသည်။ ထို့နောက် သူသည် ဖွဲစများကို ရနိုင်သမျှ ယူဆောင်လာပြီး ဘုရင်မင်းအား ဆက်သရတော့သည်။

အသင့်စောင့်နေသော ဘုရင်မင်းသည် လူသူမမြင်ကွယ်ရာ တစ်နေရာတွင် ဟန်ကျပန်ကျထိုင်ပြီး ဖွဲ့စများကို သူ့သဘောရှိ၊ သူ့စိတ်ကြိုက် စားလေတော့

www.burmeseclassic.com

www.burmeseclassic.com


သည်။

ထို့နောက် ဘုရင်မင်းက လူရွှယ်အား 'ဒီမှာ မောင်မင်း ... ဒီအကြောင်းကိုတခြား ဘယ်သူဘယ်ဝါမှ မသိပါစေနဲ့ဟေ့'ဟု မိန့်တော်မူသည်။

'အေး ... မောင်မင်းဟာ မနေနိုင် မထိုင်နိုင်ဖြစ်ပြီး တစ်ယောက်ယောက်ကို ဖွင့်ပြောမိရင်တော့ အဲဒီနေ့ တောင်စွယ် နေကွယ်ချိန်မှာ မင်း သေပြီသာ မှတ်ပေတော့'

သို့နှင့် ညချမ်းအချိန်တွင် သူတို့နှစ်ဦးသည် မြို့ထဲရွာထဲမှ ထွက်၍ နန်းတွင်းသို့ တိတ်တဆိတ် ပြန်လာခဲ့ကြတော့သည်။

အမှုတော်ထမ်း လူရွှယ်တစ်ယောက် သူ့နေအိမ်သို့ ပြန်ရောက်လာသည့်အခါ ဤကိစ္စကို ပြောချင်နေသည်မှာ နေလို့မရ၊ ထိုင်လို့မရ ဖြစ်နေလေပြီ။ လူရွှယ်သည် အိပ်နေသော သူ့ဇနီးဖြစ်သူကို နှိုးပြီး ပြောပြရမလားဟု တတွေးတောတော ဖြစ်နေသည်။

တကယ်တမ်း ဘုရင်မင်း၏ အမိန့်တော်အရ သူ မည်သူ့ကိုမျှ ပြောပြ၍ မဖြစ်နိုင်ပေ။

'ဘုရင် ... မင်းကြီး ... ဖွဲစားတယ်။

ဒီအကြောင်းကို ...

... တစ်ယောက်ယောက်ကို ပြောလိုက်ချင်ချင်ဟေ့ ....'

သို့ရာတွင် ဤကိစ္စကို ဘယ်လိုလူ တစ်ဦးတစ်ယောက်ကိုမျှ သူ ဖွင့်ဟ၍ မဖြစ်နိုင်ပေ။ သူ့ခမျာ တစ်ညလုံး အိပ်မရဘဲ အိပ်ရာပေါ်မှာ လူးလိုက်လှိမ့်လိုက်နှင့် ဖြစ်နေတော့သည်။

ဤအကြောင်းကို မေ့သွားစေရန် သီချင်းတစ်ပုဒ်ကို အော်ဆိုကြည့်သော်လည်း နှုတ်ကလယ်တွင်တွင်ကြိမ်ကြိမ်က ဘုရင်မင်း ဖွဲစားသည်ကိုသာ သူ သတိရနေသည်။

သူသည် ဤကိစ္စကို ရင်ထဲ၌ ရေငုံနှုတ်ပိတ် ဆက်ပြီးမနေနိုင်တော့ဘဲ သူ့နေအိမ်မှ ပြေးထွက်သွားပြီး ဖွင့်ပြော၍ရနိုင်မည့် တစ်နေရာ လိုက်ရှာလေသည်။

လူရွှယ်သည် မြစ်ထဲသို့ လှေတစ်စင်းဖြင့် လှော်ခတ်သွားသည်။ မြစ်လယ်သို့ ရောက်သောအခါ သူသည် စိတ်မချ လက်မချနှင့် အခုလို အတွေးပေါ်လာလေသည်။

'အင်း ... ဒီနားမှာ ဖြတ်သွားတဲ့ တံငါသည်တွေက ငါ့အသံကို ကြားသွားရင် ဘယ့်နှယ်လုပ်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



အခုလို ညဉ့်နက်သန်းခေါင်မှာ ဟိုး . . . မြို့အပြင်က ဇရပ်ပျက်ကြီးတစ်ခု ပေါ်မှာ ဒီအကြောင်း ပြောမည်ဟု သူက ဆက်တွေးသည်။

သို့ရာတွင် မသိနိုးနားနှင့် ရောက်နှင့်နေသော သူခိုးတစ်ယောက်က သူ့အသံ ကို ကြားသွားနိုင်လေသည်။

နောက်ဆုံးတွင် ဘုရင်မင်း၏ကိုယ်ရံတော် လူရွှယ်သည် တောနက်ကြီးထဲ သို့ ဝင်ရောက်သွားသည်။ ဖွင့်ဟပြောဖို့ နေရာကို သူ လိုက်ရှာရင်း သစ်ပင်ကြီး တစ်ပင်၏ သစ်ခေါင်းပေါက်တစ်ခုကို တွေ့ရလေတော့သည်။

သူက 'ငါ ရှာနေတာ ဒီနေရာမှ ဒီနေရာပါပဲဟေ့'ဟု ပြောသည်။

ထိုအခါ သူသည် သစ်ခေါင်းပေါက်ထဲသို့ ခေါင်းဝင်ပြီး ဘယ်လိုမှ အောင့် မထားနိုင်တော့ဘဲ အခုလို အော်လေတော့သည်။

'ဘုရင်မင်းကြီး . . . ဖွဲစားတယ်'

'ဘုရင်မင်းကြီး . . . ဖွဲစားတယ်'

'ဘုရင်မင်းကြီး . . . ဖွဲစားတယ်'

ဤသို့ အော်လိုက်ပြီးနောက် လူရွှယ်ခမျာ နေသာထိုင်သာ ရှိသွားလေပြီ။

သို့နှင့် ရက်လအတန်ကြာပြီးနောက် တစ်ခုသောရက်တွင် နန်းတော်မြို့ရိုး ပေါ်က နာရီစင်ရှိ သစ်သားစည်ကြီးသည် ဟောင်းအိုနေပြီဖြစ်၍ အသစ်လဲရန် အကြောင်းပေါ်လာသည်။

ဘုရင်မင်းကြီး၏ လက်သမားတော်များသည် အကောင်းဆုံး သစ်လုံးကို ရှာ ဖွေရန် တောနက်ကြီးထဲသို့ ဝင်ရောက်သွားကြလေသည်။ သူတို့သည် ကြီးမား သော သစ်ပင်ကြီးတစ်ပင်ကို ရှာဖွေတွေ့ရှိခဲ့ကြပြီး မရမက ခုတ်ယူသွားကြလေ တော့သည်။

'ဒီသစ်သားဟာ စည်ထွင်းဖို့ အကောင်းဆုံးပါပဲဟေ့ . . .'

တကယ်တမ်း ဤသစ်ပင်သည် ဘုရင်မင်း၏ ကိုယ်ရံတော်လူရွှယ် သဘော ရှိ အော်ခဲ့သည့် သစ်ပင်ကြီး ဖြစ်နေပါပြီကော။

များမကြာမီ နန်းမြို့ရိုးရှိ နာရီစင်တွင် သစ်သားစည်အသစ် တပ်ဆင်၍ ပြီးသွားလေပြီ။

ဘုရင်မင်းသည် နောက်လိုက်နောက်ပါဖြစ်သည့် နန်းတွင်းသူ နန်းတွင်းသား များနှင့်အတူ ရောက်လာပြီး စည်အသစ်ကို ကြည့်ရှုတော်မူသည်။ သူသည် လူသူ ပရိသတ်အား နှုတ်ခွန်းဆက်ပြီးနောက် 'ကဲ . . . စည်အသစ်ကို တီးပေတော့ဗျား'

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်ကြားသည်။

သို့နှင့် ဘုရင်မင်း၏ အမိန့်တော်အရ မင်းချင်းတစ်ဦးသည် သစ်သားစည်ကို အားနှင့်မာန်နှင့် တီးလိုက်လေပြီ။ တကယ်တမ်း စည်တော်သံ မြည်ရမည်မှာ 'ဗုံ ... ပုံ ... ပုံ ...' ဟု ဖြစ်သင့်လေသည်။ အခုပင် မြည်လာသည့် စည်တော်ကြီး၏ အသံကို သင် နားဆင်ကြည့်ပါဦး။

'ဘုရင် ... မင်းကြီး ... ဖွဲစားတယ်'

'ဘုရင် ... မင်းကြီး ... ဖွဲစားတယ်'

'ဘုရင် ... မင်းကြီး ... ဖွဲစားတယ် ... ဟေ့' ဟူ၍ ဖြစ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com




ငမူးနှင့် နပန်းတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

# ငမူးနှင့် နပန်းတစ္ဆေ

တစ်ခါတုန်းက ရွာတစ်ရွာ၏အပြင်ဘက်တွင် ပြိုပျက်နေသည့် ကျောင်းအိုကြီးတစ်လုံး ရှိသည်။ ချောင်ကျလှသော ထိုနေရာ အပြိုအပျက်များဆီသို့ မည်သူ တစ်ဦးတစ်ယောက်မှ မသွားရဲကြချေ။

လေတွေ တဟူးဟူးတိုက်ပြီဆိုလျှင် ထိုကျောင်းအိုကြီး၏ ကျိုးပဲ့နေသည့် တံခါးရွက်များသည် တကျွီကျွီ မြည်နေတတ်သည်။ ထိုအခါက မှောင်ရိပ်ခိုသော လင်းနို့များသည် တဖြန်းဖြန်း ထပျံတတ်ကြသည်။

တစ်ခါတစ်ခါ ထိုနေရာတစ်ဝိုက်မှ ကြောက်စရာအသံကြီးများ ပေါ်ထွက်လာတတ်သည်ဟု အချို့က ပြောကြလေသည်။ ထို့ကြောင့် ထိုကျောင်းအိုကြီး၏ အနီးအနားသို့ နေ့နေ့ညည သွားရဲသူ မည်သူမျှမရှိသည်မှာ သိပ်မဆန်းလှပေ။

တကယ်တမ်း ဤ ပြိုပျက်နေသည့် ကျောင်းအပြိုအပျက်ကြီးထဲတွင် တစ္ဆေတစ်ဦး နေထိုင်လေသည်။ အကယ်၍ ကျောင်းအိုကြီးထဲသို့ မသိနိုးနားနှင့် ဝင်လာသူ ရှိခဲ့လျှင်လည်း တစ္ဆေဖြစ်သူက ထိုသူ၏လည်ကုပ်ကို ချိုးဖဲ့ပစ်မှာ သေချာလေသည်။

သို့နှင့် တစ်ခုသောရက်တွင် ငမူးဟု အမည်ရသည့် ရွာသားတစ်ယောက်သည် ထန်းရည်မြူအိုးတစ်လုံးကို ဆွဲ၍ ကျောင်းအိုကြီးထဲသို့ ဝင်သွားလေသည်။

လေတွေ တဟူးဟူး တိုက်စပြုလာသည်။

ကျိုးပဲ့နေသည့် တံခါးရွက်တွေ တကျွီကျွီမြည်စ ပြုလာလေပြီ။

လင်းနို့တွေ တဖြန်းဖြန်း ထပျံစပြုလာလေပြီ။

ထိုအခါ ငမူးက 'ဒါ ... ဘာသံတွေလဲဟေ့'ဟု အော်ပြောသည်။

'ရွာထဲမှာ ထန်းရည်မသောက်ချင်လို့ ဒီမှာ အေးအေးဆေးဆေး လာသောက်တာကွ။ အားလုံး ငြိမ်ကြ။ နားညည်းတယ်ဟေ့ ...'

မကြာမီ အပြိုအပျက်ကြီးထဲက ပေါ်ထွက်လာသော ထိုအသံဗလံများသည် ခဏမျှ ငြိမ်သွားကြသည်။

ငမူးသည် ကျောင်းအိုကြီး၏ ဖုန်တက်နေသော ကြမ်းပြင်တွင် သူ၏ ထန်းရည်အိုးကို ချ၍ တစ်ခွက်ပြီးတစ်ခွက် ထိုင်သောက်လေတော့သည်။

လေတွေ တဟူးဟူး တိုက်လာပြန်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျိုးပဲ့နေသည့် တံခါးရွက်တွေ တကျွီကျွီ မြည်လာပြန်လေပြီ။

လင်းနို့တွေ တဖြန်းဖြန်း ထပျံလာကြပြန်လေပြီ။

ငမူးသည် ထန်းရည်သောက်ရင်း စည်းစိမ်တွေ့နေပြီဖြစ်သဖြင့် ထိုအသံဗလံများကို သတိမထားမိတော့ပေ။

ထိုစဉ် ကျောင်းအိုကြီး၏ လှေကားထစ်များဆီမှ 'ရှ . . . ရတ် . . .၊ ရှ . . . ရတ် . . .' မြည်သော ခြေသံများကို သူ ကြားရလေသည်။ ငမူးသည် အသံလာရာသို့ လှမ်းကြည့်လိုက်သောအခါ ဝဝဖိုင့်ဖိုင့် ဘုန်းကြီးတစ်ပါး ဖြစ်နေသည်ကို တွေ့ရလေသည်။

ထိုဘုန်းကြီးက 'ဟော့ . . . ဒကာ၊ မောင်ရင်နဲ့ နပန်းသတ်ကြရအောင်လား ဟေ့ . . .'ဟု အသံသြသြနှင့် စိန်ခေါ်လေသည်။

ငမူးသည် ထန်းရည်နှင့် ဖိမ်ကျကျလေးဖြစ်နေသည်ကို အနှောင့်အယှက်လာပေးသဖြင့် စိတ်ညစ်သွားလေသည်။ သို့နှင့် သူက 'ဒါလေးများ ရပါတယ်'ဟု ထိုအသံသြသြဖြစ်သူအား ပြန်ဖြေလေသည်။

ထိုအခါ ဝဝဖိုင့်ဖိုင့် ဘုန်းကြီးက 'ဒါ . . . ဆို . . . ရင် . . . လည်း . . . ဒီကို လာ . . . လေ . . . ကွာ . . .'ဟု တုန်တုန်ခါခါ အသံဖြင့် လှမ်းခေါ်လေသည်။

မကြာမီမှာပင် ထန်းရည်သမား ငမူးနှင့် ဘုန်းကြီးတို့၏ နပန်းပွဲသည် တဖြုန်းဖြုန်းနှင့် စတင်ကြလေပြီ။ ငမူးသည် သူ တတ်သမျှ မှတ်သမျှ သိုင်းကွက်များဖြင့် ထိုးသတ်သော်လည်း ထိုဘုန်းကြီးကို မထိပေ။

'သူ့ ဝဝဖိုင့်ဖိုင့် ကိုယ်ကြီးက ဖွဲအိတ်ကြီးတစ်အိတ်လိုပဲ။ နောက်ပြီး ချွေးစေးတွေနဲ့ ချော်နေတာက ငရှဉ့်ကိုယ်ကြီး ကျနေတာပဲ'

သူသည် အခုထက်ပို၍ အားစိုက်ရင်း ထိုးကြိတ်သော်လည်း သူ့အဖို့ အရာမထင်ခဲ့ပေ။ နောက်ဆုံးတွင် ငမူးသည် သူ၏ပြိုင်ဘက်မှာ ဘုန်းကြီးတစ်ပါး ဟန်ဆောင်ထားသည့် တစ္ဆေတစ်ဦးဖြစ်သည်ကို နားလည်လာတော့သည်။

အခုဆိုလျှင် တစ္ဆေဖြစ်သူသည် ငမူး၏တစ်ကိုယ်လုံးကို ဖမ်းချုပ်ထားပြီး ကြမ်းပြင်ပေါ်သို့ တဝုန်းဝုန်း ကိုင်ပေါက်လေသည်။

မသိနိုးနားဖြစ်သူ ငမူးတစ်ယောက် ဘယ်အချိန်မှာ သူ၏လည်ကုပ်ကို ချိုးဖွဲ့ခံရမည်လဲ မသိ။ သူ့ခမျာ အလဲလဲ အကွဲကွဲနှင့် နာကျင်နေသည်မှာ လွန်ပါပေ၏။

သို့ရာတွင် သူသည် အခုလို လဲကွဲနေရာမှ ပြန်ထပြီး တစ္ဆေဖြစ်သူထံသို့ မကြောက်မလန့် ပြေးဝင်လာသည်။ အားသန်သော တစ္ဆေသည် ငမူး၏လည်ကုပ်

www.burmeseclassic.com

www.burmeseclassic.com


ကို ဆွဲ၍ညှစ်ထားပြီး ဂွတ်ခနဲ ချိုးဖဲ့ပစ်တော့မည်မှာ သေချာလှ၏။

ထိုစဉ် ငမူး၏လက်တစ်ဖက်သည် ပြိုင်ဖက်ဖြစ်သူ တစ္ဆေ၏ဦးခေါင်းထိပ်က အရာတစ်ခုကို စမ်းမိပြီး မလွှတ်တမ်း ဖမ်းဆုပ်ထားတော့သည်။ ထိုအရာမှာ ထူးဆန်းပြီး ရိုးရိုးလူတစ်ယောက်၏ မျက်လုံးဖြင့် ဘယ်လိုကြည့်ကြည့် မမြင်ရနိုင်ပေ။

ထိုအရာများ တစ္ဆေများဆောင်းသည့် သားရေဦးထုပ်တစ်လုံး ဖြစ်မည်ဟု ငမူးတစ်ယောက် ရိပ်စားမိလေသည်။ သို့နှင့် သူသည် ထိုတစ္ဆေဦးထုပ်ဆန်းကို ဘာမပြော ညာမပြောနှင့် ဆတ်ခနဲ ဆွဲချွတ်ယူလိုက်တော့သည်။

ထိုအခါ ဘုန်းကြီးအယောင်ဆောင်ထားသူ တစ္ဆေက 'ဟ . . . ဟ . . . ငါ့ဦးထုပ် ပါ . . . ပါသွားပြီ'ဟု ပြောသည်။

'ငါ့ဦးထုပ်ကို ပြန် . . . ပြန်ပေးပါဟေ့'

အခုလို ကယောင်ချောက်ချားနှင့် ပြောရင်း သူသည် ထန်းရည်သမား ငမူးထံမှ မရမက ဆွဲ၍လုသည်။ ငမူးသည် သူ့လက်ထဲက ဦးထုပ်ဆန်းကို မလွှတ်တမ်း ဆုပ်ကိုင်ထားပြီး နောက်တော့ သူသည် တစ္ဆေ၏လက်တွင်းမှ ရုန်းထွက်လိုက်လေသည်။

ပြီးတော့ ထန်းရည်သမား ငမူးက 'အင်း . . . ဒီဦးထုပ်မှာ တစ်ခုခု အစွမ်းရှိကို ရှိရမယ်'ဟု တွေးမိသွားသည်။

သို့နှင့် ငမူးက 'ပြန်မပေးနိုင်ဘူးဟေ့'ဟု အသံခပ်မာမာနှင့် တုံ့ပြန်ပြောသည်။

'ဒီဦးထုပ်ကို ကျုပ် အပိုင်သိမ်းထားလိုက်ပြီ။ တကယ်တော့ မင်းဟာ ဘုန်းကြီးအယောင်ဆောင်ထားတဲ့ တစ္ဆေပဲမဟုတ်လား။ အဲဒီလိုမျိုး အတုအယောင်တွေဆိုရင် ငါ သိပ်ကို မုန်းတယ်ဟေ့'

တစ္ဆေက 'ဟုတ် . . . ဟုတ်ပါတယ်ဗျာ'ဟု ပျာပျာသလဲ ပြောသည်။

'ဒ . . . ဒကာရယ်၊ ဒီ . . . ဒီအတွက် ကျုပ် တောင်း . . . တောင်းပန်းပါတယ်။ တကယ်တမ်း ဒီဦးထုပ်ဟာ ရိုးရိုးဦးထုပ် မဟုတ်ပါဘူး။ ကိုယ်ပျောက်ဦးထုပ်ပါ'

ထို့နောက် သူက အခုလို ဆက်ပြောသည်။

'ဘယ်လိုတစ္ဆေမှာမဆို ဒီလိုဦးထုပ်မျိုး တစ်လုံးစီ ပိုင်ကြတာချည်းပါ။ ဒီဦးထုပ်မျိုး မရှိရင် ကျုပ်တို့မှာ ကိုယ်ပျောက်သွားအောင် မလုပ်နိုင်ကြတော့ပါဘူး။ နောက်ပြီး ဦးထုပ်မဆောင်းနိုင်တဲ့သူဆိုရင် တစ္ဆေတွေကြားမှာ အလွန်ပဲ မျက်နှာငယ်ရပါတယ်ဗျာ . . .'

ထိုတစ္ဆေခမျာ ငိုမလို ရယ်မလိုဖြစ်နေပြီး သူ့ဦးထုပ်သာ ပြန်ရမည်ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com


ငမူး နိုင်းသမျှ ဘာမဆို လုပ်ပေးမည်ဟု ဆိုလေသည်။

ငမူးက 'ဒါဆိုရင် ငါ့အကြိုက်ဖြစ်တဲ့ ထန်းပင်ကျရည် မြူအိုးနဲ့ နှစ်လုံး၊ သုံးလုံး ရွာထဲက ငါ့အိမ်ဆီကို နေ့တိုင်းနေ့တိုင်း မင်း လာပို့ပေးရမယ်'ဟု ပြောသည်။

ထိုအခါ တစ္ဆေဖြစ်သူက 'ကျုပ်တို့ဟာ လူတွေနေတဲ့ ရွာထဲကို လာချင်တိုင်း လာ၊ သွားချင်တိုင်း သွားလို့ မရကြပါဘူး'ဟု ပြောသည်။

'ဒီတော့ ကျုပ်ရဲ့ ကိုယ်ပျောက်ဦးထုပ်ကိုသာ ပြန်ပေးပါ။ ခင်ဗျားကို အိုးနှင့်အပြည့် ရွှေငွေတွေ ကျုပ် အခုပဲ ပေးပါ့မယ်'

ထိုအခါ ငမူးတစ်ယောက် စိတ်ပျော်သွားသည်မှာ လွန်ပါရော။

တစ္ဆေသည် ကျောင်းအိုကြီး၏ အပြိုအပျက်တွေကြားမှ ရွှေအိုးတစ်လုံးကို တူးယူလာပြီး ငမူးအား ပေးအပ်သည်။ ထန်းရည်သမား ငမူးကလည်း သူ့ကတိအတိုင်း ထူးဆန်းသော ဦးထုပ်ကို တစ္ဆေဖြစ်သူအား ပြန်ပေးလိုက်လေသည်။

ပျော်နေသော တစ္ဆေသည် သူ့ဦးထုပ်ကို ကပျာကယာ ဆောင်းလိုက်ပြီး မကြာမီ ထွက်ပြေး ပျောက်ကွယ်သွားတော့သည်။

သို့နှင့် ရွာထဲတွင် သူဌေးကြီး ဦးငမူးဟု ကျော်ကြားသူတစ်ဦး ပေါ်ပေါက်လာပြီး သူ ဘယ်လိုဘယ်ပုံ ကြွယ်ဝ ချမ်းသာလာခဲ့သည်ကို မည်သူမျှ မသိကြပေ။ သူကလည်း အခြားသူများအား ဤအကြောင်း ပြောမပြခဲ့ပေ။

❑

www.burmeseclassic.com

www.burmeseclassic.com



ညီနောင် နှစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

# ညီနောင် နှစ်ဦး

တစ်ရံရောအခါက ညီနောင်နှစ်ဦးတို့သည် လယ်မြေယာတောတစ်ခုတွင် နေထိုင်ကြသည်။ သူတို့သည် ဤလယ်မြေတွင် မွေးဖွားခဲ့ကြပြီး ဤယာတောတွင် အတူကြီးပြင်းလာခဲ့ကြလေသည်။

နောက်ပြီး ဤယာတောက နေအိမ်တလင်းပြင်တွင် သူတို့ အတူပြေးလွှား ဆော့ကစားကြရင်း ပျော်ရွှင်စွာ နေလာခဲ့ကြသည်။

ကျေးလက်နေအိမ်က ညီနောင်နှစ်ဦး။ သူတို့ တစ်ဦးကိုတစ်ဦး ချစ်ခင်ကြသည်မှာ လွန်ပါရော။

ဟိုး ... ငယ်စဉ်တုန်းကပေါ့။

အစ်ကိုဖြစ်သူသည် လယ်ကန်သင်းရိုးမှ ရွှံ့စေးအချို့ ခွာယူလာပြီး သူ၏ညီငယ်အတွက် အိုးပုတ်၊ ချိုးရုပ်နှင့် ပလုတ်တုတ် အရုပ်ကလေးတွေ လုပ်ပေးသည်။

မိုးလေကင်းသည့် ဆောင်းဦးပေါက်သို့ ရောက်သောအခါ သူတို့သည် ကွင်းပြင်သို့ ထွက်ပြီး စွန်၊ သို့မဟုတ် လေတံခွန်တစ်စင်း လွှတ်ကြသည်။

ဘုရားပွဲတော်သို့ ပေါင်းမိုးလှည်းတစ်စီးဖြင့် မိသားတစ်စု သွားရောက်ကြစဉ် တောလမ်းခရီးတစ်လျှောက်တွင် သူတို့ညီအစ်ကိုနှစ်ဦး ပျော်နေခဲ့ကြဖူးလေသည်။

အရွယ်မတိုင်မီ ကလေးဘဝ ထိုနေ့ရက်ကလေးတွေ ကုန်သွားကြပြီကော။

အခုတော့ အစ်ကိုဖြစ်သူသည် ကာလသားပေါက်လေး ဖြစ်လာသူ သူ့ညီအတွက် အသံချိုသော ဝါးပုလွေတစ်ချောင်း သူကိုယ်တိုင် လုပ်ပေးသည်။

ပျင်းစရာကောင်းသော နွေရာသီ နေ့လယ်များတွင် သူတို့နှစ်ဦးသည် ဟိုးတောင်ပေါ်ရိုးသို့ အတူ တောလည်သွားကြသည်။

အစ်ကိုဖြစ်သူက ယာမြေကို ထွန်ယက်နေလျှင် ညီဖြစ်သူက မျိုးစေ့ကြဲဖို့ ပြင်ဆင်ပေးလေသည်။ နေအိမ်သို့ ပြန်ရောက်လျှင် သူတို့နှစ်ဦးသည် အရွယ်အိုမိဘနှစ်ပါးအား နှစ်ယောက်အတူ ကျွေးမွေးပြုစုကြမြဲ ဖြစ်လေသည်။

သို့နှင့် နှစ်များကြာလာခဲ့၍ သူတို့၏ ဘိုးဘွားတွေရော မိဘများပါ မရှိကြတော့ပြီ။

အခုဆိုလျှင် ညီဖြစ်သူသည် အိမ်ထောင်ပြုသွားပြီဖြစ်၍ ဤလယ်မြေယာတောရှိ ရှေးနေအိမ်နှင့် မလှမ်းမကမ်းတွင် အိမ်အသစ်တစ်လုံး တိုးလာသည်။ ထိုအိမ်

www.burmeseclassic.com

www.burmeseclassic.com



အသစ်တွင် ညီငယ်တို့ မိသားတစ်စု နေထိုင်ကြ၍ အစ်ကိုဖြစ်သူသည် ယခင်အိမ်ဟောင်းမှာပင် ဆက်၍ နေထိုင်လေသည်။

သို့ရာတွင် ညီနောင်နှစ်ဦးထံက မည်သူကမျှ ဤလယ်မြေယာတောကို စွန့်ခွာထွက်မသွားခဲ့ကြပေ။

ဟိုး ... အရင်တုန်းကလိုပင် အတူ လယ်စိုက်ကြ၍ အတူ ယာလုပ်နေကြမြဲ။ သီးနှံစိုက်ခင်းများသည်လည်း သူတို့ ငယ်စဉ်တုန်းကလိုပင် စိမ်းလန်းစိုပြည်စွာရှိမြဲ ရှိနေကြပေသည်။

တစ်နေ့တာ အလုပ်သိမ်းပြီဆိုသည်နှင့် သူတို့သည် လယ်ယာမြေမှ ထွက်ရှိသမျှ ကောက်ပဲသီးနှံများကို ညီတူညီမျှ ခွဲဝေယူကြသည်။

မိုးလေမှန်၍ ကောက်ပဲ အထွက်ကောင်းလျှင်ဖြစ်ဖြစ်၊ မိုးကခေါင်၍ သီးနှံနည်းလျှင်ဖြစ်ဖြစ် ဤညီနောင်နှစ်ဦးသည် ဝေစုအတူတူ ရရှိကြမြဲ ဖြစ်လေသည်။

ညချမ်းသို့ရောက်ပြီဆိုလျှင် အစ်ကိုဖြစ်သူသည် ရှေးနေအိမ်ရှိ မီးလင်းဖိုအနီးတွင် ထိုင်ရင်း ရေနွေးကြမ်း သောက်နေတတ်သည်။

တစ်ခုသောညတွင် သူသည် 'အင်း ... တကယ်တမ်း ငါဟာ တစ်ကိုယ်တည်းနေသူပါ'ဟု တွေးလေသည်။

'ဒီယာတောက ထွက်တဲ့ စပါးဖြစ်ဖြစ်၊ ပြောင်းတို့၊ နှမ်းတို့ပဲဖြစ်ဖြစ် ငါ့အတွက် များများစားစား မလိုပါဘူး။ ဒါတွေကိုရောင်းပြီး ပိုက်ဆံတွေရလာပြီ ဆိုပါတော့။ ဒီငွေတွေကို ဘယ်နေရာမှာ ငါ သွားပြီးသုံးမှာလဲ'

ထို့နောက် သူသည် တစ်နှစ်တာ နှစ်ပေါက်သွားသည့်အထိ သူ့အတွက် လိုအပ်သမျှကို လက်ချိုးရေတွက်ကြည့်သည်။

'... ဆောင်းတွင်းမှာ ဝတ်ဖို့ အနွေးထည်ပွပွ တစ်ထည်ရယ်၊ မြို့ကိုသွားရင် ဝယ်မယ့် ဆေးတံတစ်ချောင်းရယ်၊ နောက်ပြီး တလင်းသိမ်းချိန်မှာ မီးပုံပွဲလုပ်မယ်။ အဲဒီကျရင် သုံးဖို့စွဲဖို့ ငွေနည်းနည်းပါးပါးရယ် ...'

ဤမျှဆိုလျှင်ပင် သူ့အတွက် ဖူလုံ ပြည့်စုံနေပြီကော။

သို့နှင့် အစ်ကိုဖြစ်သူသည် မီးဖိုအနီးမှ ကပျာကယာ ထရပ်လေသည်။

မီးဖိုချောင်တင်းကုပ် ပြတင်းမှ အပြင်သို့ သူ လှမ်းကြည့်သည့်အခါ ညသည် မှောင်နှင့်မည်းမည်း ဖြစ်နေလေသည်။

အစ်ကိုဖြစ်သူသည် သူ၏စပါးကျီဆီသို့ လျှောက်သွားပြီး စပါးတစ်တင်းကို ထမ်းထုတ်လာသည်။ ပြီးတော့ ဤညကြီးမင်းကြီးမှာပင် သူသည် ထိုစပါးတောင်း

www.burmeseclassic.com

www.burmeseclassic.com


ကို အပြင်သို့ ထမ်းပိုးသွားလေတော့သည်။

ချမ်းချမ်းစီးစီးနှင့် ယာခင်းတစ်ခင်း နှစ်ခင်းစာ အကွာမှာရှိသည့် သူ့ညီ၏ နေအိမ်သို့ သူ လျှောက်သွားနေခြင်း ဖြစ်သည်။

ညီဖြစ်သူ၏ စပါးကျီသို့လည်း သူ ရောက်ပါရော သူသည် ထမ်းသယ်လာသည့် စပါးတစ်တောင်းကို ထိုကျီထဲသို့ တိတ်တဆိတ် လောင်းထည့်ထားခဲ့တော့သည်။

တစ်ည ...၊ နှစ်ည ...။ မှောင်နေသော ညတိုင်းပင် အစ်ကိုဖြစ်သူသည် စပါးတောင်းကိုထမ်း၍ ညီဖြစ်သူ၏ကျီထဲသို့ မသိနိုးနားနှင့် ထည့်ထားခဲ့မြဲ ဖြစ်လေသည်။

ည၌ဦးသို့ ရောက်ပြီဆိုလျှင် ညီဖြစ်သူသည် သူ့နေအိမ်က လသာဆောင် ကြမ်းပြင်မှာ ထိုင်ရင်း အေးအေးလူလူ အနားယူတတ်သည်။

တစ်ခုသောညတွင် သူသည် ‘အင်း ...ငါ့ကို စောင့်ရှောက်ပေးမယ့် အိမ်ရှင်မ တစ်ဦး ငါ့မှာရှိတယ်။ ငါ့သားနဲ့ သမီးလေးတွေ ကြီးလာရင် သူတို့လေးတွေက ငါ့အတွက် ကူဖော်လောင်ဖက်လေးတွေ ဖြစ်လာမယ်’ဟု တွေးလေသည်။

‘ငါ့အစ်ကိုမှာတော့ အဖော်အလှော် မရှိ။ တစ်ကိုယ်တည်း ဖြစ်တယ်။ သူ အိုမင်းမစွမ်းဖြစ်လာရင် ဘယ်လိုလုပ်မလဲ။ တကယ်တမ်း သူ့ကို ပြုစုပေးမယ့်သူ မရှိရှာပါဘူး’

နေအိမ်ပြတင်းမှ အပြင်သို့ သူ လှမ်းကြည့်သောအခါ ကြယ်ရောင်လေး ရေးရေးမှ အပ မှောင်နှင့်မည်းမည်း ဖြစ်နေလေပြီ။

သို့နှင့် ညီဖြစ်သူသည် မီးလင်းဖိုအနီးမှ ပျာယီးပျာယာ ထလာလေသည်။

ပြီးတော့ အခုလို လူခြေတိတ်ချိန်မှာ ဤညီငယ်တစ်ယောက် ဘာတွေ လုပ်နေပါသလဲ။

ညီဖြစ်သူသည် သူ၏ကျီထဲမှ စပါးကို တင်းတောင်းနှင့် အပြည့်ထမ်း၍ ရေးအိမ်ဟောင်းဆီသို့ သွားကာ သူ့အစ်ကို၏ကျီထဲသို့ ချွတ်ခနဲ လောင်းထည့်ထားလေသည်။

တစ်ည ...၊ နောက်တစ်ည ...၊ မှောင်ရိပ်သန်းလာပြီ ဆိုသည်နှင့် ညီဖြစ်သူသည် အခုလိုပင် စကားတွေကို လူမသိ သူမသိ ထည့်ထားခဲ့ပြီး ဖြစ်လေသည်။

သို့နှင့် သီတင်းပတ်များ ကြာခဲ့၍ နွေဦးပေါက်ချိန်သို့ ရောက်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်တွင် ဈေးအိမ်ဟောင်းတွင် နေထိုင်သည့် အစ်ကိုဖြစ်သူသည် သူ၏ ကျီထဲတွင် စပါးတွေ လျော့မသွားသည်ကို သတိမူမိသည်။

သူက 'အင်းဟင်း ... ဘယ်လိုဖြစ်တာပါလိမ့်'ဟု တွေးလေသည်။

'ငါလည်း တစ်ညၤ တစ်ညမှာ ဒီကျီထဲကနေ စပါးတစ်တောင်း၊ တစ်တောင်း ထမ်းသယ်ပြီး ထုတ်နေတာပဲ။ ဒါပေမဲ့ ငါ့စပါးတွေက အရင်အတိုင်း ရှိနေတာပါ ပဲလား'

ထို့အတူ နေအိမ်သစ်တွင် နေထိုင်သည့် ညီဖြစ်သူသည်လည်း သူ၏ကျီထဲ က စပါးတွေ အရာမယွင်းရှိနေသည်ကို ရိပ်စားမိသည်။

သူက 'ဒါဟာ နားမလည်နိုင်စရာပါပဲ'ဟု စဉ်းစားနေလေသည်။

'ငါလည်း မိုးစုန်းစုန်းချုပ်ပြီဆိုတာနဲ့ ဒီကျီထဲကနေ စပါးတစ်တောင်း ထုတ် ယူနေတာပါ။ ဘာဖြစ်လို့ ငါ့စပါးတွေက လျော့မသွားရတာလဲ'

ရက်လ အတန်ကြာသည်အထိ သူတို့နှစ်ဦးသား ခေါင်းတကုတ်ကုတ်နှင့် အတွေးရ ခက်နေကြတော့သည်။

မှောင်နေသော ညတစ်ည။

ညီနောင်နှစ်ဦးသည် ခါတိုင်းလိုပင် စပါးတစ်တောင်းကို ကိုယ်စီထမ်းပိုးလာ နေကြသည်။ မမြင်ဝိုးဝါး လျှောက်လာကြသော သူတို့နှစ်ဦးသည် အိမ်နှစ်အိမ်ကြား က ကန်သင်းရိုးတစ်ခုပေါ်တွင် မျက်နှာချင်းဆိုင် တိုးမိကြလေပြီ။

သူတို့နှစ်ဦး မည်သို့ ဆက်ဖြစ်လာကြမှာပါလဲ။

ဤညီနောင်နှစ်ဦး အတွေးရခက်နေကြသည့် အဖြေပါမေးခွန်းလေးတွေကို သင် မှတ်မိနေဦးမှာပေါ့။

*'အင်းဟင် ... ဘယ်လိုဖြစ်တာပါလိမ့်'*

*'ဒါဟာ နားမလည်နိုင်စရာပါပဲ'*

*'ဘာကြောင့် ကျီထဲက စပါးတွေ အရင်အတိုင်း ရှိနေရတာလဲ'*


*'ဘာဖြစ်လို့ ကျီထဲမှာ စပါးတွေ လျော့မသွားရတာလဲ'*

ဤပုစ္ဆာများ၏အဖြေကို မည်သူကမျှ ရှင်းမပြပါဘဲ သူတို့နှစ်ဦးသည် သိနား လည်သွားကြသည်။ ထို့နောက် လယ်မြေယာတောက ဤညီနောင်နှစ်ဦးသည် ထမ်းပိုးလာကြသော စပါးတောင်းများကို ချ၍ တစ်ဦးကိုတစ်ဦး ပွေ့ဖက်မိကြလေ သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ကျီးနှင့် ခင်ဘုတ်

www.burmeseclassic.com

www.burmeseclassic.com

# ကျီးနှင့် ခင်ပုတ်

ဟိုအရင်တုန်းကဆိုလျှင် ကျီးနှင့် ခင်ပုတ်တို့ တစ်ဦးကိုတစ်ဦး ခင်မင်လိုက်ကြသည်မှာ လွန်ပါရော။ သူတို့ သူငယ်ချင်းနှစ်ဦးသည် သွားအတူ၊ စားအတူ၊ မခွဲအတူ ရှိနေတတ်ကြသည်။

သို့ရာတွင် အခုတလော ခင်ပုတ်အကြောင်း အတင်းအဖျင်းပြောသူ တော်တော်လေး များနေသည်ဟု ကျီးတစ်ယောက် သတိထားမိသည်။

တစ်ရက်တွင် ကျီးက 'အားတော့ နာပါရဲ့ . . . ခင်ပုတ်ရေ'ဟု ပြောသည်။

'တခြားသူတွေက မင်း မကောင်းကြောင်း လာလာပြောနေကြတယ်။ တကယ်တမ်း သူတို့ပြောတဲ့ အတင်းအဖျင်းတွေကို ငါလည်း မကြားချင်ပါဘူးကွာ'

ထိုအခါ ခင်ပုတ်က 'မလိုသူတွေ ပြောတာကို မယုံပါနဲ့ ကျီးရေ . . .'ဟု တုံ့ပြန်ပြောလေသည်။

'မင်းနဲ့ ငါတို့ အခုလို ခင်မင်နေတာကို သူတို့ ကြည့်မရဖြစ်နေကြတာပဲ နေမှာပါ။ ဒါတွေကို ဂရုထားမနေပါနဲ့ဟေ့'

ခင်တတ်သော ကျီးက 'အင်း . . . သူပြောတာ ဟုတ်မှာပါ'ဟု တွေးသည်။

တစ်နံနက်တွင် ခင်ပုတ်တစ်ယောက် သူ့နေအိမ် အသိုက်ထဲမှာ ဖိမ်ကျကျလေး နေဆာလှုံနေစဉ် သစ်ကိုင်းခြောက်တစ်ခု သူ့အပေါ် ကျိုးကျလာလေသည်။ သူသည် နာကျင်စွာအော်ရင်း မြေပေါ်သို့ ဘုတ်ခနဲ ပြုတ်ကျလာသည်။

သူ့နေအိမ် အသိုက်ဆီသို့ ဒဏ်ရာအနာတရနှင့် ပြန်ရောက်လာပြီး ခင်ပုတ်ခမျာ တညည်းညည်း တညူညူ ဖြစ်နေတော့သည်။ သူသည် တစ်နေကုန် အစာရှာ မထွက်နိုင်ဘဲ 'သူငယ်ချင်း ကျီးတစ်ယောက် ငါ့ဆီကိုလာလည်ရင် သိပ်ကိုကောင်းမှာ'ဟု တမ်းတမ်းတတ ဖြစ်နေလေသည်။

နောက်တစ်နေ့တွင် မျှော်နေသည့် ကျီးတစ်ယောက် သူ့ထံသို့ ရောက်လာသည်။ ခင်ပုတ်က 'ငါ့ကို ကူညီပါဦးကွာ'ဟု ငိုမဲ့မဲ့လေး ပြောလေသည်။

ကူညီတတ်သော ကျီးက 'စိတ်ပူမနေပါနဲ့ ခင်ပုတ်ရေ'ဟု ပြန်ပြောသည်။

'ဟိုဘက် တောအုပ်ထဲမှာ ဆေးဆရာ ဥဩဆိုတာ ရှိတယ်။ မင်းကို နေကောင်း ကျန်းမာလာအောင် သူ ကုသပေးနိုင်မှာပါ'

ခင်ပုတ်က အားကိုးတကြီးနှင့် 'အဲဒီ ဆ . . . ဆရာကို မင်း သွားပြီးခေါ်ပေး

www.burmeseclassic.com

www.burmeseclassic.com

ပါလား။ ဆေးဖိုးဝါးခ ကျသင့်သမျှ ငါ ပေးမှာပါ'ဟု ဆိုသည်။

သို့နှင့် ကျီးသည် သူ့အား ခေါင်းညိတ်ပြပြီး ဉာဏ်ကြည်နေထိုင်ရာ တောအုပ်ဆီသို့ ပျံသွားတော့သည်။ ဆရာသမားဖြစ်သူ ဉာဏ်ကြည်အား သူ၏နေအိမ်တွင် အဆင်သင့် တွေ့ရပြီး ကျီးက အခုလို သူ ရောက်လာရသည့်အကြောင်းကို ရှင်းပြသည်။

ဉာဏ်ကြည်က 'စိတ်တော့မရှိပါနဲ့ ကျီးရေ . . .'ဟု စပြောသည်။

'သူဟာ ရုပ်ဆိုးဆိုး၊ အကျည်းတန်ပြီး စိတ်ထားလည်း ပုပ်တယ်။ နောက်ပြီး သူဟာ ကျေးဇူးမသိတတ်တဲ့ ခင်ပုတ်ဆိုတာ အများသိကြတယ်လေ။

ဤတော ဤတောင်တွင် ဉာဏ်ကြည်မှလွဲ၍ အခြားဆရာသမား တစ်ဦးတလေမျှ မရှိ ဆိုသည်ကို ကျီးတစ်ယောက် နားလည်လေသည်။

ထို့ကြောင့် ကျီးသည် စိတ်အားမလျှော့ဘဲ 'အဲ . . . ခင်ပုတ်တစ်ယောက် ပုပ်တယ်ဆိုတာ သူ့ကို ကြည့်မရတဲ့သူတွေက ပြောတာ ဖြစ်မှာပါ ဆရာဉာဏ်ကြည်ရယ်'ဟု တောင်းတောင်းပန်ပန် ပြောသည်။

ဉာဏ်ကြည်က 'အင်း . . . သူဟာ အပေးအကမ်း ဘာမှမရှိတဲ့ ဦးကပ်စေးကြီးလို့လည်း ပြောနေကြတယ်လေ။ သူနဲ့ ကျုပ် မပတ်သက်ပါရစေနဲ့'ဟု ငြင်းလေသည်။

ဤတောအုပ်တွင် ဉာဏ်ကြည်သည် ဆေးစွမ်းသည့် နာမည်ကျော် ဆရာသမားတစ်ဦး ဖြစ်သည်ကို ကျီးတစ်ယောက် သိထားပြီးဖြစ်လေသည်။ သူသည် ဉာဏ်ကြည်အား နောက်တစ်ကျော့ ခခယယ ပြောကြည့်မည်ဟု တွေးသည်။

'ခင်ပုတ်ဟာ တကယ်ပဲ နေမကောင်းဖြစ်နေလို့ပါ ဆရာရယ်။ သူ နေကောင်းသက်သာလာပြီဆိုရင် ဒီဆေးဖိုးဝါးခအတွက် ကျွန်တော် ဘာ . . . တာဝန်ယူပါတယ်'

ထိုအခါ ဉာဏ်ကြည်က 'ဒါဆိုရင်လည်း ကောင်းပြီလေ'ဟု ပြောသည်။

'ကျီးရေ မင်းအခုပြောတဲ့ စကားကိုတော့ မမေ့လိုက်ပါနဲ့ဟေ့'

ကျီးသည် ဆရာဉာဏ်ကြည်အား သူငယ်ချင်း ခင်ပုတ်၏နေအိမ်သို့ မရမက ခေါ်လာသည်။ ဉာဏ်ကြည်သည် လူမမာဖြစ်နေသူ ခင်ပုတ်အား ဆေးဝါးတိုက်ကျွေး ကုသပေးလေသည်။

ခင်ပုတ်က 'သူ နေကောင်း ကျန်းမာလာလျှင် ကျသင့်သမျှ ဆေးဖိုးဝါးခကို ဆရာဉာဏ်ကြည်အား ပေးချေမည်ဟု ကတိစကား ဆိုလေသည်။

သို့နှင့် သီတင်းတစ်ပတ်ခန့် ကြာသောအခါ ကျီးနှင့် ဉာဏ်ကြည်တို့သည် တောစပ် တစ်နေရာတွင် အမှတ်မထင် ဆုံမိကြသည်။

ဉာဏ်ကြည်က 'ဒီမှာ ကျီးရေ . . .'ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


'မင်းရဲ့သူငယ်ချင်း ခင်ပုတ်ဟာ အခုထိငါ့ကို ဆေးဖိုးဝါးခ လာမပေးသေးပါဘူး။ အခုဆိုရင် သူ နေပြန်ကောင်းနေပြီ မဟုတ်လား'

ထိုအခါ ကျီးက 'ကျွန်တော် ဘာမှမသိရသေးပါဘူးဗျာ'ဟု ဆိုသည်။

'ဒီရက်ပိုင်းမှာ ကျွန်တော်လည်း ခရီးလွန်နေလို့ သူ့ဆီကို မရောက်ဖြစ်ပါဘူး။ အခုပဲ သူ့ဆီကို လှူမမာမေး သွားတော့မလို့ပါ။ အကျိုးအကြောင်းကိုလည်း အဲဒီကျမှ သိရမှာပါ'

စိတ်ပူတတ်သော ကျီးခမျာ သူငယ်ချင်း ခင်ပုတ်ထံသို့ အပြေးကလေး သွားရောက်လေသည်။ ခင်ပုတ်ကို သူ့အနေအိမ် အသိုက်ထဲတွင် ကျန်းမာလန်းဆန်းစွာ သူ မြင်တွေ့ရသည်။

အိမ်ရှင်ဖြစ်သူ ခင်ပုတ်က 'မင်းတစ်ယောက် လာလည်တာလား ကျီးရေ ...'ဟု ခပ်ပြုံးပြုံး နှုတ်ဆက်သည်။

ကျီးက သူ့ကို ခေါင်းညိတ်ပြပြီး 'အေး ... မင်းကို ပြောစရာလေး တစ်ခုလည်း ရှိလို့ပါဟေ့'ဟု ဆိုလေသည်။

'ဆရာဥသြနဲ့ လမ်းမှာ ငါ တွေ့ခဲ့တယ် ခင်ပုတ်ရေ ...။ ဆေးဖိုးဝါးခ လာပေးမယ်ဆိုတဲ့ မင်းကို တည်တံတရှည်ရှည်နဲ့ စောင့်နေလေရဲ့ ...'

ပြီးတော့ သူက အခုလို ဆက်ပြောသည်။

'အခုဆိုရင် မင်းလည်း နေကောင်း ကျန်းမာလာပြီပဲ။ ခြေကြွခ ပိုက်ဆံရှင်းဖို့ သူ့ဆီကို မင်းသွားရမယ်လေ။ အဲဒါကို မေ့မထားပါနဲ့ဟေ့'

ခင်ပုတ်က 'ဟင့်အင်းပါ ... ဟင့်အင်းပါ ... ကျီးရေ'ဟု တုံ့ပြန်ပြောသည်။

'ဒီဆရာသမား ဥသြကို ငါ သွားခေါ်တာ မဟုတ်ပါဘူး။ မင်းဘာသာမင်း သွားခေါ်တာပဲလေကွာ။ ဒီတော့ သူ့ကို ပေးစရာ ဆေးဖိုးဝါးခ၊ ခြေကြွခကို မင်းပဲ သွားပေးရမှာပေါ့'

ကူညီတတ်သူ ကျီးခမျာ သူကိုယ်တိုင် အခက်နှင့် ကြုံနေရလေပြီ။

နောက်ပြီး ဤမျှ အကျင့်မကောင်းသော ခင်ပုတ်အပေါ် သူ စိတ်ဆိုးဒေါသထွက်နေသည်မှာ လွန်ပါရော။

ကျီးက 'ဟေ့ ... ဒီမှာ ခင်ပုတ်'ဟု အော်ပြောသည်။

'ဒီကနေ့ကစပြီး မင်းလို ကျေးဇူးမသိတတ်တဲ့ ငှက်တစ်ကောင်တစ်မြီးနဲ့ သူငယ်ချင်း မတော်နိုင်တော့ဘူးကွ'

ထိုအခါ ခင်ပုတ်သည် လူဖြောင့် စိတ်တိုဖြစ်သူ ကျီး၏အနီးအနား၌တွင် မနေ

www.burmeseclassic.com

www.burmeseclassic.com


ရဲတော့ဘဲ သူ့အသိုက်မှ မသိနိုးနားနှင့် ရှောင်ထွက်သွားသည်။ ကျီးသည် ထွက်ပြေးသွားသည့် ခင်ပုတ်နောက်မှနေ၍ သုတ်ခနဲ လိုက်သွားသော်လည်း သူ မမီလိုက်တော့ချေ။

'ပြေးနိုင်တုန်းမှာ ပြေးသွားဦးပေါ့ ခင်ပုတ်ရာ။ မင်းကိုတွေ့ရင် တွေ့တဲ့နေရာမှာ ငါ ထိုးဆိတ်ပစ်မယ်ဟေ့'

သူသည် ဆရာသမားဖြစ်သူ ဥသြထံသို့ စိတ်ပျက်လက်ပျက်နှင့် ပြန်ရောက်လာပြီး ကျေးဇူးကန်းသူ ခင်ပုတ်အကြောင်းကို ပြောပြသည်။

တကယ်တမ်း ဥသြသည် ငွေရေးကြေးရေးနှင့် အလုပ်ကိစ္စတွင် စေ့စပ် သေချာသူတစ်ဦး ဖြစ်လေသည်။

သူက 'ကျီးရေ ... မင်းကို အားတော့နာပါရဲ့ကွာ'ဟု ပြောသည်။

ခင်ပုတ်ဆီက ဆေးဖိုးဝါးခ တစ်ပြားတစ်ချပ်မှ ထွက်မလာတော့ဘူး၊ ဟုတ်စ။ ဒီလိုဆိုရင် ဆေးဖိုးဝါးခကို မင်းပဲ ပေးချေရလိမ့်မယ်ဟေ့'

တကယ်တမ်း ကျီးသည် တစ်နေ့လုပ်မှ တစ်နေ့စားရသည့် ဆင်းရဲသားလေး တစ်ဦး ဖြစ်သည်။ သူ့တွင် ထိုခြေကြွေးအတွက် ပေးချေရန် ပိုက်ဆံမရှိပေ။

မကြာမီ ဥသြသည် အတွေးတစ်ခုပေါ်လာပြီး ကျီးအား 'အေးလေ၊ အဲဒီလိုဆိုရင်တော့ ...'ဟု စပြောသည်။

'မင်းတို့ ကျီးအသိုက်ထဲမှာ တို့ဥသြဥလေးတွေ လာပြီးထားမယ်။ ငါ့ကလေးတွေ ဥပေါက်ပြီး ကြီးပြင်းလာတဲ့အထိ မင်းတစ်ယောက် ထိန်းကျောင်းပေးပါဟေ့'

သနားစရာ ကျီးခမျာ အခုလို ဥသြပြောပြသည်ကို ခေါင်းညိတ်ရလေသည်။


သားပေါက်ချိန် တန်ပြီဆိုလျှင် သူသည် ဥသြ၏ ဘုစုခရုများကို ကျွေးရမွေးရ၊ အပျံသင်ပေးရနှင့် အနားရသည် မရှိပေ။ ခင်ပုတ်အတွက်ကြောင်း သူ အခုလို ဖြစ်ရသည်ဆိုပြီး ကျီးသည် အံတကြိတ်ကြိတ် ဖြစ်နေလေသည်။

ထိုအချိန်မှစ၍ ခင်ပုတ်ကို သူ လှမ်းမမြင်လိုက်နှင့်၊ မြင်ပြီဆိုသည်နှင့် ကျီးသည် မရမက နောက်မှလိုက်ပြီး ထိုးဆိတ်လေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com




လူသန်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com

# လူသန်ကြီးများ

တစ်ခါက ရွာတစ်ရွာတွင် လူတိုင်းက ကြည်ညိုရသော သန်မေ့သန်မေ့၊ သန်ပါမေ့ဆိုသည့် လူသန်ကြီးလေးယောက် ရှိလေသည်။

သူတို့တွင် အမေပေးထားသည့် အမည်ရင်း ကိုယ်စီရှိကြသော်လည်း မည်သူကမျှ ထိုအမည်များကို မခေါ်ဝေါ်ကြပေ။ သူတို့ တစ်ဦးချင်းနှင့် လိုက်ဖက်သည့် အောက်ဖော်ပြပါ နာမည်များသာ လူသိများနေကြလေသည်။

၎င်းတို့မှာ နားရွက်ကြီး၊ လက်ဝါးကြီး၊ တင်ကောက်ကြီးနှင့် နှာရည်အိုးကြီးတို့ ဖြစ်ကြလေသည်။

တစ်ခုသောရက်တွင် သူတို့နေထိုင်သည့် ဤကျေးရွာကလေးသို့ အလည်အပတ် ရောက်လာသည့် လူစိမ်းတစ်ယောက်က ထိုလူသန်ကြီးများအကြောင်း စပ်စပ်စုစုနှင့် မေးမြန်းလေသည်။

သူ့ကို ရွာသူရွာသားများက လိုလိုလားလားနှင့် အခုလို ပြောပြကြလေသည်။

နားရွက်ကြီးတစ်ယောက် ရွာထဲမှာ အညောင်းပြေ လမ်းသလားထွက်လာသည် ဆိုပါစို့။

'အဲ . . . ဒါဆိုရင် ခင်ဗျားဟာ သူနဲ့ဝေးဝေးက ရှောင်ကွင်းသွားတာ အကောင်းဆုံးပါပဲဗျို့'ဟု ရွာသားတစ်ဦးက သတိပေးစကား ပြောသည်။

'သူ့နားရွက်ကြီးက ဖျာတစ်ချပ်စာမက ကြီးတော့ ရောမ ယပ်တောင်ကြီးတစ်ချောင်းနဲ့ ခတ်ချလိုက်သလို လေတွေ တဟူးဟူးနဲ့ တိုက်လာတော့တာပဲ။ မသိနိုးနား လူတစ်ယောက်သာဆိုရင် ဟ . . . မုန်တိုင်းတိုက်နေပြီလားလို့ ပြောမိမှာပါဗျို့'

လက်ဝါးကြီးတစ်ယောက် မြစ်ကမ်းစပ်မှာထိုင်ပြီး အေးအေးလူလူနှင့် သူ့အနားယူနေပြီ ဆိုရင်ကော . . .။

'အဲ . . . ဟိုတစ်ညတုန်းကပေါ့။ အဲဒီလို လက်ဝါးကြီး ထိုင်နေတုန်း ကိုင်းတော လယ်ကွင်းတွေကြားထဲက ခြင်ရိုင်းတွေ ထွက်လာလိုက်တာ မည်းမည်းတုပ်နေတာပါပဲ'ဟု ကြီးတော်ကြီးတစ်ဦးက စပြောသည်။

'ကျုပ်တို့ တစ်ရွာလုံးက လူတိုင်းစေ့ကို ကိုက်ဖို့ဆိုပြီး တဝီဝီပျံလာတဲ့ ဒီခြင်ရိုင်းတွေကို လက်ဝါးကြီးက သူ့လက်နှစ်ဖက်နဲ့ ဖြန်းခနဲ ရိုက်ချလိုက်တာ ခြင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်စ၊ နှစ်ကောင်စ မကျန်အောင် ပြောင်တလင်းခါသွားတော့တာပါပဲ'

တင်ကောက်ကြီးတစ်ယောက် နေဝင်ရိုးရီ ညနေခင်းအချိန်မှာ လူပျိုလှည့် ထွက်ပြီ ဆိုပါစို့။

'အဲဒီ တင်ကောက်ကြီးဟာ သဘောကောင်းတာ လွန်ပါရောလားရှင်'ဟု အပျိုမလေးတစ်ယောက်က ဆိုလေသည်။

'ကျွန်မတို့လေးတွေ ရေခပ်ဆင်းပြီဆိုရင် တင်ကောက်ကြီးကိုပဲ အမြဲတမ်း အကူအညီတောင်းရပါတယ်။ သူ့တင်ကောက်ကြီးပေါ်မှာ ကျွန်မတို့ ခပ်လာတဲ့ ရေအိုးအလုံး ငါးဆယ်လောက်ကို အသာလေး တင်ပေးလိုက်လို့ ရတယ်လေ'

နှာရှည်အိုးကြီးတစ်ယောက် မတော်တဆနှင့် နှပ်ညှစ်မိပြီဆိုရင်ကော ...။

'သူ့နှာခေါင်းက ကြီးဆိုမှ အကြီးကြီးပါပဲ။ သူ နှပ်တစ်ခါညှစ်လိုက်ရင် ရွာလယ်လမ်းမှာ ချောင်းလေးတစ်ချောင်းလောက် စီးလာတယ်ဗျ' သျှောင်ပေစူးနှင့် ကောင်လေးတစ်ယောက်က ပြောပြသည်။

'တစ်ခါမှာ ကျွန်တော်တို့နဲ့အတူ ဆော့နေတဲ့ ကလေးတစ်ယောက် သူ့နှာရည်တွေထဲမှာ မျောပါသွားလို့ ရွာသူရွာသားတွေ ထွက်ပြီး လိုက်ဆယ်ခဲ့ရတာ။ အဲ ... လူတိုင်းလူတိုင်း အသိပါဗျို့'

သူတို့ ပြောစကားများကို နားထောင်နေသည့် လူသူစိမ်းခများ ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ဖြစ်နေလေတော့သည်။ သို့နှင့် တစ်ခုသောရက်တွင် ဤလူသန်ကြီး လေးယောက်တို့သည် ရွာလယ်က ဇရပ်ကြီးပေါ်တွင် စုဆုံရင်း ရောက်တတ်ရာရာ စကားပြောနေကြလေသည်။

ထိုစဉ် နားရွက်ကြီးက 'ငါတို့တွေ တစ်ယောက်တစ်မျိုးစီ အစွမ်းပြနေကြတာ အခုဆိုရင် လူတွေကြားမှာ ရိုးနေပြီထင်တယ်ကွ'ဟု စကားစလေသည်။

လက်ဝါးကြီးသည် လူ့ခေါင်းကို သူ့လက်ဖြင့် ကုတ်ရင်း 'ဒီတော့ တို့လေးယောက် စုပေါင်းပြီး စွန့်စားခန်းတစ်ခု လုပ်ပြကြရင် ကောင်းမလားဟေ့'ဟု အကြံပေးသည်။

တင်ကောက်ကြီးကလည်း 'ဒါဆိုရင် လှေကြီးတစ်စီးနဲ့ ပင်လယ်ပြင်ဆီသွားပြီး တို့တစ်တွေ ငါးဖမ်းထွက်ကြရင် ကောင်းမလားဟေ့'ဟု အကြံပေးသည်။

ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသူ နှာရှည်အိုးကြီးက 'ဒါမှ ငါတို့တော့ ကုန်းပေါ်မှာတင်မကဘဲ ရေပြင်မှာလည်း စွန့်စားတဲ့ လူစွန့်စားကြီးတွေပါလို့ လူတွေကြားမှာ ပြောစမှတ် တွင်လာမှာပေါ့'ဟု ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရက်များမကြာမီ သူတို့သည် ငါးဖမ်းရွက်လှေကြီးတစ်စီးဖြင့် ပင်လယ်ပြင်ဆီသို့ ခရီး စတင်ထွက်ကြလေတော့သည်။ ထိုလှေကြီးတွင် တပ်ဆင်ထားသည့် ရွက်တိုင်မှာ အနည်းငယ်သေးနေသဖြင့် လှေက မြန်မြန်မသွားနိုင်။ ထိုအခါ လက်ဝါးကြီးက 'ဒုက္ခပါပဲကွာ ...'ဟု ပြောသည်။

နားရွက်ကြီးက 'အဲ ...မင်းတို့ ဘာမှမပူကြပါနဲ့ကွာ'ဟု ပြောသည်။

သူသည် လှေဝမ်းထဲမှာ ငြိမ်ငြိမ်လေး ထိုင်နေရာက မတ်တတ်ထရပ်လိုက်လေသည်။ ထိုအခါ သူ့နားရွက်ကြီးနှစ်ဖက်သည် လေတိုးသဖြင့် ဖြန်းဖြန်း၊ ဖြန်းဖြန်း မြည်နေကြကာ လှေကြီးမှာလည်း အခုမှ အရှိန်ရလာပြီး အမြန်ပြေးသွားနိုင်တော့သည်။ ပင်လယ်ပြင်တစ်နေရာသို့ ရောက်သောအခါ သူတို့၏လှေကြီးကို ကျောက်ချ ရပ်လိုက်ကြပြီး လူသန်ကြီး လေးဦးသည် ပိုက်ကွန်များကို ပိုးခနဲ ...ပိုးခနဲ ဖြန့်ချကြလေသည်။

ပိုက်ကွန်များထဲတွင် မိနေသည့် ငါးတွေဆိုသည်မှာ အလွန်အမင်းပါပဲ။

တစ်ကြိမ်တည်း ပိုက်ကွန်ပစ်ချလိုက်ရုံနှင့် လူသန်ကြီးတို့၏ လှေထဲမှာ ငါးများဖြင့် အပြည့်အလျှံ ဖြစ်သွားလေပြီ။ သူတို့လှေကြီးအနီးသို့ အခြားလှေများ တစ်စီးပြီးတစ်စီး ဖြတ်သွားကြစဉ် ပင်လယ်တံငါသည်များက 'ဗျို့ ...ဒီက လှေသူကြီးများခင်ဗျား'ဟု အော်ပြော ကြသည်။

'အခုဆိုရင် ပင်လယ်ထဲမှာ ကျုပ်တို့ဖမ်းစရာ ငါးတစ်ကောင်တစ်မြီးမှ မရှိကြတော့ပါဘူး။ တကယ်တမ်း ကျုပ်တို့ဟာ တုဖက်တင်းဖက်လုပ်ပြီး ခင်ဗျားတို့လို လူသန်ကြီးတွေကို စိန်မခေါ်ရဲကြပါဘူး'

ထို့နောက် သူတို့က အခုလို ဆက်၍ပြောသည်။

'ကျုပ်တို့ဟာ တစ်နေ့လုပ်မှ တစ်နေ့စားကြရတဲ့ လက်လုပ်လက်စားတွေပါ ခင်ဗျာ။ ဒါကြောင့် ဈေးဖိုးလေး၊ ဘာလေး ရအောင် ငါးနည်းနည်းလောက် ခွဲမပေးနိုင်ကြဘူးလားဗျို့ ...'

ဤလူသန်ကြီးများသည် ဖော်ရွေ သဘောကောင်း၍ ရက်ရောသူများ ဖြစ်ကြသည်။ သူတို့သည် အနီးအနားမှာ လာရပ်ကြသည့် တံငါလှေများအား လက်တစ်ခုပ်စာစီ ခွဲဝေပေးမည်ဟု ပြောရင်း ဩောင်းညီတ်ပြကြလေသည်။

တံငါသည်များက 'အားတော့ နာပါရဲ့။ ခင်ဗျားတို့က လက်တစ်ခုပ်စာတည်း ပေးမှာဆိုတော့ သိပ်ကို မနည်းလွန်းဘူးလားဗျို့'ဟု တုံ့ပြန်ပြောကြသည်။ လူသန်ကြီးများထဲမှ တစ်ဦးဖြစ်သူ လက်ဝါးကြီးက အခုလို အော်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

'အဲ ... လက်တစ်ခုပ်စာ ဆိုပေမဲ့ မောင်ရင်တို့ မနစ်နာစေရပါဘူးဟေ့'

သူသည် ထိုတံငါလှေများထဲသို့ ရောမ သူ့လက်ဝါးကြီးဖြင့် လက်တစ်ခုပ်စာ ငါးတွေကို ဆုပ်ကာဆုပ်ကာ ခွဲဝေပေးသည်။ ထိုစဉ် သနားစရာ တံငါလှေငယ် တစ်စီးခမျာ ငါးတွေ ပြည့်လျှံသွားသဖြင့် မတော်တဆ တိမ်းမှောက်သွားလေတော့သည်။

တင်ကောက်ကြီးက 'ဟေ့ ... မင်းတို့ ဘာမှမပူကြနဲ့'ဟု အော်ပြောသည်။

သို့နှင့် သူသည် လှေကြီးပေါ်မှ ကပျာကယာ ထရပ်လိုက်ပြီး သူ့တင်ကောက်ကြီးဖြင့် မြုပ်သွားသည့်လှေကို ပြန်ဆယ်ပေးလေသည်။

ပျော်နေသော တံငါလှေများသည် သူတို့၏လက်များကို ဝှေ့ယမ်းပြကြရင်း 'ကျေးဇူးပါပဲ လူသန်ကြီးများခင်ဗျာ'ဟု လှမ်းပြောကြသည်။

သို့ရာတွင် တင်ကောက်ကြီးတစ်ယောက် ပြန်ထိုင်ချလိုက်သည်နှင့် သူတို့၏ လှေနံရံမှာ ကွဲထွက်သွားပြီး အပေါက်ကြီးတစ်ပေါက် ဖြစ်သွားလေတော့သည်။ လှေဝမ်းထဲသို့ ရေတွေ ဝေါခနဲ တိုးဝင်လာသဖြင့် သူတို့လှေကြီး တိမ်းမှောက်စပြုနေလေပြီ။

ထိုအခါ နှာရှည်အိုးကြီးက 'မင်းတို့ ဘာမှ မစိုးရိမ်ကြပါနဲ့။ ဒါလေးများ ငါ့ရဲ့ တာဝန် ထားလိုက်စမ်းပါကွာ'ဟု ခပ်ပြုံးပြုံး ပြောလေသည်။

သူသည် လှေနံရံအပေါက်ထဲသို့ ကြီးမေ့ဆိုသော သူ့နှာခေါင်းကြီးကို ထိုးထည့်လိုက်ပြီး ဟူးခနဲ သက်ပြင်းတစ်ချက် မှုတ်လိုက်သည်။

သို့နှင့် လှေဝမ်းထဲက ရေတွေ တစ်စက်မကျန် ပြောင်တလင်းခါ ထွက်သွားပါလေရော။

နောက်ပြီး စေးပိုင်နေသည့် သူ၏နှာရည်များဖြင့် လှေအပေါက်ကို တစ်ခါတည်း ဖာထေးလိုက်ပြီးသား ဖြစ်သွားလေတော့သည်။


သူတို့သည် လှေကြီးပေါ်တွင် 'ဟေး ...'ဟု အော်ကာ တပျော်တပါး အောင်ပွဲခံကြလေတော့သည်။ ထို့နောက် လူသန်ကြီး လေးယောက်တို့သည် သူတို့၏ လှေကြီးဖြင့် ရွာဆီသို့ ရွက်လွှင့် ပြန်လာခဲ့ကြသည်။

သူတို့ကို စောင့်မျှော်နေကြသည့် ရွာသူရွာသားများက 'မင်းတို့ဟာ စွန့်လည်း စွန့်စားနိုင်ကြတဲ့ လူစွန့်စားကြီးတွေပါပဲဟေ့'ဟု ပြောရင်း ဝမ်းပန်းတသာ ဆီးကြိုကြလေသည်။

❏

www.burmeseclassic.com

www.burmeseclassic.com



ကြွက်မလေးအတွက် သတို့သား

www.burmeseclassic.com

www.burmeseclassic.com

# ကြွက်မလေးအတွက် သတို့သား

တစ်ခါတုန်းက တောအုပ်တစ်ခုထဲတွင် ကြွက်မိသားစု နေအိမ်တစ်လုံး ရှိလေသည်။ လှပသော ကြွက်မလေးတစ်ကောင်သည် သူမ၏ မိဘများနှင့်အတူ ထိုအိမ်တွင် နေထိုင်သည်။

သူမသည် ဤအိမ်တွင် နေထိုင်ကြီးပြင်းလာခဲ့ပြီး မနက်ခင်းတိုင်း ခြံထဲမှာ နေပူဆာလှုံမည်။ တစ်ခါတစ်ခါ အိမ်အပြင်သို့ထွက်ပြီး အရိုင်းပန်းကလေးများ ပွင့်သော မြက်ခင်းဆီ သွားလည်မည်။

မကြာမကြာလည်း တောင်ကမူလေးပေါ် ပြေးတက်သွားပြီး ရှုခင်း ငေးမည်။ ပြီးတော့ သူမ၏နေအိမ်သို့ လှည့်ပြန်လာမည်။ အိမ်သို့ပြန်ရောက်လျှင် သူမသည် မိဘများနှင့်အတူ နံနက်စာ ဝင်စားမည်။

ထိုနေ့က ကြွက်မိသားစုသည် အရေးတကြီး အကြောင်းကိစ္စတစ်ခုကို ပြော ဆိုနေကြသည်။ ဖခင်ဖြစ်သူက 'တို့သမီးချောလေးကို သင့်တော်သူ တစ်ယောက် ယောက်နဲ့ လက်ဆက်ပေးချင်ပြီဟေ့'ဟု စကားစလေသည်။

ထိုအခါ မိခင်ဖြစ်သူက ပျာပျာသလဲနှင့် 'အမယ် ... အမယ် ... ရှင်က ဘယ်လိုပြောလိုက်တယ်'ဟု ဆိုသည်။

'ကျွန်မတို့ရဲ့သမီးလေးကို တော်ရုံတန်ရုံ လူတစ်ယောက်နဲ့ မပေးစားနိုင်ပါ ဘူးရှင်။ ဒါနဲ့ ရှင်က သမီးလေးကို ဘယ်လိုလူနဲ့များ သဘောတူနေပါလိမ့်တော်'

လှပသော ကြွက်မလေးက 'သမီး ငယ်ပါသေးတယ်။ ဘယ်သူနဲ့မှ မယူချင် သေးပါဘူး'ဟု စိတ်မပါသလို ဝင်ပြောသည်။ သို့ရာတွင် သူမ အခုလို ပြောပြသည် ကို မည်သူကမျှ ဂရုမထားကြပေ။

ကြွက်မလေး၏ ဖခင်က 'ငါ တွေးထားတာ ပြောပြပါရစေဦး ရှင်မရေ ...' ဟု ဆိုလေသည်။

'ငါ့ကို စကားကြီး စကားကျယ် ပြောတယ်လို့ မင်းက ဆိုချင်ဆိုပါ။ တို့ရဲ့ သမီးလေးကို ဒီကမ္ဘာမှာ အင်အားဗလအကြီးဆုံး ဆိုသူနဲ့မှ ပေးစားနိုင်မယ်ဟေ့'

မိခင်ဖြစ်သူက 'ဒီလိုမှပေါ့ ရှင်'ဟု ခပ်ပြုံးပြုံး ဆိုလေသည်။

'ကျွန်မတို့ရဲ့ သမီးလေးက အသက်လည်း ငယ်ငယ်၊ စကားလည်း ကြွယ် ကြွယ်၊ ။နောက်ပြီး ပြောစရာမလိုတဲ့ အချောအလှလေးတစ်ယောက် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com


ကြွက်မလေးက 'သမီး ဒီလိုပဲ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်ပါသေးတယ်'ဟု မျက်လုံးကလေး ကြောင်တောင်တောင်နှင့် ဝင်ပြောလေသည်။ သို့ရာတွင် သူမ အခုလို ပြောပြသည်ကို မည်သူကမျှ နားမထောင်ကြပေ။

သူတို့သည် နံနက်စာ စားပြီးကြသည်နှင့် သမီးလေးကို လက်ဆွဲခေါ်ကာ သင့်တော်မည့် သတို့သားတစ်ဦးကို ရှာဖွေရန် နေအိမ်ခြံထဲမှ ထွက်လာကြလေတော့သည်။

ပထမဦးစွာ ပေါ်ထွက်လာစ နေလုံးကြီးကို သူတို့ မြင်တွေ့သွားကြသည်။

ကြွက်မလေး၏ မိဘနှစ်ပါးက 'ဟော့ . . . မောင်နေရေ၊ တို့သမီးချောလေးနဲ့ မင်း လက်ထပ်ပါလားကွာ'ဟု အော်၍ပြောသည်။

နေလုံးကြီးသည် မနက်ခင်းတိုင်း နေဆာလှုံနေတတ်သည့် ကြွက်မလေးကို မြင်ဖူးသဖြင့် သူက 'ဟုတ်ကဲ့၊ လက်ထပ်ဖို့ အဆင်သင့်ပါပဲဗျာ'ဟု ပြန်ဖြေသည်။

သို့ရာတွင် သမီးရှင်ဖြစ်သူ ဖခင်က နေလုံးကြီးအား အခုလို စပ်စုလေသည်။

'အဲ . . . တစ်ခုတော့ ရှိပါရဲ့ မောင်နေရာ။ မင်းဟာ ဒီကမ္ဘာမှာ တကယ်ပဲ အင်အားဗလ အကြီးဆုံးသူတစ်ယောက် ဟုတ်ပါသလားကွာ'

နေလုံးကြီးသည် ရုတ်တရက် မျက်နှာလေး ငယ်သွားပြီး 'ဒီ . . . ဒီလိုတော့ မဟုတ်ပါဘူးခင်ဗျာ'ဟု ဖြေလေသည်။

'ဟို . . . မိုးတိမ်ဆိုသူဟာ ကျွန်တော့်ထက် ဗလတောင့်သူပါ။ မိုးတွေ တဖြုန်းဖြုန်း ရွာပြီဆိုတာနဲ့ ဒီမိုးတိမ်က ကျွန်တော့်ကို ကောင်းကင်ကနေ တရကြမ်း မောင်းထုတ်ပစ်လိုက်တော့တာပါပဲ'

ထိုအခါ ကြွက်မလေး၏ မိဘများက 'အေးပါကွာ။ ဒါဆိုရင်လည်း တို့တစ်တွေ ခရီးဆက်လိုက်ပါဦးမယ်'ဟု ပြောလေသည်။

'တို့ရဲ့ သမီးကညာလေးအတွက် သင့်တော်သူ သတို့သား သွားရှာရဦးမှာမို့ပါ'

ကြွက်မလေးခမျာ 'ဟင့်အင်း . . . သမီး အခုပဲ အိမ်ပြန်တော့မယ်'ဟု ရှက်စနိုးနှင့် ပြောသည်။

သို့ရာတွင် သူမ အခုလိုပြောသည်ကို မည်သူကမျှ အလေးအနက် မထားကြပေ။

တောင်တစ်ခုပေါ်သို့ သူတို့ ရောက်လာကြသောအခါ မိုးတိမ်ဆိုသူနှင့်တွေ့မိကြသည်။ ရှိးသားသော မိုးတိမ်က 'ကျွန်တော် . . . ကျွန်တော့်ထက် အင်အား

www.burmeseclassic.com

www.burmeseclassic.com


ကြီးသူ ရှိနေပါသေးတယ်။ လေ ...။ တိုက်ခတ်နေတဲ့ ကိုလေ ဆိုသူပေါ့'ဟု ပြောသည်။

'သူ ရောက်လာပြီဆိုရင် ကျွန်တော်လည်း အဝေးကို အလန့်တကြား ထွက်ပြေးသွားရတော့တာပါပဲ'

သို့နှင့် သူတို့သားအမိ သားအဖ သုံးယောက်သည် တိုက်ခတ်သော ကိုလေဆိုသူထံသို့ အရောက်သွားကြသည်။ သူတို့ ဆုံတွေ့မိကြသောအခါ လေဖြစ်သူက 'ဘယ်လို ပြောလိုက်ပါလိမ့်။ ဒီ ... ဒီက ကြွက်အလှမယ်လေးနဲ့ ကျွန်တော် လက်ထပ်ချင်တာပေါ့ခင်ဗျာ'ဟုပြောသည်။

'ဒါပေမဲ့ ဒီကမ္ဘာမှာ ကျွန်တော်ဟာ အင်အားဗလ အကြီးဆုံး မဟုတ်ပါဘူး။ ကျွန်တော့်ထက် အားကြီးသူတစ်ယောက် ရှိနေပါသေးတယ်။ ကျွန်တော် ဘယ်လိုတိုက်တိုက် သူက မဖြိုပါဘူး။ အဲဒီသူကတော့ ဟောဟိုက တောင်ကမူပါပဲခင်ဗျာ'

ဤကြွက်မိဘ တစ်စုံသည် သမီးလေး၏လက်ကို ဆွဲကာ ခန့်ညားလှသော တောင်ကမူ ဆိုသူထံသို့ သွားရောက်ကြသည်။ တောင်ကမူဆိုသူက 'ကျွန်တော့်ထက် အင်အားကြီးသူ ရှိပါသေးတယ်။ သူကတော့ ခြီနွားပဲ ဖြစ်ပါတယ်'ဟု အမှန်အတိုင်း ပြောသည်။

'ညနေ ညနေဆိုရင် ကျွန်တော့်ဆီ သူရောက်လာမှာ စိုးမိပါရဲ့။ ဒီခြီနွားဟာ သူ့ရဲ့ဦးချိုကို ချွန်မြနေအောင် မြေမှာ သွေးရင်း ကျွန်တော့်ကို ဆွဲဖဲ့တော့တာပါပဲ'

ထိုအခါ ကြွက်မကလေး၏ မိဘနှစ်ပါးက 'အေး ... အေးပါကွာ။ ဒါဆိုရင် တို့ကို ခွင့်ပြုပါဦးဟေ့'ဟု ပြောသည်။

ဒီကမ္ဘာပေါ်မှာ အင်အားဗလ အကြီးဆုံးသူနဲ့မှ တို့ရဲ့သမီးလေးနဲ့ ပေးစားနိုင်မှာမို့ပါ မောင်တောင်ကမူရေ။ ခြီနွားဆီကို တို့ သွားလိုက်ဦးမယ်ကွာ'

ကြွက်မလေးခမျာ 'ဟင့်အင်း ... သမီး ဒီကနေ လှည့်ပြန်တော့မယ်'ဟု နှုတ်ခမ်းလေးစူရင်း ပြောသည်။

သို့ရာတွင် သူမ အခုလိုပြောသည်ကို သူတို့မိဘနှစ်ပါးက မကြားချင်ယောင်ဆောင်နေကြလေသည်။

မကြာမီ သူတို့သည် သမီးဖြစ်သူကို လက်ဆွဲခေါ်ရင်း လယ်မြေယာခင်းတွင်နေထိုင်သူ ခြီနွားထံသို့ ရောက်လာကြလေသည်။ မညာတတ်သော ခြီနွားက 'အဲ ... ကျွန်တော်ဟာ ဗလမောင်တစ်ဦးဆိုပေမဲ့ ကျွန်တော့်ထက် အားအင်ကြီးသူ ရှိနေပါသေးတယ်ခင်ဗျာ'ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'လယ်ထဲမှာ ကျွန်တော် အလုပ်ကြိုးစားနေပြီ ဆိုပါတော့။ ကျွန်တော့်ကို ချည်ထားတဲ့ကြိုးက ဟော့ ... ညာကိုကွေ့ပါ၊ ဘယ်ကိုလှည့်ပါလို့ဆိုရင် သူ ပြောတာကို မလိုက်နာဘဲနေလို့ မရပါဘူး'

သို့နှင့် ကြွက်မောင်နှံသည် သူတို့၏သမီးလေးကို လက်ဆွဲခေါ်ကာ အင်အားကြီးသူ 'ကြိုးစ'ထံသို့ အလည်အပတ် သွားကြလေသည်။ တစ်ကိုယ်တည်းနေသူ ကြိုးစသည် ကြွက်မလေးနှင့် နှစ်ကိုယ်တွဲရမည်ဖြစ်၍ အပျော်ကြီး ပျော်နေသည်။

သို့ရာတွင် သူက 'ဒါပေမဲ့ ကျွန်တော့်ထက် ပိုပြီးအင်အားကြီးသူတစ်ယောက် ရှိနေပါတယ်'ဟု ပြောပြသည်။

'သူဟာ ဟိုနွားတင်းကုပ်ထဲမှာ ဟန်ကျပန်ကျ နေထိုင်ပါတယ်။ ညရောက်ပြီ ဆိုတာနဲ့ သူတစ်ယောက် ပေါက်ချလာပြီး ကျွန်တော့်ကို တကျွိကျွိနဲ့ မွစာကြေအောင် ကိုက်ဖြတ်တော့တာပါပဲ'

သူတို့ ကြွက်မောင်နှံသည် ဤမျှအင်အားကြီးသူ မည်သူပါလိမ့်ဟု သိချင်နေကြတော့သည်။ နွားတင်းကုပ်တွင် ဟန်ကျပန်ကျနေသည်ဆိုသော ဗလမောင်ထံသို့ သူတို့၏သမီးလေးကို လက်ဆွဲခေါ်ပြီး သွားရောက်ကြသည်။

ထိုဗလမောင်ကို သူတို့ မြင်တွေ့ရသောအခါ အံ့အားသင့်သွားကြပြီး နောက်တော့ အားလုံးထက်ပို၍ ခန့်ညားသောသူမှာ အခြားမဟုတ်။ သူတို့အိမ် အနီးအနားမှာ ရစ်သီရစ်သီ လုပ်နေတတ်သော ကြွက်လုလင်ဟု သိသွားကြလေသည်။

ကြွက်မလေး၏ ဖခင်ဖြစ်သူက 'ကဲ ... မောင်ကြွက်ရေ၊ မောင်ရင့်ကို ဦးတို့က သမီးလေးအတွက် သတို့သားအဖြစ် ရွေးလိုက်ပါပြီဟော့'ဟု ဆိုလေသည်။


'တကယ်ပဲ မင်းဟာ ဒီကမ္ဘာမှာ အင်အားအကြီးဆုံး လုလင်တစ်ယောက်ဆိုတာ သေချာသွားပြီပေါ့။ မင်းတို့နှစ်ယောက် ရိုးမြေကျ ပေါင်းသင်းနိုင်ကြပါစေကွာ'

နွားတင်းကုပ်တွင် ဟန်ကျပန်ကျနေထိုင်သူ ကြွက်၏ အပျော်ဆုံးနေ့ တစ်နေ့သည် ရောက်လာခဲ့လေပြီ။ လှပသော ကြွက်မလေးသည် မျက်လွှာလေးကို ချထားဆဲဖြစ်ပြီး နောက်တော့ သူမသည် ကြွက်လုလင်ကို လှမ်းကြည့်ပြီး ပြုံးလာလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com




သံတူကြီးများ

www.burmeseclassic.com

www.burmeseclassic.com

# သံတူကြီးများ

ဟိုးရှေးရှေးတုန်းက ပုဂံပြည်ရှိ ဘုရားပရိဝုဏ်တစ်ခုအတွင်းတွင် ထူးဆန်းသော သံတူကြီးတစ်စုံ ထားရှိလေသည်။ မြို့ထဲရွာထဲမှာ တစ်ဦးနှင့်တစ်ဦး အငြင်းပွားကြ၊ အမှုအခင်းဖြစ်ကြလျှင် ထိုသံတူကြီးများက အဆုံးအဖြတ်ပေးသည်။

ဘာဖြစ်လို့ ဤသံတူကြီးတွေက 'ခုံသမာဓိ လူကြီးမင်းတွေ ဖြစ်နေကြတာလဲ'ဟု သင်သိချင်မှာပေါ့။

အငြင်းပွားကြ၊ အမှုအခင်းဖြစ်ကြပြီဆိုလျှင် မည်သူမဆို သူတို့၏ လက်နှစ်ဖက်ကို သံတူကြီးနှစ်ခုကြားတွင် ထည့်ထားပြီး အစစ်ခံကြရသည်။

အကယ်၍ တစ်ဦးတစ်ယောက်သည် အမှန်မပြောဘဲ လိမ်ညာလိုက်ပြီ ဆိုပါစို့။

သံတူကြီးများက ထိုသူ၏လက်ကို ခွမ်းခနဲ ထုချေပစ်လိုက်ပါလေရော။

ထို့ကြောင့် ပုဂံပြည်မှာ မလိမ်ရဲ၊ မညာရဲကြသလို တစ်ဦးအပေါ်တစ်ဦး မတော်မတရားလည်း မလုပ်ရဲကြပေ။ တစ်စတစ်စနှင့် သူခိုး၊ ဓားပြနှင့် အလစ်သုတ်သူများ နည်းပါးလာသဖြင့် ရုံးတော်များတွင် အဆုံးအဖြတ်ပေးစရာ အမှုအခင်း မရှိသလောက် ဖြစ်လာလေသည်။

တောရောမြို့ပါ လူတွေအားလုံး အေးအေးလူလူ နေထိုင်လာနိုင်ကြပြီး ခုံသမာဓိ လူကြီးများပါ သက်သောင့်သက်သာ ရှိနေကြသော အချိန်ကာလပေတည်း။

ပုဂံမြို့၏ ချောင်ကျသော တစ်နေရာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိသည်။ ထိုကျောင်းတွင် မီတင်းနေထိုင်သူ ဖိုးသူတော်တစ်ဦးရှိပြီး သူသည် ဤဘုန်းကြီးကျောင်းမှ ဆွမ်းတော်ချက်တစ်ဦး ဖြစ်လေသည်။

ထိုဘုန်းကြီးကျောင်းသို့ ဘုရားဖူးဧည့်သည်များ မကြာခဏ ဝင်ရောက်တည်းခိုလေ့ရှိကြပြီး ထိုသူများထဲတွင် မြင်းစီး ခရီးသွားကုန်သည်တစ်ဦးလည်း အပါအဝင် ဖြစ်လေသည်။

ထိုကုန်သည် တည်းခိုနေထိုင်သည်မှာ ရက်သတ္တတစ်ပတ်ခန့် ရှိပြီဖြစ်၍ အခုဆိုလျှင် သူသည် ဆွမ်းတော်ချက် ဖိုးသူတော်ကြီးနှင့် ခင်မင်ရင်းနှီးနေလေပြီ။ ဤကျောင်းမှ သူ မထွက်ခွာမီ ညချမ်းတွင် ဖိုးသူတော်ထံသွား၍ 'မနက်ဖြန်မှာ ပြန်လိုက်ပါဦးမယ် ဦးသူတော်ရေ ...'ဟု နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်လည်း ဒီမှာ ဘုရားစုံအောင် ဖူးပြီးပြီမို့ ရှေ့ကို ခရီးဆက်ရပါဦးမယ်'

ထိုအခါ ဖိုးသူတော်က 'ဘယ်ကို ဆက်သွားမှာပါလဲဗျို့'ဟု မေးလေသည်။

ခရီးသွား ကုန်သည်က 'ဟိုး ... ပုပ္ပားတောင်ခြေက ရွာတစ်ရွာဆီကိုပါ'ဟု ဖြေသည်။

'အဲဒီရွာကို အရောင်းအဝယ်ကိစ္စနဲ့ ကျွန်တော် သွားရမှာပါ။ ဒါပေမဲ့ အဲဒီ ပုပ္ပားဘက်ကို တစ်ခေါက်မှတော့ မရောက်ဖူးသေးပါဘူး'

ဖိုးသူတော်က 'အဲဒီအရပ်ဟာ ဝေးကဝေး၊ နောက်ပြီး လူမနီး သူမနီးနဲ့ ခေါင်လိုက်တာလည်း လွန်ပါရောလားဗျို့'ဟု ခပ်ညည်းညည်း ပြောသည်။

'အင်း ... ဒီက ကုန်သည်ကြီးဆီမှာ အဖိုးတန်ပစ္စည်းတွေ ပါလာရင် ယူမသွားသင့်ဘူးလို့ ထင်ပါတယ်။ လမ်းခရီးမှာ လူဆိုးသူခိုးတွေ မရှိဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူးဗျို့'

ဆွမ်းတော်ချက်ကြီး၏ ပြောစကားကို ကြားပြီး ကုန်သည်ခမျာ သူ့တွင်ပါလာသည့် ရွှေဒင်္ဂါးထုပ်အတွက် စိုးရိမ်ပူပန်စ ပြုလာတော့သည်။ သူသည် တဝေွးတောတော ဖြစ်နေပြီး နောက်ဆုံးမှာတော့ သူ့တွင်ပါလာသည့် ရွှေတစ်ပိဿာကို ဤဖိုးသူတော်ထံ အပ်နှံထားခဲ့မည်ဟု စိတ်ဆုံးဖြတ်လိုက်လေသည်။

'အဲဒီခရီးကနေ ပြန်လာရင် ဒီကျောင်းမှာ တစ်ခေါက်ဝင်နားခွင့် ပြုပါ။ အဲဒီအခါကျတော့မှ ဒီက ဦးသူတော်ဆီမှာ အပ်နှံထားတဲ့ ရွှေဒင်္ဂါးထုပ်ကို ကျွန်တော် ပြန်ယူသွားပါ့မယ်'

ဖိုးသူတော်က ခေါင်းညိတ်လိုက်ပြီး 'အင်း ... ဒါဆိုလည်း ကောင်းပါပြီဗျို့' ဟု ပြောသည်။

'ဒီရွှေတွေကို စိတ်ချပြီးသာ ထားခဲ့ပါ။ ရွှေဒင်္ဂါး တစ်ပြားတလေမှ မပျောက်မပျက်ရအောင် ကျုပ် သိမ်းထားပေးပါ့မယ်။ ဒီက ကုန်သည်ကြီးလည်း စိတ်ချလက်ချနဲ့ လိုရာခရီးကို ဆက်ပါဗျာ'

သို့နှင့် ကုန်သည်ဖြစ်သူသည် သူ၏ ရွှေဒင်္ဂါးတစ်ပိဿာကို ရေတွက် ချိန်တွယ်ပြီး ဤကျောင်း၏ ဆွမ်းတော်ချက် ဖိုးသူတော်ထံ အပ်နှံထားလေတော့သည်။

နောက်တစ်နေ့ နံနက်တွင် သူသည် ဟိုး ... ပုပ္ပားတောင်ခြေ ရွာကလေးဆီသို့ မြင်းတစ်စီးနှင့် ထွက်ခွာသွားတော့သည်။

ပထမတွင် ဆွမ်းတော်ချက်ဖြစ်သူ ဖိုးသူတော်သည် ဤရွှေဒင်္ဂါးများကို ရိုး

www.burmeseclassic.com

www.burmeseclassic.com



သားစွာ သိမ်းထားပေးသော်လည်း အခုဆိုလျှင် သူသည် လောဘတက်လာခဲ့ပြီး ခရီးသွားကုန်သည်၏ ရွှေများကို မည်ကဲ့သို့ လိမ်ညာယူရမည်လဲဟု အကြံထုတ်နေလေပြီ။

တကယ်တမ်း ကုန်သည်အပေါ် သူ လိမ်ညာနိုင်ရုံနှင့် မပြီး။ ဟို ဘုရားပရိဝုဏ်ထဲက သံတူကြီးများအပေါ်တွင်လည်း တစ်ပတ်ရိုက်နိုင်မှ ရမည်ဟု သူ နားလည်လေသည်။

ဤဖိုးသူတော်တစ်ယောက် မရိုးမသားနှင့် ကြံလိုက်သည်မှာ လွန်ပါရော။

ဖိုးသူတော်သည် သူ့ထံ ကုန်သည်က စိတ်ချလက်ချနှင့် အပ်နှံထားသည့် ရွှေဒင်္ဂါးများကို မီးဖိုတွင် အရည်ကျိုပစ်လိုက်သည်။ ထိုရွှေရည်များဖြင့် တောင်ဝှေးတစ်ချောင်း သွန်းလုပ်ခဲ့ပြီး နောက်တော့ ထိုတောင်ဝှေးကို အမည်းရောင်သစ်စေးသုတ်လိမ်းထားလိုက်လေသည်။

သို့နှင့် ဤရွှေတောင်ဝှေးသည် သစ်သားအနုစ်ဖြင့် ပြုလုပ်ထားသည့် ခပ်အိုအို တောင်ဝှေးတစ်ချောင်းနှင့် အထင်မှားစရာ ဖြစ်သွားလေသည်။

သီတင်းပတ် အတန်ကြာသောအခါ ကုန်သည်ဖြစ်သူသည် ခရီးမှ ပြန်ရောက်လာသည်။

သူသည် ဤကျောင်းမှ ဆွမ်းတော်ချက်ဖြစ်သူ ဖိုးသူတော်ထံမှ သူ အပ်နှံထားသည့် ရွှေဒင်္ဂါးတစ်ပိဿာကို ပြန်တောင်းလေသည်။

ထိုအခါ လိမ်ညာတတ်သော ဖိုးသူတော်က 'ခင်ဗျား အပ်ထားတယ်ဆိုတဲ့ ရွှေတွေကို ကျုပ် ပြန်ပေးပြီးပြီပဲ'ဟု ငြင်းလေသည်။ ခရီးသွား ကုန်သည်ခမျာ သူ့ကို အောက်ကျခံပြီး ပြောပြသော်လည်း ဖိုးသူတော်က ခေါင်းတခါခါ လုပ်နေတော့သည်။

နောက်ဆုံးတွင် ကုန်သည်ဖြစ်သူက ပုဂံမြို့ရှိ ခုံသမာဓိလူကြီးမင်းအား ဤအမှုကိစ္စကို ဖြေရှင်းပေးဖို့ တိုင်ကြားလေသည်။ ထိုအခါ သမာဓိလူကြီးမင်းသည် အငြင်းပွားသူ သူတို့နှစ်ဦးအား ဘုရားကျောင်း ပရိဝုဏ်တစ်ခုထဲက သံတူကြီးများဆီသို့ ခေါ်လာတော့သည်။ ဤအမှုကိစ္စကို စိတ်ဝင်တစားနှင့် လာပြီးကြည့်ရှုကြသည့် လူသူပရိသတ်တွေ များဆိုမှ များပါပဲ။

ခုံသမာဓိလူကြီးက 'အားလုံး ငြိမ်ငြိမ်ဆိမ်ဆိမ် နားထောင်ကြပါ'ဟု ပြောသည်။

'ပထမဆုံးအနေနဲ့ ခရီးသွားကုန်သည်က သံတူကြီးတွေဆီသွားပြီး အမှန်

www.burmeseclassic.com

www.burmeseclassic.com



ကို ထွက်ဆိုပါ'

ကုန်သည်ဖြစ်သူသည် သူ၏လက်နှစ်ဖက်ကို ဟနေသော သံတူကြီးနှစ်ခုကြားတွင် ထည့်ထားပြီး အခုလို ရဲဝံ့စွာ ပြောသည်။

'ဒီက ဖိုးသူတော်ထံမှာ ကျွန်တော့်ရဲ့ ရွှေဒင်္ဂါးတစ်ပိဿာကို ယုံကြည်စွာ အပ်နှံထားခဲ့ပါတယ်။ သူဟာ ရွှေတစ်ပိဿာကို ပြန်မပေးဘဲ ငြင်းဆန်ခဲ့ပါတယ်။ ဒီစကားဟာ အမှန်ပဲ ဖြစ်ပါတယ်'

ခုံသမာဓိလူကြီး အပါအဝင် အားလုံးက သံတူကြီးတစ်စုံကို လှမ်းကြည့်နေကြလေသည်။ အချိန်အတန်ကြာသည်အထိ ထိုသံတူကြီးများသည် နန့်နန့်လေးမျှ မလှုပ်ပေ။ ထိုအခါ ပုဂံမြို့သူမြို့သားအပေါင်းက 'ခရီးသွားကုန်သည်ဟာ ရိုးသားသူပါပေါ့။ ဒါဆိုရင် ဒီဖိုးသူတော်ကြီးဟာ ကုန်သည်ရဲ့ရွှေတွေကို ပြန်ပေးရမှာပေါ့' ဟု အော်ပြောကြသည်။

ခုံသမာဓိလူကြီးက 'အားလုံး တိတ်တိတ်ဆိတ်ဆိတ် နားထောင်ကြပါ'ဟု ဆိုသည်။

'အခုတစ်ခါ ဦးသူတော်က သံတူကြီးတွေဆီသွားပြီး အမှန်အတိုင်း ထွက်ဆိုပါ'

ဖိုးသူတော်သည် တောင်ဝှေးတစ်ချောင်းကို အားပြုရင်း လူတွေရှေ့သို့ တိုးထွက်လာသည်။ ထိုစဉ်သူသည် ခရီးသွားကုန်သည်၏အနီးတွင် လာရပ်ပြီး 'အဲ ... ဒီ ... ဒီမှာ မိတ်ဆွေခင်ဗျာ' လေသံလေးဖြင့် ပြောသည်။

'သံတူကြီးနှစ်ခုကြားမှာ ကျုပ်ရဲ့လက်နှစ်ဖက်ကို ထည့်ထားရမှာမို့ ဒီတောင်ဝှေးကို ခဏလောက် ကိုင်ထားပေးပါဗျာ'

ခရီးသွား ကုန်သည်ခမျာ ဖိုးသူတော်၏ လှည့်ကွက်ကို မရိပ်စားမိဘဲ ထိုတောင်ဝှေးကို ယူထားပေးလေသည်။ ထို့နောက် ဉာဏ်များလှသော ဖိုးသူတော်သည် သံတူကြီးရှိရာသို့ လျှောက်သွားပြီး ဤသို့ ထွက်ဆိုလေသည်။

'ဒီကုန်သည်ဟာ ကျုပ်ဆီကို ရွှေဒင်္ဂါးတစ်ပိဿာ အပ်နှံထားတာ မှန်ပေမဲ့ အဲဒီရွှေတွေ အားလုံးကို သူ့ထံ ပြန်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အခု အဲဒီရွှေတွေဟာ သူ့ဆီမှာပဲ ရှိနေပါတယ်။ ကျုပ် ပြောတဲ့ ဒီစကားဟာ အမှန်ပဲဖြစ်ပါတယ်'

လူထုပရိသတ်အပေါင်းသည် သံတူကြီးများဆီသို့ လှမ်းကြည့်နေကြပြီး ဖိုးသူတော်၏ လက်နှစ်ဖက်ကို ခွမ်းခနဲ ထုချေပစ်တော့မည်ဟု တွေးထင်နေကြသည်။ သို့ရာတွင် ထိုသံတူကြီးတစ်စုံသည် တုပ်တုပ်မျှမလှုပ်ဘဲ ငြိမ်သက်နေကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com


လူတိုင်း အံ့အားသင့်စရာ ဖြစ်နေလေတော့သည်။

'သံတူကြီးတွေက အလကားပဲဟေ့ ...'

'အမှုဖြစ်ရင် တစ်ယောက်ယောက်က လိမ်ညာသူဖြစ်ရမှာ မဟုတ်လားဟေ့'

'အဲဒီလူလိမ်ကို မရှာနိုင်တော့ဘူးလားဟေ့'

ထိုအချိန်တွင် ဖိုးသူတော်သည် ခရီးသွားကုန်သည်ထံ လျှောက်လာပြီး သူ့တောင်ဝှေးကို ပြန်တောင်းသည်။ ပါးနပ်သော ခုံသမာဓိလူကြီးမင်းက 'အဲဒီတောင်ဝှေးကို ဦးသူတော်ထံ ပြန်ပေးစရာ မလိုတော့ပါဘူး ခရီးသွားကုန်သည်ရေ ...' ဟု ပြောလေသည်။

'ဖိုးသူတော် ထွက်ဆိုခဲ့တဲ့ စကားထဲမှာ ရွှေတွေ ပြန်ပေးပြီးပြီလို့ ပါပါတယ်။ အဲဒီတောင်ဝှေးဟာ ဧကန္တတော့ ရွှေတောင်ဝှေးပဲ ဖြစ်ရမယ်။ ကုန်သည်ရဲ့ရွှေတွေနဲ့ ပြုလုပ်ထားတဲ့ ဒီတောင်ဝှေးဟာ ကုန်သည်သာ ပိုင်ရမှာဖြစ်ပါတယ်'

နောက်ဆုံးတွင် ပုဂံမြို့သူမြို့သား အားလုံးက အမှန်ကို ဆုံးဖြတ်နိုင်သော ခုံသမာဓိလူကြီးမင်းအား ချီးမွမ်းမဆုံး ရှိနေကြတော့သည်။ ခရီးသွားကုန်သည်သည် သူ၏ရွှေများကို ပြန်ရခဲ့ပြီး ဖိုးသူတော်ကမူ သူ့လိမ်ညာမှုအတွက် အပြစ်ပေးခံရလေသည်။

အမှန်ပြောသည်ကို ကြိုက်သော သံတူကြီးများကိုပင် အခုလို လှည့်ကွက်လုပ်သူများ ပေါ်လာခဲ့သဖြင့် ပုဂံပြည်တွင် နောက်နောင် အငြင်းပွားမှု ဖြစ်ပြီဆိုလျှင် ထိုသံတူကြီးများဖြင့် အဆုံးအဖြတ်ပေးခြင်းမျိုး မရှိတော့ပေ။

❑

www.burmeseclassic.com

www.burmeseclassic.com



အုန်းပင်အစ မည်သူက

www.burmeseclassic.com

www.burmeseclassic.com

# အခန်းပင်အစ မည်သူက

ဟိုး ... ရှေးရှေးတုန်းက လူသုံးဦး လိုက်ပါလာသည့် သစ်လုံးဖောင် တစ်စီးသည် ရေစီးနှင့်အတူ မျောပါလာ၍ ပင်လယ်ကမ်းစပ် တစ်နေရာသို့ ထိုးကပ်လာသည်။

ဘယ်တိုင်းဘယ်ပြည်၊ ဘယ်ရွာဘယ်ရပ်က လာရောက်သည်ဟု မသိရဘဲ ကမ်းခြေတွင် သောင်တင်နေသည့် ဤသစ်လုံးဖောင်အကြောင်းကို ရပ်ထဲရွာထဲက လူအများပင် စပ်စပ်စုစုနှင့် ပြောဆိုနေကြလေသည်။

'သစ်ဖောင်ပေါ်မှာ ပါလာတဲ့ ဒီလူသူစိမ်းတွေဟာ ရိုးရိုးသားသား လုပ်ကိုင်စားကြတဲ့ ကုန်ရောင်းကုန်ဝယ်သမားတွေ မဖြစ်နိုင်ပါဘူးဟေ့'

'သူတို့ကိုကြည့်ရတာ တစ်ယောက်က မှုန်ကုပ်ကုပ်၊ သူ့နံဘေးမှာ ကုပ်ချောင်းချောင်းနဲ့ မိန်းမတစ်ယောက်။ အဲ ... နောက်တစ်ယောက်ရဲ့ မျက်နှာက မချိုမချဉ်နဲ့။ သူတို့တစ်တွေဟာ ဘယ်ရပ်ဘယ်ရွာမှာ ဘာတွေဖြစ်လာခဲ့ကြသလဲ မသိပါဘူး'

မကြာမီ ထိုသတင်းပလင်းမှာ ဘုရင်မင်း၏ နားတော်အထိ ပျံ့နှံ့ရောက်ရှိသွားပြီး ထိုသူစိမ်းသုံးယောက်ကို သူ၏ရှေ့တော်မှောက်သို့ အရောက်လာကြဖို့ အမိန့်ထုတ်လေတော့သည်။

ဘုရင့်အမှုတော်ထမ်းများသည် ထိုသစ်ဖောင်ရှိရာ ကမ်းခြေသို့ အရောက်သွားကြပြီးနောက် လူသူစိမ်းသုံးယောက်အား နန်းမြို့သို့ အပါခေါ်လာကြသည်။

တကယ်တမ်း သူတို့သည် ရပ်ဝေးမြေခြား တိုင်းပြည်တစ်ပြည်မှ ရာဇဝတ်ပြစ်ဒဏ်သင့်ကာ ပင်လယ်မှာ ရေအမျှောခံရသူများ ဖြစ်ကြလေသည်။

အခုဆိုလျှင် ဘုရင်မင်းသည် သူ၏ရှေ့တော်မှောက်သို့ ရောက်လာကြသည့် ထိုလူတစ်စုအား မေးလိုက်မြန်းလိုက် လုပ်နေလေပြီ။

မှုန်ကုပ်ကုပ်နှင့် လူက 'မှန် ... မှန်လှပါ၊ ဒီ ... ဒီလိုပါ'ဟု စပြောသည်။

'ကျွန် ... ကျွန်တော်မျိုးကြီးဟာ အဲ ... သူ ... သူခိုးတစ်ယောက် ဖြစ်ပါတယ်'

ထိုအခါ ဘုရင်မင်းက 'အိမ်း ...'ဟု ခေါင်းညိတ်တော်မူ၍ သူ့အတွက် မြို့ဆင်ခြေဖုံးတစ်နေရာတွင် နေစရာအိမ်တစ်လုံး၊ နောက်ပြီး ကောင်းရောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဝယ် ရင်းနှီးစားသောက်နိုင်ရန် ဒင်္ဂါးပြားတစ်ထောင် ထုတ်ပေးသည်။

'သူဟာ မရှိဆင်းရဲလို့ သူခိုးတစ်ယောက် ဖြစ်လာရတာပဲ။ အများသူငါတွေလို နေနိုင်ထိုင်နိုင်ဖြစ်လာရင် သူဟာ လူကောင်းတစ်ယောက် ပြန်ဖြစ်လာနိုင်တယ်ကွဲ့'

ထို့နောက် ကုပ်ချောင်းချောင်းနှင့် မိန်းမက 'မှန် ... မှန်လှပါ။ အဲ ... ဒီလိုပါ'ဟု လျှောက်တင်လေသည်။

'ကျွန် ... ကျွန်တော်မျိုးမဟာ အဲ ... စုန်း ... စုန်းမတစ်ယောက် ဖြစ်ပါတယ်'

ဘုရင်မင်းသည် 'အိမ်း ...'ဟု မိန့်တော်မူ၍ ရွာတစ်ရွာတွင် အခြေချ နေထိုင်နိုင်ရန် သူ့အတွက် လယ်မြေနှင့် ရိက္ခာတော် ငွေကြေးဒင်္ဂါးပြားများ ထုတ်ပေးသည်။

'ဒီစုန်းမဟာလည်း မနာလိုစိတ်ကြောင့်သာ သူများကို ပြုစားတာပဲ။ သူဟာ ချမ်းသာသူဖြစ်ရင် အများတကာ ပျော်တပြုံးပြုံး ဖြစ်နေတာတွေအပေါ် ဝန်တိုစိတ် ရှိမှာမဟုတ်ဘူး။ ဒါဆိုရင် စုန်းမအလုပ်ကိုလည်း သူ လုပ်မှာမဟုတ်တော့ဘူးပေါ့'

သို့နှင့် နောက်ဆုံးအလှည့်ကျသူမှာ မချိုမချဉ်မျက်နှာနှင့် လူတစ်ယောက်ဖြစ်၍ သူက 'မှန် ... မှန်လှပါ။ ဒီ ... ဒီလိုပါဖျာ့ ...'ဟု ဆိုလေသည်။

'ကျွန် ... ကျွန်တော်မျိုးကြီးဟာ ကုန်း ... ကုန်းတိုက်သူတစ်ယောက် ဖြစ်ပါတယ်'

သူ့စကားကို ကြားပြီးနောက် ဘုရင်မင်း၏မျက်နှာသည် ချက်ချင်း နီးမြန်းသွားပြီး 'ဟော့ ... မင်းချင်းတို့'ဟု မာမာထန်ထန် ပြောသည်။

'ဒီလို ကုန်းတိုက်သူတစ်ယောက်ကို ငါ့တိုင်းပြည်တော်မှာ ကြာကြာမထားနိုင်ဘူးဟော့။ သူ့ကို အခုဆို အခုပဲ မြို့ပြင်ကို ထုတ်သွားကြ။ နောက်ပြီး ဒီနေ့တောင်စွယ် နေကွယ်ချိန်မှာ သူ့ရဲ့ဦးခေါင်းကို တိခနဲဖြတ်၊ သတ်ပစ်ကြစေ ... မောင်မင်းများ'

သူက 'ဘာဖြစ်လို့ ဒီလို အမိန့်ချမှတ်ရသလဲ ... ဆိုတော့'ဟု ဆက်ပြောသည်။

'ကုန်းတိုက်သူဆိုတာ ခင်မင်နေကြသူတွေကြားမှာ စိတ်ဝမ်းမကွဲ ကွဲအောင် မရမက သွေးခွဲနိုင်သူတစ်ယောက်ပါပဲဟော့။ တစ်ဦးနဲ့တစ်ဦး အမုန်းပွားအောင် လုပ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ နေရာမှာလည်း သူ့ကို ဘယ်သူမှ လိုက်မမီပါဘူး . . . ကွယ်ရို့'

သို့နှင့် အမှုတော်ထမ်း မင်းချင်းများသည် ဘုရင့်အမိန့်အရ ကုန်းတိုက်မှုကျူးလွန်သူအား မြို့ပြင်ရှိ လူသတ်ကုန်းသို့ ဖမ်းခေါ်သွားကြသည်။ အနောက်အရပ်က တောင်စွယ်ကြားမှာ နေဝင်သွားပြီဆိုသည်နှင့် သူတို့သည် ကုန်းတိုက်သူရာဇဝတ်သားအား တိခနဲ ခေါင်းဖြတ်ကာ သုတ်သင်လိုက်ကြတော့သည်။

နောက်တစ်နေ့တွင် မင်းမှုထမ်းတစ်ဦးသည် မြို့ပြင်သို့အသွား လူသတ်ကုန်းအနီး လမ်းဘေးတစ်နေရာတွင် တဟားဟား၊ တဝါးဝါး ရယ်နေသည့်အသံကိုကြားရသည်။ ထိုအသံလာရာဆီသို့ သူ လှမ်းကြည့်လိုက်သောအခါ မြေမှာ လိမ့်နေသည့် ဦးခေါင်းတစ်လုံးက သူ့ကို မဲ့ကာရွဲ့ကာ လုပ်ပြနေသည်ကို မြင်တွေ့ရတော့သည်။

တကယ်တမ်း ရယ်နေသော ဤခေါင်းပြတ်ကြီးဆိုသည်မှာ ကုန်းတိုက်သူ၏ဦးခေါင်းမှလွဲ၍ အခြားမဖြစ်နိုင်ပေ။

မင်းမှုထမ်းသည် လမ်းဘေးမှာရပ်ပြီး အထိတ်တလန့်နှင့် လှမ်းကြည့်နေစဉ်ထိုခေါင်းပြတ်က 'ဟား . . . ဟား . . . မင်းကို မှာစရာတစ်ခု ရှိတယ်ဟေ့'ဟု အော်ပြောသည်။

'မင်းတို့ရဲ့ဘုရင်ကို ငါ ပြောစရာရှိတယ်ကွ။ အဲဒီ ဘုရင်ဆိုတဲ့ ကောင်လေးတစ်ယောက် ငါ့ဆီကို အရောက်လာပြီး ဒူးထောက် အခစားဝင်ပါလို့ မှာလိုက်စမ်းပါရစေ ငနဲလေးရေ . . .'

ထို့နောက် ခေါင်းပြတ်က မချိမချဉ်မျက်နှာဖြင့် အခုလို ဆက်၍ပြောသည်။

'အေး . . . ငါ့ဆီကို အခစားမဝင်ဘူးဆိုရင် လူသူပရိသတ်ရှေ့မှာ သူ့ခေါင်းကို ငါက ဒေါက်ခနဲ . . . ဒေါက်ခနဲ လာပြီးခေါက်မယ်လို့ ပြောပြလိုက်စမ်းကွာ'

ထိုခေါင်းပြတ်သည် ဤစကားကိုပင် မဲ့ကာရွဲ့ကာ သုံးခါ၊ လေးခါ ပြောနေသဖြင့် မင်းမှုထမ်းခမျာ တအံ့တသြဖြစ်၍ နေလေပြီ။

သို့နှင့် သူသည် နန်းမြို့ရိုးအတွင်းသို့ အပြေးပြန်သွားပြီး ထိုကိစ္စကို ဘုရင်မင်းထံ အစီရင်ခံလိုက်လေသည်။ အခုလို သူ သံတော်ဦးတင်သည်ကို ဘုရင်မင်း အပါအဝင် မည်သူမျှ မယုံကြည်ကြပေ။ နောက်ပြီး ဘုရင်မင်းသည် သူ့အား ရယ်စရာပြက်လုံးတွေ လာပြီးပြောနေသည် ထင်ကာ ဒေါသအိုး ပေါက်ကွဲနေလေပြီ။

မျက်နှာလေးငယ်နေသော မင်းမှုထမ်းက 'အရှင်မင်းကို ကျွန်တော်မျိုးက ညာပြီးတော့ မလျှောက်ထားဝံ့ကြောင်းပါ'ဟု ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


'အဲဒီခေါင်းပြတ်ကြီးက တဟားဟား၊ တဝါးဝါး ရယ်ပြီး စကားတွေပြောနေတာ အမှန်ပါ။ အရှင်မင်းက ယုံတော်မမူဘူးဆိုရင် ကျွန်တော်နဲ့အတူ လူတစ်ယောက်ကို ထည့်ပေးလိုက်ပါ။ ကျွန်တော်မျိုး ညာတာမဟုတ်ဘူးလို့ သူ ထောက်ခံပေးမှာ သေချာပါတယ်'

ဘုရင်မင်းသည် 'ဒါဆိုရင်လည်း ကောင်းပြီလေ'ဟု မိန့်ကြား၍ ထိုမင်းမှုထမ်းနှင့်အတူ မင်းချင်းတစ်ယောက်ကို ထည့်ပေးလိုက်လေသည်။

သို့ရာတွင် သူတို့နှစ်ယောက် မြို့ပြင်ရှိ လူသတ်ကုန်းအနီး လမ်းဘေး တစ်နေရာသို့ ရောက်ပါရော။ ခေါင်းပြတ်ကြီးသည် မလှုပ်မယှက်နှင့် ငြိမ်ငြိမ်ကြီး ရှိနေတော့သည်။ ထိုအခါ လူယုံတော်ဖြစ်သူက အခုလို မှတ်ချက်ချလေသည်။

'အင်း ... ဟင် ...၊ ဒီခေါင်းပြတ်ကြီးက ဘာစကားတစ်ခွန်းမှလည်း မပြောပါလားဟေ့'

သူသည် နန်းမြို့သို့ပြန်သွားကာ ဘုရင်မင်းအား ဤအကြောင်းကို လျှောက်ထားတော့သည်။ ဘုရင်မင်းသည် ဘာမဟုတ်သည့် လက်အောက်ငယ်သား တစ်ဦးက သူ့ကို အပြောင်အပြက် လာလုပ်သည်၊ နောက်ပြီး သူ့ကို လိမ်ညာသည် ထင်သွားလေပြီ။

နောက်ပြီး သူတစ်ယောက် စိတ်ဆိုး ဒေါသထွက်သည်မှာ လွန်ပါရော။

ဘုရင်မင်းက 'မောင်မင်း အမှုတော်ထမ်းအား အရာမှ ချထားစေ။ နောက်ပြီး သူ့ကို လူသူမနီးတဲ့ တောကြီးမြိုင်ရပ်သို့ နှင်စေဗျား ...'ဟု အမိန့်တော် ချမှတ်သည်။

မင်းချင်းများသည် ကံအကြောင်း မသင့်ရှာသော ယခင် မင်းမှုထမ်းဖြစ်သူအား မြို့ပြင်သို့ ခေါ်ထုတ်သွားပြီး ထိုမှတစ်ဆင့် မြိုင်ရပ်သို့ နယ်နှင်ဒဏ် ခတ်လိုက်ကြတော့သည်။

ထိုစဉ် သူတို့အနီးသို့ ခေါင်းပြတ်ကြီး တလိမ့်လိမ့်နှင့် ရောက်လာပြီး 'ဟာဟ ... ငါ ကုန်းတိုက်လိုက်တာ မင်းတို့ရဲ့ ဘုရင်ပေါက်စနလေးတစ်ယောက် ယုံသွားပြီဟေ့'ဟု မချိမချဉ်မျက်နှာနှင့် ပြောလေသည်။

မင်းချင်းများသည် ဘုရင်မင်းအား ခေါင်းပြတ်ကြီးနှင့် အခုလို ဆုံမိကြပုံ အကြောင်း လျှောက်တင်ကြလေသည်။ ဘုရင်မင်းခမျာ သူ၏ မင်းမှုထမ်းတစ်ဦးကို မှားယွင်း၍ ပြစ်ဒဏ်ခတ်မိသည်ကို နောင်တရနေလေတော့သည်။

သူက 'မင်းချင်းတို့ ... ငါ့ရဲ့ မင်းမှုတော်ထမ်းကို မြိုင်ရပ်ကနေ ပြန်ခေါ်ကြ

www.burmeseclassic.com

www.burmeseclassic.com


ချော်ကွဲ။ နောက်ပြီးတော့ ...'ဟု အမိန့်တော်ရှိသည်။

'ကုန်းတိုက်သူတစ်ယောက်ဟာ သေသွားတာတောင် သူ့ဗီဇကို မပျောက်ဘူးဟော့။ ဒီခေါင်းပြတ်ကို တွေ့အောင်ရှာကြ။ သူ့ကို စပြီးဖမ်းခေါ်လာတဲ့ ကမ်းခြေမှာ မြေကျင်းနက်နက်တူးပြီး အဲဒီခေါင်းပြတ်ကို မြှုပ်ပစ်လိုက်ကြစေ မောင်မင်းများ'

သို့နှင့် ရက်အချို့ ကြာလာသောအခါ ဦးခေါင်းပြတ်ကို မြေမြှုပ်ထားသည့် နေရာမှ ထူးဆန်းသောအပင်တစ်ပင် ပေါက်လာကြသည်ကို လူအများ မြင်တွေ့ကြရသည်။ ထိုအပင်မှ အသီးကလည်း အံ့လောက်ပါပေ့။ ကြည့်ပါဦး။ ကုန်းတိုက်သူနှင့် တစ်ပုံစံတည်းပဲ။

ဤသစ်ပင်ကို လူတွေက ကုန်းပင်ဟု အမည်ပေးခဲ့ကြသည်။ သို့နှင့် နှစ်များ ကြာလာပြီးနောက် မူရင်းအသံထွက်မှ ပြောင်းလဲကာ ယခု *အုန်းပင်*ဟု ခေါ်နေကြလေသည်။ သင်သည် အုန်းသီးကို နားနားကပ်ပြီး လှုပ်ကြည့်ပါက *ဂလော ... ဂလော ... ဂလုတ် ... ဂလုတ် ...* ဟူသော အသံများကို ကြားရနိုင်သည်။ အခုထိပင် သူသည် အရည်မရ၊ အဖတ်မရနှင့် အကျိုးမရှိသော စကားကို ပြောချင်နေသေးတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



အဆွေခင်ပွန်း

www.burmeseclassic.com

www.burmeseclassic.com

# အဆွေခင်ပွန်း

နွေရာသီ တစ်နေ့လယ်ခင်းတွင် ကျားတစ်ကောင်သည် သစ်ပင်ရိပ်မှာ တခေါခေါနှင့် အိပ်ပျော်နေသည်။ မကြာမီ အိပ်နေရာမှ သူ နိုးလာပြီး 'အာ ... ဟာ ပျင်းစရာကောင်းလိုက်တာ'ဟု ညည်းလေသည်။

ဤတောထဲမှာ သူသည် ဒေါသအိုးတစ်ယောက် ဖြစ်သည်ကို အားလုံးက သိထားကြသဖြင့် မည်သူကမျှ သူ့ကို အဖော်အပေါင်း မလုပ်ချင်ကြပေ။ သို့နှင့် ကျားသည် မြေကြီးပေါ်တွင် လူးလိုက်လှိမ့်လိုက်လုပ်နေရင်း တစ်ယောက်တည်း အခုလို ပြောသည်။

'ပျင်းတယ်၊ ပျင်းတယ်၊ ပျင်းတယ်ဟေ့။ ဘယ်သူပဲဖြစ်ဖြစ် ငါ့ကို မခင်နိုင်ကြဘူးလားဟေ့ ...'

ထိုစဉ် ပျားရည်အရှာထွက်သည့် ဝက်ဝံတစ်ကောင်သည် အိုးတစ်လုံးကို ဆွဲ၍ လျှိုထဲမှ တက်လာသည်။ သူသည် သစ်ပင်အောက်မှာ ညည်းညူနေသူ ကျားကို မြင်သောအခါ သူ၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားတော့သည်။

'ဟိုမှာ ဒေါသအိုးတစ်ယောက် လူးလိုက်လှိမ့်လိုက် လုပ်နေပါလား'

ထို့နောက် သူက အခုလို ဆက်၍တွေးသည်။

'သူ ဘာဖြစ်နေတာလဲလို့ ငါ စပ်စုမနေတော့ပါဘူး။ သူနဲ့ မပတ်သက်ဘဲနေတာ ငါ့အတွက် အကောင်းဆုံးပါပဲ'

ကျားသည် ခပ်လှမ်းလှမ်းတွင် ခြေစုံရပ်နေသည့် ဝက်ဝံအား လှမ်းမြင်သွားပြီး လက်ကို ဝှေ့ယမ်းပြသည်။ သူက ဝက်ဝံကို ပြုံးပြပြီး 'မင်းတစ်ယောက် ဘယ်ကို သွားမလို့ပါလဲဟေ့'ဟု စကားစလေသည်။

ထိုအခါ ဝက်ဝံက 'အဲ ... ဟိုနားသည်နား ပျား ... ပျားရည်ကလေး ဘာလေး ရလိုရငြား သွားရှာမလို့ပါ'ဟု ပြန်ဖြေသည်။

ကျားက 'မင်းနဲ့ ငါ မိတ်ဆွေဖွဲ့ကြရအောင်လားကွာ။ အဖော်မရှိတဲ့ ငါ့မှာ ကျောယားရင်တောင် လာကုတ်ပေးမယ့် သူငယ်ချင်း မရှိလို့ပါ'ဟု စကားချိုသာ ပြောသည်။

ဝက်ဝံမှာ သူ့အား ဘာပြန်ပြောရမည် မသိ ဖြစ်နေစဉ် အနီးအနားရှိ သစ်ပင်ပေါ်မှ မျောက်က 'ကျားရေ ... အားတော့ နာပါရဲ့။ မင်းလို ဒေါသအိုး တစ်

www.burmeseclassic.com

 www.burmeseclassic.com

ယောက်ကို ဘယ်သူက လာပြီးတော့ခင်မှာလဲဟေ့’ဟု ဝင်ပြောသည်။

သူငယ်ချင်းလိုနေသူ ကျားက ‘နောက်ဆိုရင် ငါ ဒေါသမကြီးတော့ပါဘူးကွာ။ ငါ ကတိပေးပါတယ်’ဟု ပြောသည်။

‘မင်းတို့နဲ့ ခင်ချင်တယ်ဆိုတာ တကယ်ပြောတာပါ။ ငါ့ဆီကို မင်းတို့ ဝင်နိုင်ထွက်နိုင်ပါတယ်။ ငါ ရလာတဲ့ အစားအသောက်ကိုလည်း မင်းတို့နဲ့ ဝေမျှစားပါ့မယ်ကွာ’

သို့နှင့် သူတို့သုံးဦးသည် မိတ်ဆွေများဖြစ်သွားကြပြီး ကျား ပြောသည့်အတိုင်း ရလာသည့် အစားအစာကို တစ်ဦးနှင့်တစ်ဦး ခွဲဝေစားကြရန် သဘောတူ ခေါင်းညိတ်ကြလေသည်။

တစ်နေ့သ၌ တောလည်ရာမှ ပြန်လာသည့် ဝက်ဝံကြီးသည် ကြီးမေ့ဆိုသည့် ပျားအုံကြီးတစ်အုံကို မနိုင့်တနိုင် ထမ်းယူလာသည်။ သူတို့သုံးဦး ဆုံနေကျနေရာသို့ ရောက်သောအခါ ဝက်ဝံက ‘ဒီ ... ဒီမှာ မင်းတို့ ကြည့်ကြပါဦးကွဲ’ဟု အမောတကော ပြောသည်။

‘ဟိုးအောက်ဘက် လျှိုတစ်ခုထဲက ငါ ဖွပ်လာတဲ့ ပျားအုံကြီးဟေ့။ တို့အားလုံး အတူတူ ခွဲစားကြမယ်လေ’

ရန့်မွှေး၍ ရသာမွန်ဖြစ်သည့် ထိုပျားအုံကြီးကို ကျား၊ မျောက်နှင့် ဝက်ဝံတို့သည် အညီအမျှ ခွဲဝေ၍ စားသောက်ကြလေသည်။

မျောက်သည် ပျားအုံတစ်ဖဲ့ကို မြို့နေရင်း ‘ကျေးဇူးပဲ ဝက်ဝံရေ။ ဒီလို ပျားအုံမျိုးက တစ်သက်မှာ တစ်ခါဆိုသလိုပဲ စားရခဲ့ပါတယ်ဟေ့’ဟု ပြောသည်။ ကျားကလည်း ဝေစုရသည့် ပျားအုံကို ဝါးရင်း ‘ဒီလောက်ကောင်းတဲ့ ပျားအုံကို အမေမွေးကတည်းက တစ်ခါမှ ငါ မစားခဲ့ဖူးသေးပါဘူး’ဟု ဆိုလေသည်။

ထိုအခါ ဝက်ဝံက ‘မင်းတို့ ကြိုက်ကြတယ်ဆိုရင် ငါတစ်ယောက် ဘယ်လောက်ပဲမောမော အမောပြေသွားပါပြီကွာ’ဟု ရယ်ရယ်မောမော ပြန်ပြောသည်။

တစ်ခုသောနံနက်တွင် ချုံပုတ်ထဲမှထွက်လာသော မျောက်သည် သီးမွှေးငှက်ပျောခိုင်ကြီးတစ်ခိုင်ကို မနိုင်မနင်း ပွေ့ယူလာသည်။ သူတို့မိတ်ဆွေတစ်စု ဆုံစည်းရာနေရာသို့ သူ ရောက်လာပြီး ‘ဒီ ... ဒီမှာ မင်းတို့ မြင်တယ်မဟုတ်လားဟေ့’ဟု ဝမ်းသာအားရ ပြောသည်။

‘ဟို ... ချုံတောထဲ ငါ လျှောက်တိုးနေရင်း ရလာခဲ့တဲ့ ပင်မှည့်ငှက်ပျောခိုင်ပါဟေ့။ အဲဒါ တို့သုံးယောက် အတူတူစားဖို့ပါပဲပေါ့’

www.burmeseclassic.com

www.burmeseclassic.com


အရောင်အသွေး လှပ၍ ဝင်းမှည့်နေသော ထိုငှက်ပျောခိုင်ကို သူတို့သုံးဦးသား ညီတူမျှတူ ခွဲဝေစားကြလေသည်။

ဝက်ဝံသည် ငှက်ပျောသီးကို အခွံနွှာကာ စားနေရင်း 'သီးမွှေးငှက်ပျောသီးတဲ့။ ကောင်းလိုက်တာမှ လွန်ပါရောလား။ ကျေးဇူးပဲ မျောက်ရေ'ဟု ပြောသည်။ ထို့အတူ ကျားကလည်း သူ ခွဲတမ်းရသည့် ငှက်ပျောသီးကို ဝါးရင်း 'ဒီပင်မှည့်အသီးကို စားရင်း ငါတော့ ဆွေမေ့မျိုးမေ့ ဖြစ်သွားပြီဟေ့'ဟု ဆိုလေသည်။

ထိုအခါ မျောက်က 'မင်းတို့ သဘောကျတယ်ဆိုရင် ချိုကြွားထဲ ဘယ်လောက်ပဲ တိုးရတိုးရ ငါ မမှုပါဘူးဟေ့'ဟု ပျော်ပျော်လေး ပြောပြသည်။

တစ်ခုသောရက်တွင် ကျားသည် ချေတစ်ကောင်ကို ဆွဲချီ၍ မြက်တောကိုင်းတောထဲမှ ထွက်လာသည်။ သူသည် ဆုံနေကျ သစ်ပင်ရိပ်သို့ ရောက်လာပြီး သူ ရလာသည့် ချေသားကို မီးကင်စားဖို့ ပြင်ဆင်နေသည်။ မကြာမီ ရနံ့မွှေးသော ချေသားကင်မှာ စားဖို့ရာ အဆင်သင့်ဖြစ်နေလေပြီ။

ကျားသည် အနီးအနားမှာ ရှိနေကြသည့် ဝက်ဝံနှင့် မျောက်တို့အား လှမ်းကြည့်ပြီး 'ဒီ ... ဒီမှာ မင်းတို့ တွေ့ကြတယ်မဟုတ်လားဟေ့'ဟု ခပ်မာမာ ပြောသည်။

'ချေတစ်ကောင် ရဖို့ဆိုတာ မလွယ်ကြောဆိုမှ တကယ့်မလွယ်ကြောပဲ။ ငါ့လို အပြေးလျှင်ပါမှ၊ အားလည်း သန်ပါမှ၊ အဲ ... လက်သည်းချွန်တွေလည်း ရှိပါမှ ဒီလိုမျိုးသားကောင်ကို ရနိုင်တာကွ။ ဟင်း ... ဟင်း ... ပင်ပန်းလိုက်တာ မပြောပါနဲ့တော့'

ပြီးတော့ သူသည် သူငယ်ချင်း ဝက်ဝံနှင့် မျောက်တို့အား စူးစူးရဲရဲ လှမ်းကြည့်သည်။ မဟုတ်မှ လွဲရော ကျားသည် သူ ရလာသည့် ချေသားအတွက် မာန်တက်နေလေပြီ။ ဝက်ဝံနှင့် မျောက်တို့သည် ကျားအနီးအနားသို့ သွားရ ကောင်းနိုး၊ ရှောင်သွားရ ကောင်းနိုးနှင့် ခေါင်းတကုတ်ကုတ် ဖြစ်နေကြလေပြီ။

ထိုစဉ် ကျားက 'ဟေ့ ... ဝက်ဝံ၊ ဘာငိုင်နေတာလဲကွ။ ငါ့အနားကို လာစမ်းပါဦးကွ'ဟု လက်ယပ်၍ ခေါ်လေသည်။

'ငါ ရလာတဲ့ ချေသားကင်ကို မင်းတစ်ယောက် လာပြီး ခွဲစမ်းပါဦးဟေ့'

ဝက်ဝံသည် ထိုချေသားကင်ကို မိတ်ဆွေသုံးဦးအတွက် ထုံးစံအတိုင်း အညီအမျှ ခွဲဝေပေးသည်။

ထိုအခါ ကျားသည် သူ့ချေသားကင်ကို အလောတကြီးနှင့် ပြန်ဆွဲယူလိုက်

www.burmeseclassic.com

www.burmeseclassic.com


ပြီး 'ဒါမျိုးဆိုတာ ဒီလိုခွဲရတာမဟုတ်ဘူး ငတုံး ဝက်ဝံရေ ...'ဟု ပြောရင်း ဝက်ဝံအား သူ့လက်ကြီးဖြင့် လှမ်းပုတ်လိုက်တော့သည်။

ဝက်ဝံခမျာ ကျား၏ လက်ချွန်များကြောင့် အနာတရဖြစ်သွားလေပြီ။ ထိုအနီးအနားမှာရှိသည့် မျောက်သည် အခုလို ကျားက ဒေါသတကြီး လုပ်ချလိုက်သည်ကို နားမလည်နိုင် ဖြစ်သွားရလေပြီ။ ပြီးတော့ သူသည် ဝက်ဝံကို အပါခေါ်၍ ကျားထံပါးမှ ဝေးရာသို့ ထွက်သွားကြမည်ဟု တွေးနေသည်။

သို့ရာတွင် ကျားက 'မျောက်ရေ ... ငါ့အနားကို လာစမ်းပါဦးဟေ့'ဟု လှမ်းခေါ်လေသည်။

'ဒီချေသားကင်ကို မင်းတစ်ယောက် လာပြီး ခွဲဝေစမ်းပါဦး။ ဟို ငတုံးဝက်ဝံခွဲတာ ငါ မကြိုက်ရေးချ မကြိုက်ပါဘူးဟေ့ ...'

သို့နှင့် မျောက်သည်လည်း ကျား ရလာသည့် ချေသားကင်ကို သုံးပုံ အညီအမျှပင် ပုံလိုက်ပြန်လေသည်။ ကျားသည် အခုလို ဝေပုံခွဲနေသည့် မျောက်အား ဒေါသတကြီးနှင့် လှမ်းကြည့်ရင်း 'ကဲ ... မင်းကရော ဒီချေသားကင်ကို ဝေပေးစမ်းပါဦးဟေ့'ဟု အော်ပြောသည်။

မျောက်က 'အေးပါ။ အခုပဲ ငါ ခွဲဝေပေးပါ့မယ်။ ဒီ ပထမအပုံက မင်းအတွက် မနက်စာ၊ ဒီ ဒုတိယပုံက မင်းအတွက် နေ့လယ်စာ၊ ဒီ နောက်ဆုံးအပုံက မင်းအတွက် ညစာပါပဲကွာ'ဟု ပြောသည်။

မျောက် ပြောပြသည်ကို ကျားသည် တော်တော်လေး သဘောတွေ့၍ မနောခွေ့သွားပြီး 'ဟား ... ဟား ... တယ်ဟုတ်ပါလားကွဲ့။ နေစမ်းပါဦး၊ ဒီလို ဝေစုခွဲပုံခွဲနည်းကို မင်းတစ်ယောက် ဘယ်ကများ တတ်လာတာလဲဟေ့'ဟု မေးမြန်းသည်။

ထိုအခါ မျောက်က 'အခုနပဲ ဝက်ဝံကို မင်းလက်ကြမ်းကြီးနဲ့ မညှာမတာ ပုတ်ခဲ့တယ် မဟုတ်လား'ဟု စပြောသည်။


'ကျားရေ ... မင်းဟာ ရက်စက်တတ်သူ တစ်ယောက်ပါပဲဟေ့။ ငါ့ ဝေစုခွဲနည်းဆိုတာ မင်းရဲ့ လက်သည်းချွန်တွေကြားကနေ ရလာခဲ့တဲ့ ပညာပါပဲဟေ့'

သို့နှင့် ဝက်ဝံနှင့် မျောက်တို့ နှစ်ဦးသည် ထိုနေရာသစ်ပင်ရိပ်မှ ထွက်ခွာလာကြသည်။ သူတို့သည် နောင်အခါ ဘယ်တော့မှ ကျားနှင့် အပေါင်းအသင်း မလုပ်ကြတော့ပေ။

❑

www.burmeseclassic.com

www.burmeseclassic.com



သမင် ဘာလို့ဟောက်

www.burmeseclassic.com

www.burmeseclassic.com

# သမင် ဘာလို့ဟောက်

သမင်ဖိုတစ်ကောင်သည် တောင်ကြောများတစ်လျှောက် လွှားခနဲ . . . လွှားခနဲ ခုန်ပြေးသွားလေသည်။ သူ၏ကိုယ်လုံးကိုယ်ထည်က သန်မာပြီး လှပသော ဦးချို များ ရှိသဖြင့် ရဲမက်တော်တစ်ဦးနှင့် တကယ်ပဲ ဆင်တူနေတော့သည်။ တောလမ်း တစ်နေရာတွင် သမင်ပေါက်ကလေး တစ်ကောင်သည် သူ့ကို မြင်သွားပြီး သမင် ဖို၏ ခန့်ညားသောဟန်ပန်ကို အထင်ကြီးသွားလေသည်။

ငယ်ရွယ်သော ထိုသမင်လေး၏ ကိုယ်လုံးက သေးသေးကွေးကွေး။ နောက် ပြီးတော့ သူ့ဦးချိုက ငုံးတိုတိုလေး။ အခုမှ ပေါက်ခါစမျှသာ ရှိသေးသည်။ ဟိုး . . . တောအုပ်ထဲသို့ ထိုသမင်ဖို ဝင်ရောက်သွားသည်အထိ သူသည် တမျှော် တခေါ်ကြီး ငေးကြည့်နေလေသည်။ ထို့နောက် ဤသမင်ပေါက်လေးတစ်ကောင် ဘာဆက်လုပ်မည်ဟု သင် ထင်မိပါသလဲ။

သူသည် ခေါင်းကိုမော့၊ ရင်ကိုကော့ပြီး သူ၏ဦးချိုတိုကလေးကို ဘယ်ညာ ခါယမ်းရင်း သူ့ခြေထောက် သေးသေးလေးတွေက တကြွကြွ ဖြစ်လာလေသည်။ ကြေနတော့ . . . အခုနက သမင်ဖို၏ဟန်ပန်အတိုင်း သူ လိုက်လုပ်နေတာပဲ ဖြစ် မည်။ အခုဆိုလျှင် တကြွကြွဖြစ်နေသည့် ထိုခြေထောက်ကလေးများသည် ဆတ် တောက် . . . ဆတ်တောက်နှင့် ခုန်ပေါက်စ ပြုလာကြလေသည်။

ဤသမင်ပေါက်ကလေးသည် သူ့အသံ သေးသေးလေးဖြင့် ‘အားလုံးပဲ မင်္ဂလာပါပဲ။ ကျွန်တော်ဟာ ရဲမက်တော်တစ်ဦးပါ၊ ရဲမက်တော်တစ်ဦးပါ’ဟု အော် ရင်း တောလမ်းတစ်လျှောက် လွှားခနဲ . . . လွှားခနဲ ခုန်ပေါက် ပြေးလွှားသွားလေ သည်။

မကြာမီ တောစပ်တစ်နေရာသို့ သူ ရောက်လာပြီး နွယ်ကြိုးတစ်ချောင်းကို ခိုစီးနေသည့် မျောက်ပေါက်လေးတစ်ကောင်နှင့် ဆုံမိကြသည်။ မျောက်ကလေးမှာ စကားပြောဖော်မရှိဘဲ တော်တော်လေး ပျင်းနေသည်။

သူသည် သမင်ပေါက်ကလေးကို မြင်သောအခါ ‘ကြိုးခွေ . . . ကြိုးခွေ’ဟု အော်မြည်ရင် တခွီးခွီးနှင့် ရယ်လေသည်။ သမင်လေးသည် မျောက်က သူ့ကို လှောင်ပြောင်နေသည်ဟု ထင်သွားပြီး ‘မင်းက ဘာလို့ရယ်နေရတာလဲ။ ဟိုသစ် ပင်ပေါ်က ငပေါလေးရေ . . . ’ဟု လှမ်းအော်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မျောက်က 'မင်းပုံစံက ရယ်စရာဖြစ်နေတာကိုး သမင်ပေါက်လေးရေ . . .'ဟု ပြောပြီး သူသည် 'ကြိုးခွေ . . . ကြိုးခွေ'ဟု ဆက်၍ အော်လေသည်။

သမင်လေးက 'အောင်မာ . . . ငါ့ကို ကြိုးတစ်ချောင်းနဲ့ ပစ်ဖမ်းမလို့ မင်းက တွေးနေတာပေါ့လေ'ဟု ခပ်ဆတ်ဆတ် မေးလေသည်။

နွယ်ကြိုးကို ခိုစီးနေသည့် မျောက်ကလေးက သူ့ကို ဘာမှပြန်မပြောဘဲ တခွီးခွီး ဆက်၍ ရယ်မောနေလေသည်။

ထိုအခါ သမင်ကလေးက 'ဒီမှာ . . . ငပေါလေးရေ . . .'ဟု အော်ပြောသည်။

'ဒီသစ်ပင်ကြီးကို ဝုန်းခနဲ လဲကျသွားအောင် ငါ တွန်းလှဲပစ်လိုက်မယ်။ အဲဒီအခါကျရင် မင်းလည်း ဘုတ်ခနဲ ပြုတ်ကျလာပြီ မှတ်ပေတော့'

မျောက်ကလေးက သူပြောသည်ကို ဂရုမထားဘဲ တခွီးခွီးနှင့် ရယ်မောရင်း 'ကြိုးခွေ . . . ကြိုးခွေ'ဟု အော်မြည်နေဆဲ ဖြစ်လေသည်။

သမင်ကလေးတစ်ကောင် ပို၍စိတ်ဆိုးလာလေပြီ။ သူသည် မျောက်ရှိရာသို့ ကဆုန်ပေါက်၍ ပြေးဝင်လာပြီး သစ်ပင်ကြီးအား သူ့ဦးချိုဖြင့် တိုးဝှေ့လိုက်သည်။ သို့ရာတွင် သမင်ကလေး ထင်ထားသလို သစ်ပင်ကြီးသည် ဝုန်းခနဲ ပြိုလဲမသွားပေ။ ထို့အတူပင် သူ ကြည့်မရဖြစ်နေသည့် မျောက်သည်လည်း အပင်ထက်မှ ဘုတ်ခနဲ ပြုတ်ကျမလာခဲ့ပေ။ တကယ်တမ်း သူ့ဦးချိုတစ်စုံသာလျှင် ပင်စည်ထဲသို့ ခပ်နက်နက် စိုက်ဝင်သွားတော့သည်။

သူက 'အာ . . . ဟာ . . .'ဟု နာကျင်စွာညည်းလေသည်။

မျောက်သည် ဤသမင်ကလေး ဘာဆက်လုပ်မည်ကို သိချင်နေပြီး သစ်ပင်ပေါ်မှနေ၍ ပေစောင်းပေစောင်းနှင့် လှမ်းကြည့်နေသည်။ သမင်ကလေးသည် သူ့ဦးချိုများကို ဆွဲနှုတ်လိုက်၊ သူ့ခြေအစုံဖြင့် ရုန်းလိုက်ကန်လိုက် လုပ်နေသော်လည်း အရာမထင်ပေ။ သူ၏ဦးချိုသေးသေး တစ်စုံကတော့ ပင်စည်ထဲမှာ စိုက်ဝင်နေဆဲပင်။

သူ့ကိုကြည့်ပြီး စိတ်ပျော်နေသော မျောက်က 'ရဲမက်တော်လေးရေ . . . ကြိုးစားထားပါဟေ့'ဟု အော်ပြောလေသည်။

သနားစရာ သမင်ကလေးတစ်ကောင် အခုလိုမျိုး ရုန်းကန်နေရသည်မှာ သည်နေ့ တစ်နေ့လုံးပါပဲ။ အခုဆိုလျှင် သူသည် ပင်ပန်းနွမ်းနယ်စ ပြုနေလေပြီ။

မျောက်သည် အပင်ထက်မှ တွဲလောင်းကျနေသည့် နွယ်ကြိုးတစ်ချောင်းကို ခိုစီးနေရင်း 'ဖွဲမလျှော့ပါနဲ့ ရဲမက်တော်လေးရေ . . .'ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ညအချိန် ရောက်လာပြီး နောက် များမကြာမီမှာပင် အမှောင်ရိပ်များ သမ်းလာပေတော့သည်။ ရဲမက်တော် သမင်ကလေး စိတ်အားငယ်၍နေလေပြီ။ တောနက်ကြီးထဲတွင် ဤအတိုင်းပဲ တစ်ညလုံး သွားနေရတော့မှာပဲဟု စိုးရွံ့နေလေပြီ။ အကာလ ညအခါတွင် အစာရှာထွက်ကြသည့် သားရဲတိရစ္ဆာန်တွေ ရောက်လာလျှင် သူ ဘယ်လိုလုပ်ရပါ့မလဲဟုလည်း တွေးထိတ်နေလေပြီ။

အဖော်မရှိဘဲ ပျင်းနေသူ မျောက်ကလေးကတော့ သစ်ပင်ထက်မှာ အခုထိ ရှိနေတုန်း၊ နွယ်ကြိုးကို တွဲလဲခိုပြီး ဆော့ကစားနေတုန်း၊ နောက်ပြီး သူ အော်မြည် နေကျအတိုင်း 'ကြိုးခွေ ... ကြိုးခွေ'ဟု ဆိုနေတုန်း ဖြစ်လေသည်။

နေလုံးသည် တစ်စတစ်စနှင့် ဟိုး ... အနောက်ဘက်ဆီမှာ မြုပ်ကွယ်သွားလေပြီ။ တောနက်ကြီးထဲမှာ ညသည် ပိုမှောင်လာပြီး သမင်လေးခမျာ သူ့ စိတ်အားငယ်နေသည်မှာ လွန်ပါရော။

လျှိုမြောင်ကမ်းပါးများဆီမှ အစာရှာထွက်သည့် သားရဲတိရစ္ဆာန်တို့၏ ခြေသံများကို ကြားရပြီး သူ အထိတ်တလန့် ဖြစ်နေလေပြီ။ မကြာမီ ကျားသစ်တစ်ကောင်သည် ဤအနီးအနားတစ်ဝိုက်တွင် ရစ်သီရစ်သီနှင့် ရောက်နေလေပြီ။

သမင်ကလေး၏ ဦးချိုတစ်စုံကတော့ ပင်စည်ထဲမှာ စိုက်ဝင်နေဆဲပင်။ အခု ဆိုလျှင် သမင်ကလေးအဖို့ သူ ကြည့်မရဖြစ်ခဲ့သူ မျောက်ကလွဲ၍ အခြားအကူအညီ တောင်းစရာ မည်သူမှမရှိ။

သူက 'အဆွေ ... မျောက်ရေ'ဟု လှမ်းခေါ်လေသည်။

'ငါ့ကို ကယ်ပေးပါလားဟင် ...။ ကျားသစ်ရဲ့ မျက်လုံးတွေက ငါ့ကို နောက်မကြာခင် ရှာတွေ့သွားကြတော့မှာပါ'

မျောက်သည် သူ့ကို တကယ်ပဲ သနားသွားပြီး သမင်ကလေးအား ကူညီပေးမည်ဟု ကတိပေးသည်။

'ငါ့မှာ အကြံကောင်းတစ်ခုရှိတယ် သမင်ကလေးရေ။ တို့ ဒီလိုလုပ်ကြမယ် ဟေ့။ ငါက လူတစ်ယောက်ရဲ့အသံမျိုး အတုလုပ်ပြီး အော်လိုက်မယ်။ အဲဒီအချိန်မှာ မင်းက အဲဒီလူနဲ့ အတူပါလာတဲ့ ခွေးတစ်ကောင်ရဲ့အသံလိုမျိုး ဟောင်လိုက်ပေါ့။ ငါ ပြောသလိုလုပ်ရင် အဆင်ပြေသွားမှာပါ သမင်ကလေးရေ ...'

အကာလ ညအခါတွင် တောနက်ကြီးထဲမှ အော်မြည်သံအချို့ ပေါ်ထွက်လာလေသည်။

'ကြိုးခွေ ... ကြိုးခွေ'

www.burmeseclassic.com

www.burmeseclassic.com



'ဝေါက် ... ဝေါက်'

ဤအသံများကို ကြားပြီး အနီးအနားမှာ ရစ်သီရစ်သီလုပ်နေသည့် ကျားသစ်၏ အတွေးထဲတွင် မည်သို့ရှိနေနိုင်ပါသလဲ။

ခွေးတစ်ကောင်နှင့်အတူ အမဲလိုက်လာသည့် မုဆိုးတစ်ယောက်က သူ့ကို ကြိုးခွေနှင့်ပစ်ပြီး ဖမ်းခေါ်သွားတော့မည်ဟု ထင်သွားလေသည်။ သို့နှင့် ကျားသစ်သည် ဟိုးအဝေးသို့ ကြောက်အားလန့်အား ပြေးထွက်သွားလေပြီ။

နံနက် မိုးလင်းသောအခါ မျောက်သည် သစ်ပင်ထဲမှာ စိုက်ဝင်နေသည့် သမင်ကလေး၏ ဦးချိုနှစ်ချောင်းကို ကူညီ ဆွဲနုတ်ပေးသည်။

သမင်ကလေးက 'ကျေးဇူးပဲ အဆွေမျောက်ရေ ...'ဟု ပြောသည်။


'နောက်ဆိုရင် ကျွန်တော်ဟာ ရဲမက်တော်တစ်ယောက်ပါလို့ ကြွားကြွားဝါဝါလေး မအော်တော့ပါဘူး။ မင်းက ငါ့ကို သင်ပေးထားသလို ဝေါက် ... ဝေါက် ... လိုပဲ အမြဲတမ်း အော်တော့မယ်'

ထို့နောက် စိတ်ပျော်နေသော သမင်ကလေးသည် သူ့မိတ်ဆွေ မျောက်အား နှုတ်ဆက်၍ အိမ်ပြန်လမ်းဆီသို့ ပြေးထွက်သွားသည်။ တောလမ်းတစ်လျှောက်တွင် သူ အော်မြည်နေသည်က 'ဝေါက် ... ဝေါက် ... ဝေါက် ...'ဟူ၍ ဖြစ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



သူခိုးများနှင့် ရွှေအိုး

www.burmeseclassic.com

www.burmeseclassic.com

# သူခိုးများနှင့် ရွှေအိုး

ဟိုး . . . ရှေးရှေးတုန်းက အရွယ်အို ဇနီးမောင်နှံနှစ်ဦးသည် ထင်းရှာထွက်ရင်း တောစပ်တစ်နေရာရှိ မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် အမောပြေ အပန်းဖြေ နားနေကြလေသည်။

အဘိုးအိုက 'ရှင်မရေ . . . တစ်နေ့တစ်နေ့ မိုးလင်းလာတာနဲ့ တောထဲသွားပြီး ထင်းခွေထွက်လိုက်၊ နေဝင်မှ ရွာထဲပြန်လာလိုက်နဲ့ ငါတော့ စိတ်ပန်းလူပန်း ဖြစ်နေပြီဟေ့'ဟု ပြောသည်။

'တို့နှစ်ယောက် ဘယ်တော့များမှ သက်သောင့်သက်သာနဲ့ အေးအေးလူလူ နေရပ်ါမလဲ မသိပါဘူးကွာ'

ထိုအခါ ဇနီးဖြစ်သူ အဘွားအိုက 'ဒါလေးများ တွေးပြီး ပူပန်မနေစမ်းပါနဲ့ တော်ရယ် . . .'ဟု ခပ်ပြုံးပြုံး ပြန်ပြောသည်။

'အဲ . . . ကျွန်မတို့အတွက် ရွှေအိုးတစ်လုံးလောက် မြေကြီးထဲကနေ ဖြုန်းခနဲ ဖြတ်ခနဲ ကောက်မတွေ့ဘူးလို့ ရှင် ပြောနိုင်လို့လား။ အခုဆိုရင် ကျွန်မရဲ့ ကံဇာတာလည်း တက်လာပြီ ထင်ပါတယ်တော် . . .'

အဘိုးအိုသည် သူ့ဇနီးက အခုလို ခပ်မြူးမြူးကလေး ပြောသည်ကို သဘောတွေ့၊ မနောခွေ့သွားပြီး တဟားဟားနှင့် ရယ်လေသည်။ ထိုအချိန်တွင် မန်ကျည်းပင်စောင့် နတ်သည် သူတို့နှစ်ဦး အပြန်အလှန်ပြောနေသည်ကို ကြားသွားပြီး . . . 'အင်း . . . ဘိုးတော်နဲ့ ဘွားတော် . . . သူတို့နှစ်ယောက် အူမြူးသွားအောင် ငါ လုပ်ပေးလိုက်မယ်'ဟု အတွေးပေါက်သွားလေသည်။

မကြာမီ အရွယ်အို ဇနီးမောင်နှံသည် သူတို့၏ထင်းစည်းကို မနိုင့်တနိုင် သယ်ရင်း ရွာကလေးဆီသို့ ပြန်သွားကြလေသည်။ ထိုညတွင် အဘိုးအိုသည် တခေါခေါနှင့် အိပ်ပျော်နေရာမှ နိုးလာပြီး သူ့နံဘေးရှိ အဘွားအိုအား လှုပ်နှိုးလေတော့သည်။

'ရှင်မရေ . . . ကောင်းလိုက်တဲ့ ငါ့အိပ်မက်ကို နားထောင်စမ်းပါဦး။ အိပ်မက်ထဲမှာ ရွာအပြင်က မန်ကျည်းပင်စောင့်နတ်က ငါ့ရှေ့မှာ ဘွားခနဲ ပေါ်လာပါရော။ သူက ဘာပြောသလဲ . . . သိလား'

အဘွားအိုသည် အိပ်ချင်မူးတူးနှင့် နိုးလာ၍ 'ကဲ . . . ရှင် ပြောမှာသာ ဆက်

www.burmeseclassic.com

www.burmeseclassic.com

ပြောပါစမ်းပါတော်'ဟု ဆိုလေသည်။

ထိုအခါ အဘိုးအိုက 'အဲဒီ နတ်ကလေးကပြောတယ်။ ဒီမှာ ... အသင် တဲ့။ ဒီမန်ကျည်းပင်ရဲ့အရှေ့ဘက် ခြေလှမ်းသုံးလှမ်း အကွာမှာ ... တဲ့။ ရွှေအိုး တစ်လုံး မြှုပ်ထားတာ ရှိလေရဲ့ ... တဲ့။ အဲဒါ တူးယူပေတော့ အသင် ဘိုးတော် ... ဆိုပြီး ငါ့ကို မှာသွားတယ်ဟေ့'ဟု ပြောသည်။

ဖနီးဖြစ်သူက 'ရှင့်အိပ်မက်က တန့်နန့်နဲ့ တွေးမယ်ဆိုရင်လည်း တွေးလောက် ပါရဲ့။ ကျွန်မ မက်တဲ့ အိပ်မက်ကလည်း ရှင့်အိပ်မက်နဲ့ တစ်ပုံစံတည်း၊ တစ်ထပ် တည်းပါပဲ တော်ရေ ...'ဟု ဆိုလေသည်။

'အဲဒါ ... ကျွန်မကလည်း ဒီအိပ်မက်အကြောင်း ရှင့်ကိုနှိုးပြီး ပြောပြတော့ မလို့ပါတော် ...'

ထို့နောက် အဘိုးအိုသည် 'အင်း ... ဒီလို ညကြီးမင်းကြီးမှာ ဒီအကြောင်း ပြောပြီးတော့ တို့နှစ်ယောက် အရူးထနေလို့ မဖြစ်သေးဘူး။ အိပ်မက်ဆိုတာမျိုးဟာ တကယ်တမ်း ဘာမှတော့ မဟုတ်ပါဘူး'ဟု ပြော၍ သူတို့ ပြန်အိပ်ပျော်သွားကြသည်။

ထိုအချိန်တွင် သူခိုးတစ်သိုက်သည် အရွယ်အိုမောင်နှံ၏ နေအိမ်အနီးမှ ဖြတ်သွားကြလေသည်။ သူတို့သည် အခုနကပင် အဘိုးနှင့် အဘွားတို့ ပြောနေ ကြသည့် ရွှေအိုးအကြောင်း နားစွန်နားဖျား ကြားသွားကြလေပြီ။ ဤညတွင် သူခိုး များသည် မထင်မှတ်ဘဲ အလုပ်ကြီးအကိုင်ကြီးတစ်ခု ရတော့မည်ဖြစ်၍ သူတို့ ပျော်မြူးနေကြလေပြီ။ သူတို့ထဲမှ တစ်ယောက်က 'မင်းတို့ ကြားတယ်မဟုတ်လား။ ရွှေအိုး ... တဲ့ကွ။ ငါတို့တော့ စားရကံကြုံလို့ မုတ်ဆိတ် ပျားစွဲပြီဟေ့ ...'ဟု လေသံလေးဖြင့် ပြောလေသည်။

သို့နှင့် သူတို့သည် ရွာအပြင်ဘက်က မန်ကျည်းပင်ကြီးဆီသို့ ရေးကြီးသုတ် ပျာ ထွက်သွားကြသည်။ မန်ကျည်းပင်၏ အရှေ့ဘက် ခြေလှမ်းသုံးလှမ်းအကွာ နေရာသို့ သူခိုးများ ရောက်လာကြပြီး ဝမ်းပန်းတသာ တူးဆွကြလေပြီ။ များမကြာ မီ မြေကြီးထဲမှ အိုးတစ်လုံး ဘွားခနဲ ပေါ်လာလေသည်။ သူခိုးတစ်သိုက် ပျော်သွား ကြသည်မှာ လွန်ပါရော။

သို့ရာတွင် အိုးကိုဖွင့်ကြည့်သောအခါ အိုးအထဲထဲတွင် ရွှေတစ်တိုတစ်စမျှ မရှိဘဲ မြွေတစ်ကောင် ခွေခွေကလေး အိပ်ပျော်နေသည်ကိုသာ သူတို့ တွေ့ကြရ သည်။ သူခိုးများသည် ရွာထဲမှ အဘိုးအိုက သူတို့ကို ညာပြီးလှွတ်လိုက်သည်ဟု ထင်သွားကြလေပြီ။ သူတို့ စိတ်ဆိုးနေကြသည်မှာလည်း လွန်ပါရော။

www.burmeseclassic.com

www.burmeseclassic.com


'ရွာထဲမှာ ငါတို့ လျှောက်သွားနေတုန်း ရှပ် ... ရှပ် ... ရှပ် ... ဆိုတဲ့ ခြေသံတွေကြားပြီး ဒီဘိုးတော် တစ်ရေးနိုးလာမယ်'

'အိမ်ထရံပေါက်ကနေ ငါတို့ ချောင်းနားထောင်အောင် ရွှေအိုးရှိတယ်ဆိုပြီး သူ ညာပြောမယ်'

'ဒီသက်ကြားအိုက ငါတို့အားလုံး မြွေပေါက်ခံရပြီး သေသွားအောင် လုပ်တာပဲ ဖြစ်ရမယ်။ သိကြသေးတာပေါ့ကွာ ...'

သူခိုးများသည် မြေအိုးကို လုံနေအောင် အဖုံးပြန်ဖုံးပြီး ရွာထဲက အရွယ်အို ဖနီးမောင်နှံ၏ နေအိမ်ဆီသို့ သယ်သွားကြသည်။ တခေါခေါနှင့် အိပ်မောကျနေသော အဘိုးနှင့် အဘွားတို့ခမျာ သူခိုးများ နောက်တစ်ခေါက် ပြန်ရောက်လာကြသည်ကို မသိကြပေ။ သူတို့သည် အရွယ်အိုမောင်နှံ၏ အိပ်ရာခြေရင်းတွင် မြေအိုးကို ချထားခဲ့ကြလေသည်။

သူတို့သည် 'ဒီအိုးအဖုံးကို ဖွင့်လိုက်တာနဲ့ မြွေပေါက်ခံရပြီ မှတ်ပေတော့ ဘိုးတော်ရေ ...'ဟု တီးတိုးပြောကြပြီးနောက် နေအိမ်ပေါ်မှ သုတ်ခြေတင် ဆင်းပြေး သွားကြလေသည်။

နံနက် မိုးစင်စင်လင်းသွားသောအခါ အဘွားအိုသည် အိပ်ရာမှ အရင်နိုးလာပြီး ညတုန်းက သူခိုးများ ချထားခဲ့ကြသည့် အိုးကို မြင်တွေ့သွားလေပြီ။

ထို့နောက် အဘွားအိုသည် ခင်ပွန်းဖြစ်သူအား 'ဒီမယ် ... ရှင်ရေ ...၊ ထကြည့်စမ်းပါဦးတော်'ဟု တအံ့တသြနှင့် အော်ပြောလေသည်။

'ကျွန်မတို့မက်တဲ့ အိပ်မက်ထဲက ရွှေအိုး ...၊ ဒီမှာ တွေ့နေပြီလား မသိပါဘူးတော်ရေ ...'

သို့နှင့် အဘိုးအိုသည် အိပ်ရာမှနိုးလာပြီး မြေအိုးအဖုံးကို ကပျာကယာ ဆွဲဖွင့်လိုက်လေတော့သည်။ ဤသို့ဆိုလျှင် သနားစရာ အဘိုးအိုခမျာ အိုးထဲမှ မြွေထွက်လာပြီး အကိုက်ခံရတော့မှာပဲ မဟုတ်ဘူးလား။

သို့ရာတွင် အဖုံးဖွင့်သွားသောအခါ အရောင်တဖိတ်ဖိတ် လက်နေသော ရွှေဒင်္ဂါးများ မြေအိုးနှင့်အပြည့် မြင်တွေ့ကြရလေသည်။ အဘိုးနှင့် အဘွားတို့ နှစ်ဦးသား ပျော်ရွှင်နေကြသည်မှာ လွန်ပါရော။

အခုလိုမျိုး အရွယ်အိုဖနီးမောင်နှံ အူမြူးသွားစေရန်အတွက် မန်ကျည်းပင် စောင့် နတ်က သူတို့ကိုပေးသည့် လက်ဆောင်ဖြစ်သည်ဟု သင် ရိပ်စားမိမှာပေါ့။

❑

www.burmeseclassic.com

www.burmeseclassic.com



လင်းနို့ ဘာကြောင့် ညမှာထွက်

www.burmeseclassic.com

www.burmeseclassic.com

# လင်းနို့ ဘာကြောင့် ညမှာထွက်

တစ်ခါက စေ့စပ်သေချာသော ဘုရင်တစ်ပါးသည် သူ၏ မင်းမှုထမ်းများအား အခုလို မိန့်မှာလေသည်။

'အင်း ... တိုင်းသူပြည်သား လူအများတို့ အခွန်ဒဂါးပေးဆောင်ကြရသလို ကျေးငှက်သာရကာနဲ့ တောသတ္တဝါလေးတွေလည်း နည်းနည်းပါးပါး ပေးဆောင်သင့်ကြပါရဲ့'

ထို့နောက် ဘုရင်မင်းက ဆက်၍ပြောသည်။

'ဒီတော့ ကျုပ်ရဲ့ အမှုတော်ထမ်းတွေက သူတို့ဆီကို အရောက်သွားပြီး အခွန်ဒဂါး ကောက်ယူကြစေဗျား ...'

ဘုရင့်အမိန့်တော်အရ အမှုထမ်းများသည် ပထမဆုံး တောထဲက ဆင်များထံသို့ သွား၍ အခွန်ဒဂါး ကောက်ခံကြသည်။ ထို့နောက် ကျားများထံသို့၊ ပြီးလျှင် ဝက်ဝံများထံသို့၊ ပြီးလျှင် ခြင်္သေ့များထံသို့ စသည်ဖြင့် သူတို့ သွားရောက် ကောက်ခံကြလေသည်။ သီတင်းပတ် အတန်ကြာသောအခါ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်နှင့် ငှက်ကျေး အတော်များများပင် အခွန်ပေးဆောင်ပြီးကြလေပြီ။ အခုဆိုလျှင် တစ်စတစ်စနှင့် လင်းနို့များ ပေးဆောင်ရမည့်အလှည့်သို့ နီးကပ်လာလေပြီ။

ထိုစဉ်တုန်းက လင်းနို့များသည် နေ့အခါမှာသာ အစာရှာကြ၊ သွားကြလာကြ၊ ပျံကြဝဲကြ၍ ညအခါကျမှ တခေါခေါနှင့် အိပ်တတ်ကြသည်။ အခြားကျေးငှက် တိရစ္ဆာန်များနှင့် အတူတူပဲပေါ့။ သို့ရာတွင် သူတို့သည် ပေကပ်ကပ်နှင့် သူများကို ပေးရကမ်းရမှာ စေးနှဲနေကြသည့် ဦးကပ်စေးများ ဖြစ်ကြလေသည်။

အခုလည်း ကြည့်ပါဦး။ ဘုရင်မင်းက မည်သူမဆို အခွန်ဒဂါး ပေးဆောင်ကြရမည်ဟု မိန့်မှာထားသော်လည်း သူတို့က 'အင်း ...ဟင် ...၊ ဒါ တို့နဲ့ မဆိုင်ရေးချ မဆိုင်ပါဘူး'ဟု ပြောကြလေသည်။

တစ်ရက်တွင် ဒရယ်တစ်ကောင် အစာရှာနေစဉ် လင်းနို့နှင့် ဆုံမိကြသည်။

သူက 'လင်းနို့ရေ ...၊ ဒါနဲ့ စကားမစပ်၊ ခင်ဗျား အခွန်ဒဂါး ပေးဆောင်ပြီးသွားပြီလားဗျို့ ...'ဟု မေးလေသည်။

'အယ် ...ခင်ဗျားတို့လို တာဝေးအပြေးသမားတွေပဲ ပေးဆောင်ရတာ မဟုတ်လား။ ကျုပ်တို့ ပေးဆောင်စရာ မလိုဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဒရယ်က 'မဟုတ်ပါဘူး။ ဟိုတစ်နေ့ကပဲ ခပ်ဖြည်းဖြည်းသမား လိပ်တွေတောင် ဒင်္ဂါးပေးဆောင်ပြီးသွားကြပြီဗျို့ . . .'ဟု ဆက်ပြောသည်။

'အင်း . . . ဟင် . . . ဒါတော့ ကျုပ် နားမလည်ဘူးလေ'

လင်းနို့သည် အခုလို တုံ့ပြန်ပြောပြီးနောက် မသိသလို သိသလိုနှင့် ဟိုအဝေးတောအုပ်ဆီသို့ ပျံထွက်သွားလေသည်။ မကြာမီ ချောင်းစပ်တွင် ဝက်ဝံတစ်ကောင်ရေလာသောက်စဉ် လင်းနို့နှင့် တွေ့မိကြသည်။

သူက 'လင်းနို့ရေ . . .၊ စပ်စုတယ်လို့ မထင်ပါနဲ့။ ခင်ဗျား အခွန်ဒင်္ဂါး ပေးဆောင်ပြီးပြီလားဗျို့ . . .'ဟု မေးသည်။

'အို . . . ခင်ဗျားတို့လို ဖလမောင်တွေပဲ ပေးဆောင်ရတာ မဟုတ်လား။ ကျုပ်တို့ ပေးဆောင်စရာ မလိုဘူးလေဗျာ'

ထိုအခါ ဝက်ဝံက 'မဟုတ်ပါဘူး။ ဟိုတစ်ရက်ကပဲ နှံကောင်ပိစိလေးတွေတောင် ဒင်္ဂါးပေးဆောင်ပြီးသွားကြပြီဗျို့'ဟု ဆက်ပြောသည်။

'အင်း . . . ဟင် . . . ဒါတော့ ကျုပ် မကြားမိဘူးလေ'

လင်းနို့သည် အခုလို ပြောဆိုပြီးနောက် ဘာလိုလို ညာလိုလိုနှင့် အနီးအနားကွင်းပြင်ဆီသို့ ထွက်သွားလေသည်။ အခုဆိုလျှင် ဦးကပ်စေး လင်းနို့များ အခွန်ဒင်္ဂါး ပေးဆောင်ရမည့်နေ့သို့ ရောက်လာခဲ့လေပြီ။ လင်းနို့များသည် ချုံကြိုချုံကြားတောထဲက ကျောက်ဂူကြီးတစ်လုံးထဲသို့ ဝင်ရောက်သွားကြပြီး 'ဒီလောက် မှောင်မှောင် ပိန်းပိန်းနေရာကို ဘယ်လိုလူသူစိမ်းမှ ရောက်လာနိုင်မှာ မဟုတ်ပါဘူး'ဟု ခပ်ပြုံးပြုံး ပြောကြသည်။

'ဒီနေရာဟာ တို့အတွက် အကောင်းဆုံး နားခိုရာပါပဲဟေ့ . . .'

နောက်ဆုံးတွင် ဘုရင်မင်း၏ အခွန်ဒင်္ဂါး ကောက်ခံသူများသည် ထိုနားခိုရာနေရာကောင်းလေးကိုပင် ရှာတွေ့သွားကြလေသည်။ သို့ရှာတွင် လင်းနို့များ ပါးနပ်လိုက်ကြသည်မှာ လွန်ပါရော။

အဆိုပါ ကျောက်ဂူကြီး၏ရှေ့သို့ အမှုတော်ထမ်းများ ရောက်လာချိန်တွင် လင်းနို့များသည် သူတို့၏တောင်ပံအစုံကို ကိုယ်မှာ ခေါက်သိမ်းလိုက်ကြသည်။ ပြီးတော့ သူတို့သည် အမှောင်ထဲတွင် ခပ်ကုတ်ကုတ်လေးထိုင်နေကြလေသည်။

ဘုရင့်အမှုတော်ထမ်းများသည် ကျောက်ဂူဝမှနေ၍ 'ဗျို့ . . . ဒီက အိမ်ကြီးရှင် လင်းနို့များခင်ဗျား . . . အားလုံးပဲလာပြီး အခွန်ဒင်္ဂါး ပေးဆောင်ကြပါဗျို့ . . .'ဟု လှမ်းအော်ပြောကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


မှောင်ရိပ်ထဲမှာ ထိုင်နေကြသည့် လင်းနို့များက 'အဲ ... ခင်ဗျားတို့ လူမှားနေပါပြီ။ ကျုပ်တို့ဟာ ခင်ဗျားတို့ ထင်သလို လင်းနို့တွေ မဟုတ်ကြပါဘူး'ဟု ပြန်ဖြေကြလေသည်။

'တကယ်တမ်း ကျုပ်တို့ဟာ ကျွိကျွိမြည်တဲ့ ကြွက်တွေပါ'

မှောင်ပိန်းနေသော ကျောက်ဂူထဲသို့ အမှုတော်ထမ်းများ ချောင်းကြည့်ကြသောအခါ ခပ်ငြိမ်ငြိမ်လေး ထိုင်နေကြသည့် သူတို့ကို မြင်တွေ့သွားကြသည်။

'အေးလေ ... ဒီလိုဆိုရင်လည်း ကျွိကျွိမြည်တဲ့ ကြွက်တွေ အလှည့်မှာ ခင်ဗျားတို့အားလုံး အခွန်ဒင်္ဂါး ပေးဆောင်ကြရပါမယ်ဗျို့ ...'

အခုလိုပြောပြီး အမှုတော်ထမ်းများခမျာ လာရာလမ်းသို့ လှည့်ပြန်သွားကြရလေသည်။ ထို့နောက် လင်းနို့အားလုံး ပျော်မဆုံး မော်မဆုံးဖြစ်နေကြလေပြီ။

*'ကျုပ်တို့ဟာ ... တကယ်တမ်းမှာ ... လင်းနို့စစ်စစ်တွေပါ ... ဟာ ... ဟာ ... ဟာ ...'*

သို့နှင့် ရက်အတန်ကြာသောအခါ ကြွက်များ အခွန်ဒင်္ဂါး ပေးဆောင်ရမည့်နေ့သို့ ရောက်လာလေပြီ။ ဘုရင့်အမှုတော်ထမ်းများသည် ဤကျောက်ဂူကြီးဆီသို့ နောက်တစ်ခေါက် ပြန်ရောက်လာကြလေသည်။

သူတို့က 'ဗျို့ ... ဒီက အိမ်ကြီးရှင် ကြွက်များ ခင်ဗျား ...။ အားလုံးပဲလာပြီး အခွန်ဒင်္ဂါး ပေးဆောင်ကြပါဗျို့ ...'ဟု အသံပြုကြသည်။

ကျောက်ဂူထဲတွင် ထိုင်နေကြသော လင်းနို့များက 'အဲ ... ခင်ဗျားတို့ လူမှားနေပါပြီ။ ခင်ဗျားတို့ပြောသလို ကျုပ်တို့ဟာ ကြွက်တွေ မဟုတ်ကြပါဘူး'ဟု ပြန်ပြောကြသည်။

'တကယ်တော့ ကျုပ်တို့ဟာ လေမှာ ဖရတ် ... ဖရတ် ... ပျံဝဲတတ်ကြတဲ့ လင်းနို့တွေပါ ...'

ထို့နောက် လင်းနို့များသည် သူတို့၏တောင်ပံ ကိုယ်စီကိုယ်စီကို ဖြန့်ကားပြကြလေသည်။


ဘုရင်မင်း၏ အမှုထမ်းများသည် အလွန်လည်သော လင်းနို့များအား ဘာဆက်ပြောရမည် မသိဘဲ ခေါင်းကုတ်နေကြလေပြီ။ နောက်ဆုံးတွင် သူတို့သည် ရွှေနန်းတော်သို့ ပြန်လာခဲ့ကြပြီး ဘုရင်မင်းထံသို့ လင်းနို့များအကြောင်း တိုင်ကြားကြတော့သည်။

စေ့စပ်သေချာသော ဘုရင်မင်းက 'ဤသို့ဆိုလျှင် လင်းနို့များ နေ့ခင်းအခါ

www.burmeseclassic.com

www.burmeseclassic.com

သားနဲ့ သမီး စာအုပ်တိုက်မှ
ဆက်လက်ထုတ်ဝေမည့် ကလေးစာအုပ်



# ပျော်ရွှင်ကျန်းမာတဲ့ ကလေးများဖြစ်အောင်

ဒေါက်တာသက်ဦး

သားနဲ့သမီး စာအုပ်တိုက်


www.burmeseclassic.com

www.burmeseclassic.com

သားနဲ့ သမီး စာအုပ်တိုက်မှ
ဆက်လက်ထုတ်ဝေမည့် ကလေးစာအုပ်

NOBLE MYANMAR

2016



# ပျော်ရွှင်ကျန်းမာတဲ့ ကလေးများဖြစ်အောင်

ဒေါက်တာသက်ဦး

သားနဲ့သမီး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# အကြံပိုင်သော ယုန်

## မြန်မာ့ရိုးရာ ပုံပြင်များ

လင်းစန်



ကျွန်ုပ်တို့ စီစဉ်တင်ဆက်သည့် ဤပုံပြင်စာအုပ်သည် မြန်မာ့ရိုးရာပုံပြင်များကို ချဉ်းကပ်ပုံအသစ်တစ်ခုဖြင့် ရေးသားထားသည့်တိုင် ပုံပြင်ပြောသူတို့ လိုက်နာအပ်သည့် 'မူ နှစ်ချက်'ဖြစ်သော အဓိက ဇာတ်လမ်းကျောရိုးနှင့် ပါဝင်သည့် ဇာတ်ဆောင်များ၏ အဓိက စရိုက်လက္ခဏာတို့ကို အခြေခံလျက် ဖန်တီးထားသည့် လက်ရာ ပုံပမာဇာတ်လမ်းလေးများသာ ဖြစ်ပါသည်။

www.burmeseclassic.com